Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၆၄) ခရစ်နှစ် ၂၀၀၅ ခုနှစ်၊ ဩဂုတ်လ (၁) ရက် | မြန်မာသက္ကရာဇ် (၁၃၆၇) | ( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည်။

## ရေလောင်းအိမ်သာဒီပလိုမေစီ စစ်အုပ်စုက ကျင့်သုံးနေ၊ စင်ကာပူဝန်ကြီးအား အိမ်သာတွင်း၌ သတင်းထုတ်ပြန်



လောနိုင်ငံ၊ ဗီယန်းကျင်းမြို့တွင်ကျင်းပသော (၃၈)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲ မြင်ကွင်း

မြန်မာစစ်အစိုးရသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆောင်ရွက်မှုများကို အပြည့်အဝ အာရုံစိုက်နိုင်ရန်အတွက် ၂၀၀၆ ခုနှစ် အာဆီယံဥက္ကဋ္ဌရာထူးနေရာကို စွန့်လွှတ်မည်ဟု ဇူလိုင် (၂၆) ရက်နေ့ကပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းမှ ကြေညာလိုက်သည်။ လောနိုင်ငံ၊ ဗီယင်ကျန်းမြို့တွင်ကျင်းပသော (၃၈) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးပွဲ ခေတ္တရပ်နားချိန် နေ့လည်(၂) နာရီခန့်တွင် သတင်းထောက်များကိုခေါ်ယူကာ ယခုကဲ့သို့ ကြေညာလိုက်ခြင်းဖြစ်သည်။

မူလက သတင်းစာရှင်းလင်းပွဲကို ညနေ (၄) နာရီတွင် ပြုလုပ်ရန်ဖြစ်သော်လည်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဂျော့ရိုးတို့ ရေအိမ်တွင်း၌တွေ့ဆုံစဉ် ဦးဉာဏ်ဝင်းမှ မိမိတို့အစိုးရ၏ဆုံးဖြတ်ချက်ကို ကြေညာတော့မည်ဟု ထုတ်ဖော်ပြောဆိုသောကြောင့် သတ်မှတ်ချိန်ထက်စောကာ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။ ရေလောင်းအိမ်သာ သံတမန်ဆက်ဆံရေး (Toilet Diplomacy) ဆိုသော ဝေါဟာရမှာ အာဆီယံသမိုင်းတွင် မှတ်တမ်းတင်သွားပြီဟု သံတမန်အသိုင်းအဝိုင်းတွင် တိုးတိုးကြိတ်ကြိတ် ပြောဆိုနေကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးမှတ်တမ်းများ တိုးတက်မှုမရှိခြင်းကြောင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးကို မပေးရန် အာဆီယံအဖွဲ့အစည်းများနှင့် နိုင်ငံတကာမှဖိအားပေးမှုများ သီတင်းပတ်ပေါင်းများစွာရှိနေမှုကို ယခုကြေညာချက်က အဆုံးသတ်စေခဲ့သည်။ အာဆီယံဝန်ကြီးများက မိမိတို့သည် မြန်မာနိုင်ငံ၏ဆုံးဖြတ်ချက်ကို တန်ဖိုးထားလေးစားပါကြောင်း မြန်မာနိုင်ငံအနေနှင့် တာဝန်ယူရန် အသင့်ရှိမည့်အချိန်တွင် ဥက္ကဋ္ဌရာထူးကို ယူခွင့်ပြုမည်ဆိုသည့်အကြောင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ ပူးတွဲထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

မြန်မာ့ဒီမိုကရေစီရေးကို အစဉ်တစိုက်ထောက်ခံအားပေးခဲ့သော အမေရိကန်၊ ကင်တပ်ကီပြည်နယ်၊ ရီပတ်ပလီကန် အထက်လွှတ်တော်အမတ် မစ်ချ်မက်ကောနယ်က ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ အချုပ်အနှောင်ခံနေရသရွေ့ နအဖပြောနေသည့် စစ်မှန်သည့်ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဆိုသည်မှာ မြန်မာနိုင်ငံတွင်မရှိကြောင်း၊ မြန်မာအိမ်နီးနားချင်းနိုင်ငံများအနေဖြင့် မြန်မာ့အရေးသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်နေမှုအပေါ် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆွေးနွေးပြီး မြန်မာပြည်လွတ်မြောက်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်ကြရန် တိုက်တွန်းလိုက်သည်။

နအဖအုပ်စုက ၂၀၀၆ ခုနှစ်အတွင်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းများ အာရုံစိုက်လုပ်ဆောင်ရန် အကြောင်းပြကာ အာဆီယံဥက္ကဋ္ဌရာထူးကို စွန့်လွှတ်ခဲ့ခြင်းအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်တရပ် ထုတ်ပြန်ခဲ့သည်။ ကြေညာချက်တွင် "အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်တို့ကို ဆောင်ရွက်ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားအင်အားစုများ (လက်နက်ကိုင် တိုင်းရင်းသားအင်အားစုများ အပါအဝင်) နှင့် အခြားနိုင်ငံရေးအဖွဲ့အစည်းတို့ဖြင့် နိုင်ငံရေးအဓိပ္ပါယ်ပြည့်ဝစွာ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် လေးနက်စွာတိုက်တွန်းလိုက်သည်"ဟု ဖော်ပြထားသည်။



လောနိုင်ငံ၊ ဗီယန်ကျင်းမြို့လေဆိပ်တွင် သတင်းထောက်များလက်မှ အလွတ်ရုန်းနေသော နအဖနိုင်ငံခြားရေးဝန်ကြီး ဗိုလ်ဉာဏ်ဝင်း

ဘယ်လ်ဂျီယမ်အခြေစိုက် (EURO Burma) ဥရောပရေးရာ မြန်မာရုံးတာဝန်ခံ ဦးဟန်ညောင်ရွှေက "လာအိုတို့၊ ကမ္ဘောဒီးယားတို့ လုပ်နိုင်တယ်။ ဒီနိုင်ငံတွေက ကျနော်တို့နဲ့စာရင် ဘာမှမရှိဘူး။ ခုလိုမျိုး ကျနော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ၊ အရင်တုန်းကဆိုရင် ထိုင်းထက်တောင်မှ တိုးတက်တဲ့နိုင်ငံဟာ သဘာပတိနေရာ မယူနိုင်ဘူးဆိုတာ တကယ်သိက္ခာကျတယ်လို့ ကျနော်မြင်ပါတယ်"ဟု ၍လည်းကောင်း၊ (US Campaign For Burma) မှ မူဝါဒရေးရာ ဒါရိုက်တာကိုအောင်ဒင်က "နိုင်ငံတကာမိသားစုကြီးရဲ့ မြန်မာ့ဒီမိုကရေစီရေးအပေါ်မှာ ပါဝင်ဆောင်ရွက်မှုတွေဟာ တညီတညွတ်တည်းသော လမ်းကြောင်းပေါ်သို့ ရောက်လာပါပြီ။ နအဖဟာ ဖိအားပေးခြင်းတခုကိုသာလက်ခံတဲ့ ဖိအားပေးခြင်းတခုနဲ့သာထိုက်တန်တဲ့ စစ်အာဏာရှင်ဖြစ်တယ်ဆိုတာကို နိုင်ငံအားလုံးသဘောပေါက်သည့်အခြေအနေသို့ ရောက်လာပါပြီ" ဟူ၍လည်းကောင်း သူတို့၏အမြင်များကို ထုတ်ဖော်ပြောကြားသွားကြသည်။

(စီအာရ်ပီပီ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်၊ ဇိုမီးအမျိုးသားကွန်ဂရက်မှ တိုင်းရင်းသားခေါင်းဆောင်တဦးဖြစ်သူ ဦးပူကျင့်ရှန်းထန်က "အာဆီယံဥက္ကဋ္ဌ မလုပ်ရရင်လည်း ထားလိုက်မယ်။ ကိစ္စမရှိပါဘူး။ ဒါပေမယ့် ကျနော်တို့ပြည်တွင်း



အာဆီယံ အဖွဲ့ဝင်များအား ကြိုဆိုနေသော လာအိုမိန်းမပျိုများ

စာမျက်နှာ (၃) ကော်လံ (၁) သို့ ...

## "ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေး" အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူမှ တောင်းဆို

ရန်ကုန်ရှိစစ်အုပ်စုက အာဆီယံဥက္ကဋ္ဌနေရာတာဝန်ယူရေးအား စွန့်လွှတ်လိုက်ခြင်းအပေါ် ကြိုဆိုကြောင်းဖော်ပြထားပြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးအား ခြွင်းချက်မရှိ ချက်ခြင်းလွှတ်ပေးရန် နအဖစစ်အုပ်စုအား တောင်းဆိုသောကြေညာချက်တစောင်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိပုဂ္ဂိုလ် မစ္စတာမက်ကောမက်စ်မှ ထုတ်ပြန်ကြောင်း သိရှိရသည်။

ဆက်လက်၍ မစ္စတာမက်ကောမက်စ်က စစ်အုပ်စုသည် ငြိမ်းချမ်းစွာအသွင်ကူးပြောင်းရေးဖြစ်စဉ်မှ အလှမ်းကွာဝေးနေဆဲဖြစ်ပြီး၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆိုးဆိုးဝါးဝါး ကျူးလွန်နေဆဲဖြစ်သည်ဟု မှတ်ချက်ချပြောဆိုလိုက်သည်။

ဇူလိုင် (၂၈) ရက်က (ARF) အာရှပစိဖိတ်ဒေသ လုံခြုံရေးဆွေးနွေးပွဲအပြီးတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရောဘတ်ဇိုးလစ်က မြန်မာနိုင်ငံရဲ့ ဒီကနေ့အနေအထားဟာ ပိုဆိုးလာနေသလို သွားနေတဲ့လမ်းကြောင်းက ပိုကောင်းမလာဘူးလို့ ကျနော်တို့ယုံကြည်ပါတယ်။ မြန်မာနိုင်ငံလိုနိုင်ငံမျိုးက ပြဿနာဟာ တခြားနိုင်ငံတွေအတွက် ပြဿနာဖြစ်လာနေပြီ။ ကင်ဆာရောဂါလိုပဲ တခြားနိုင်ငံတွေကို ပျံ့နှံ့ကူးစက်သွားမယ့် အန္တရာယ်ရှိနေပါတယ်ဟု သတင်းထောက်များကို ပြောကြားသွားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် အီးယူက ၂၀၀၆ ခုနှစ်တွင်ကျင်းပမည့် အာဆီယံအစည်းအဝေးတွင် စစ်အုပ်စုမှ ဥက္ကဋ္ဌတာဝန်ယူမည်ဆိုပါက သပိတ်မှောက်မည်ဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ ထိုအချက်ကို ပိုမိုလေးနက်စွာ သတိပေးသည့်အနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် ယခုလအတွင်း လောနိုင်ငံ၊ ဗီယင်ကျန်းတွင်ကျင်းပမည့် အာဆီယံဒေသဆိုင်ရာ ဖော်ရမ်အစည်းအဝေးသို့ မတက်ရောက်ပဲ သူမ၏လက်ထောက်ကိုသာ စေလွှတ်ခဲ့သည်။ ၎င်းဖော်ရမ်၏သက်တမ်း ဆယ်စုနှစ် နှစ်စုအတွင်း အမေရိကန်သံတမန်မတက် ရောက်ခြင်းမှာ ၎င်းအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု လေ့လာသူများက ဝေဖန်ပြောကြားခဲ့သည်။❖

## မင်းဆိုးကို ''မိုးကြိုး'' ပစ်ပြီ

# အနိမ့်ဆုံးဘုံလုပ်ငန်းစဉ်ကို ဖော်ထုတ်ကြ

ဇူလိုင်လ (၂၆) ရက်နေ့မှ (၂၈) ရက်နေ့အတွင်း အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ အာရှဒေသ ဖိုရမ်အစည်းအဝေးနှင့် အာဆီယံ+၃ (အမေရိကန်၊ တရုတ်၊ ဂျပန်) အစည်းအဝေးတို့ကို လောနိုင်ငံ၊ ဗီယင်ကျန်းမြို့တော်၌ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့တက်ရောက်လာသူ နအဖစစ်အုပ်စု နိုင်ငံခြားရေးဝန်ကြီး ဗိုလ်ဥာဏ်ဝင်းက သက္ကရာဇ် (၂၀၀၆) ခုနှစ်တွင် အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို မြန်မာနိုင်ငံမှ ထမ်းဆောင်မည်မဟုတ်ဟု ထုတ်ဖော်ကြေညာခဲ့သည်။

၂၀၀၆ ခုနှစ် အလှည့်ကျ အာဆီယံဥက္ကဋ္ဌတာဝန်ကို မထမ်းဆောင်နိုင်တော့ပါဟု နအဖစစ်အုပ်စုမှ ဆုံးဖြတ်လိုက်ခြင်းသည် သံတမန်ရေးရာနယ်ပယ်၌ တန်းဖိုးကြီးမားစွာ ပေးဆပ်ရင်းနှီးလျက် သူ၏ မူလရည်မှန်းချက်အတိုင်း အများပြည်သူသဘောမတူသည့် လမ်းပြမြေပုံ (၇) ချက်ကို အကောင်အထည်ဖော်ရန် ယတိပြတ်ဆုံးဖြတ်ထားပြီးဖြစ်သည်ဟူသောအဓိပ္ပါယ်ကို သက်ရောက်စေသည်။ အထူးသဖြင့် အတိုက်အခံဒီမိုကရေစီအင်အားစုများ အမျိုးသားရေးအဖွဲ့အစည်းများကို အင်အားသုံး၍ နှိမ်နှင်းမည်ဟူသော အချက်ပြချက်လည်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အားလည်း နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးရန်သဘောထားမရှိ။ ရွေးကောက်ပွဲအနိုင်ရပါတီနှင့်လည်း ညှိနှိုင်းလိုမှုမရှိ။ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ရေးအတွက် လုံးဝထည့်သွင်းမစဉ်းစားဘဲ 'ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်' မူဝါဒမျိုးဖြင့် စစ်အုပ်စုသက်ဆိုးရှည်ရေးအတွက်သာ မိုက်လုံးကြီးစွာဖြင့် တဖက်သတ်လုပ်ဆောင်တော့မည်ဟူသော နိုင်ငံရေးအဓိပ္ပါယ်ကိုဆောင်လျက်ရှိသည်။

မှန်းဆနိုင်ဖွယ်အချက်များမှာ နအဖအမျိုးသားညီလာခံသည် ၂၀၀၅ နိုဝင်ဘာတွင် အပြီးမသတ်လျှင် ၂၀၀၆ အတွင်း အပြီးသတ်လာနိုင်သည်။ ၂၀၀၅ ခုနှစ် ခြောက်သွေ့ရာသီတွင် ကေအဲန်ယူ၊ အက်စ်အက်စ်အာစီနှင့် အက်စ်အက်စ်အေ၊ ကေအဲန်ပီပီနယ်မြေများတွင် ထိုးစစ်များဆင်နွှဲလာနိုင်လာသည်။ ကြံ့ဖွံ့အဖွဲ့အား ရွေးကောက်ပွဲအတွက် ပြင်ဆင်ပြီး၊ အဲန်အယ်လ်ဒီအား နလန်မထူအောင်ချေမှုန်းပစ်မည်။ အပစ်အခတ်ရပ်စဲထားသည့်အဖွဲ့များအား လက်ထောက်ခံအဖွဲ့များအဖြစ် သွတ်သွင်းမည်။ နိုင်ငံတကာဖိအားနှင့်စပ်လျဉ်း၍လည်း တရုတ်၊ အိန္ဒိယတို့နှင့်အဆင်ပြေလျှင် ကျန်ဖိအားကိုတောင့်ခံနိုင်မည်ဟု တွက်ဆထားသည်။ တနှစ် တနှစ်လျှင် ဒေါ်လာသန်းတထောင်ကျော် ဓာတ်ငွေ့မှ ဝင်ငွေရမည်ဖြစ်သဖြင့် ဘဏ္ဍာရေးအရ ပူစရာမလိုဟု ယူဆဟန်တူသည်။ လက်ရှိ ကုလသမဂ္ဂအနေအထားကိုကြည့်၍ တစုတစည်းသော နိုင်ငံတကာဖိအားမရှိနိုင်ဟုတွက်ချက်လျက် အာဆီယံနိုင်ငံများအားလည်း သာမန်မျှသဘောထားကာ တရုတ်၊ အိန္ဒိယတို့နှင့် ဆက်ဆံရေး ကောင်းရေးကိုသာ အဓိကထားသည်။ မြန်မာနိုင်ငံ၏ထူးခြားသော ပထဝီနိုင်ငံရေး (Geopolitic) ကို လွဲမှားစွာ အသုံးချ၍ ကုလသမဂ္ဂ၏ ဝင်ရောက်စွက်ဖက်မှု အလားအလာမရှိနိုင်သည်ကိုလည်း သိထားပြီးဖြစ်လိမ့်မည်။

ဤသို့သော အခြေအနေများတွင် မြန်မာပြည်ဒီမိုကရေစီဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော လူပုဂ္ဂိုလ်များ အဖွဲ့အစည်းများအနေနှင့် ကိုင်စွဲကျင့်သုံးနေကြသော သေနင်္ဗျူဟာအခင်းအကျင်းကို ပြန်လည်စိစစ်သုံးရန် အပူတပြင်းလိုအပ်လာပေသည်။ သုံးပွင့်ဆိုင်ဆွေးနွေးပွဲများမှတဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတည်ဆောက်ရန်ဟူသောမူဝါဒသည် ယနေ့ကာလအခြေအနေများနှင့် လက်တွေ့ကျပါသေး၏လော။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို တစိုက်မတ်မတ်တောင်းဆိုနေမှုများသည်လည်း ယနေ့ပကတိအခြေအနေနှင့် ညီညွတ်ပါ၏လော။ တွေ့ဆုံဆွေးနွေးအဖြေရှာရေးသည် တမျိုးသားလုံးအတွက် အမှန်တကယ်လိုအပ်သည့်အရာဖြစ်သည်မှာ သီအိုရီအရ၊ တရားအရ အငြင်းမပွားနိုင်ပေ။ သို့သော် လက်ခုပ်ကို တစ်ဖက်တည်းတီး၍မရသကဲ့သို့ နအဖစစ်အုပ်ကမပါဝင် မလိုလားပါပဲနှင့် မည်သည့်အခါမျှ အကောင်အထည်မယ်မယ်ရရရှိသည့် တွေ့ဆုံဆွေးနွေးအဖြေ ရှာမှုဖြစ်နိုင်ချေမရှိပေ။ တွေ့ဆုံဆွေးနွေးမှုသည် အင်အားချိန်ခွင်လျှာ (Balance of power) ညီမျှနေသည့်အခါမျိုးတွင်သာ ပေါ်ပေါက်နိုင်မည်။ ယခုအချိန်၌မူ နအဖစစ်အုပ်စုက သူ့အင်အားအပေါ် အလွန်မာန်ဝင့်နေသည်။ အတိုက်အခံများ (အပစ်ခတ်ရပ်စဲရေးအဖွဲ့များအပါအဝင်) ကို အချိန်မရွေးချေမှုန်းနိုင်မည်ဟု ယူဆနေသည်။ အဲန်အယ်လ်ဒီမှာလည်း အင်မတန်အားနည်းနေသည့်အချိန်ဖြစ်သည်။ အရေးကြီးသော သတိမူစရာအချက်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာရေးကို တောင်းဆိုနေယုံမျှမရ၊ ဖန်တီးယူမှ ရနိုင်ပေမည်။ ဤအခြေအနေမျိုးနှင့်ရင်ဆိုင်နေရသော အတိုက်အခံအဖွဲ့အစည်းများ၏ အခက်အခဲမှာ ကြီးမားလှသည်။ သို့သော် နအဖ၏အခက်အခဲမှာလည်း အတိုက်အခံတို့ထက်ပို၍ ကြီးမားဆဲဖြစ်သည်။ လက်ရှိအခြေအနေနှင့်ကိုက်ညီသော သေနင်္ဗျူဟာတရပ်ကိုချမှတ်ရန် အခြေအနေအရပ်ရပ်က အပူတပြင်းတောင်းဆိုနေပြီဖြစ်သည်။ သေနင်္ဗျူဟာ၏ အခြေခံလိုအပ်ချက်မှာ ''မြန်မာပြည်၏ ပြဿနာကို ပြည်သူလူထုမှ ပါဝင်ဖြေရှင်းနိုင်ရေးအခြေအနေများကို လက်တွေ့ကျကျဖန်တီးရန်'' ဖြစ်သည်။ တနည်းအားဖြင့် အားလုံးပါဝင်နိုင်မည့် အနိမ့်ဆုံးဘုံလုပ်ငန်းစဉ် (Minimum common programme) ကို ဖော်ထုတ်ရန်ဖြစ်သည်။ ဤလုပ်ငန်းစဉ်ကို ဖော်ထုတ်အကောင်အထည်ဖော်ရေးမှာ ယနေ့ကာလ ဖွဲ့စည်းထားသော နိုင်ငံရေးပါတီများ၊ တပ်ပေါင်းစုများ၏ လက်ငင်းနှင့် ပဓာနတာဝန်ဖြစ်ပါကြောင်း ....။

❖

# နအဖစစ်အုပ်စုမှ အန်အယ်လ်ဒီအဖွဲ့ဝင်များကို မတရားဖမ်းဆီးထောင်ချမှု ဥက္ကဋ္ဌ ဦးအောင်ရွှေမှ သိတ်မှုနှင့်ပေးစာပို့ ကန့်ကွက်

နအဖစစ်အုပ်စု၏ အတိုက်အခံ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များအပေါ် ဖမ်းဆီးနှိပ်ကွပ်ခြင်း၊ အဲန်အယ်လ်ဒီရုံးဆိုင်းဘုတ်များကို အတင်းအဓမ္မဖြုတ်ခြင်းစသည့် မလျော်ကန်သည့်လုပ်ရပ်များကို ကန့်ကွက်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေမှ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ လိပ်မူ၍ ဇူလိုင်လ (၇) ရက်နေ့က ပေးပို့ခဲ့သည်။

အဲန်အယ်လ်ဒီသည် ရွေးကောက်ပွဲကော်မရှင်တွင် မှတ်ပုံတင်ထားသော တရားဝင်နိုင်ငံရေးပါတီတရပ်ဖြစ်သည်ဟု ထိုပေးစာတွင် အခိုင်အမာဖော်ပြထားသည်။ ဆက်လက်၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေတွင် ပါရှိသည့် ''နိုင်ငံရေးပါတီအဖွဲ့အစည်းဆိုသည်မှာ စစ်မှန်သည့် ပါတီစုံဒီမိုကရေစီကိုကျင့်သုံးသည့်အဖွဲ့အစည်းကို ဆိုလိုသည်''ဟူသော အပိုဒ်ကို ကိုးကားလျက် ဥပဒေကအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ စည်းရုံးရေးအဆင့်ဆင့်တွင် အဖွဲ့ဝင်ဦးရေလျော့နည်းသွားသည့်အခါ ဖြည့်စွက်ခြင်း အစားထိုးခြင်းနှင့် ပြန်လည်ဖွဲ့စည်းခွင့်ရှိရပေမည်ဟု ပေးစာတွင် တောင်းဆိုခဲ့သည်။ သို့ရာတွင် အာဏာပိုင်များမှ (၂၆၊ ၄၊ ၁၉၉၁) ညွှန်ကြားချက်အရ အဖွဲ့ချုပ်ဆိုင်းဘုတ်များအား အတင်းအဓမ္မဖြုတ်ချ၍ အမှုဆောင် (၅) ဦးထက်လျော့နည်းပါက အဖွဲ့အစည်းပျက်ပျယ်သည်ဟု ယူဆလုပ်ဆောင်ခဲ့ကြောင်း၊ ထိုကဲ့သို့ အမှုဆောင်များလျော့နည်းခြင်းမှာ အာဏာပိုင်တို့ဖိအားပေးမှု၊ အကြပ်ကိုင်မှု ခြိမ်းခြောက်မှု အတင်းအဓမ္မနှုတ်ထွက်ခိုင်းမှုတို့ကြောင့် လျော့နည်းရခြင်းဖြစ်ကြောင်း ပေးစာတွင် ထုတ်ဖော်ရေးသားထားသည်။ ယနေ့နိုင်ငံတော်တွင် ပါတီစုံစနစ်ကိုကျင့်သုံးရမည်ဟု အာဏာပိုင်များက ကြေငြာထားပြီးဖြစ်သည့်အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာလည်း ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရန် ခံယူအားပေးလျက်ရှိကြောင်း၊ ထို့ကြောင့်အစိုးရနှင့် ပြည်သူတို့အကြားပေါင်းကူးသဖွယ်ဆောင်ရွက်နေသော နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ဖိနှိပ်မှု ကန့်သတ်မှု ပိတ်ပင်တားမြစ်မှုများမရှိဘဲ မြှင့်တင်ပေးရန်သာရှိကြောင်း ထိုပေးစာတွင် ဖော်ပြထားသည်ဟု ပြည်တွင်းအဲန်အယ်လ်ဒီသတင်းရပ်ကွက်မှ သိရှိရသည်။ ❖



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဥက္ကဋ္ဌ ဦးအောင်ရွှေ

# လန်ဒန် ဗုံးခွဲတိုက်ခိုက်မှုအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကြေညာချက်ထုတ်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြောရေးဆိုခွင့်ရှိသူ ဦးလွင်

အစ္စလာမ်အစွန်းရောက်များ လက်ချက်ဖြင့် ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင်ဖြစ်ပွားခဲ့သော ဗုံးခွဲတိုက်ခိုက်မှုများကို ပြင်းထန်စွာရှုတ်ချကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဇူလိုင်လ (၈) ရက်နေ့၌ ကြေညာချက်တရပ်ထုတ်ပြန်လိုက်သည်။ ယင်းကြေညာချက်အပြည့်အစုံမှာ '(၂၀၀၅)ခုနှစ်၊ ဇူလိုင်လ (၇) ရက်နေ့နံနက်တွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့ရှိ လူစည်ကားရာ မီးရထားဘူတာရုံများ၊ ဘတ်စ်ကားဂိတ်များကို လူမဆန်စွာရက်စက်သော သူရဲဘောကြောင်သူများက အကြမ်းဖက်တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ ထိုယုတ်မာသောလုပ်ရပ်များကြောင့် ငြိမ်းချမ်းစွာ နေထိုင်လျက်ရှိကြသော လန်ဒန်သူလန်ဒန်သားများနှင့် အခြားတိုင်းသူပြည်သားများ၏ အသက်နှင့်ပစ္စည်းများ ဆုံးရှုံးခဲ့ရခြင်းနှင့် ကိုယ်အင်္ဂါချို့တဲ့ခြင်းများ ဖြစ်ခဲ့ရသည်။ သို့အတွက် လန်ဒန်သူ၊ လန်ဒန်သားများနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။ ထိုကဲ့သို့ ရက်စက်ကြမ်းကြုတ် သူရဲဘောကြောင်သူတို့၏ အတိုင်းအဆမရှိသောလုပ်ရပ်များကို ခြွင်းချက်မရှိ ပြင်းထန်စွာရှုတ်ချလိုက်သည်ဟူ၍ ဖြစ်သည်။

အဖွဲ့ချုပ်မှ ယခုကဲ့သို့ ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း နအဖစစ်အစိုးရကမူ တုန့်ပြန်ချက်တစုံတရာ မပြုလုပ်ခဲ့ပေ။ ဗုံးခွဲတိုက်ခိုက်ခံရသောနေရာများမှာ လန်ဒန်မြို့မြေအောက်ရထားဘူတာ (၃) နေရာနှင့် မြို့လယ်ရှိ ဘတ်စ်ကားတစီးတို့တွင်ဖြစ်ပြီး သေဆုံးသူ (၅၆) ဦးနှင့် ဒဏ်ရာရသူ (၇၀၀) ခန့်ရှိသည်ဟု သိရသည်။ ထို့အပြင် ယင်းဗုံးကွဲချိန်သည် စက်မှုထိပ်သီး (၈) နိုင်ငံမှ ခေါင်းဆောင်များ ဗြိတိန်နိုင်ငံတွင် အစည်းအဝေးပြုလုပ်ချိန်နှင့် တိုက်ဆိုင်နေသည့်အတွက် တကမ္ဘာလုံး လှုပ်ရှားထိတ်လန့်သွားကြရသည်။ ဗြိတိန်လူထုမှာလည်း ယင်းတိုက်ခိုက်မှုသည် ဗြိတိန်နိုင်ငံ၌မွေးဖွားသော မွတ်ဆလင်လူငယ်များဖြစ်ကြောင်းသိရ၍ အလွန်ပင်အထိတ်တလန့်ဖြစ်ခဲ့ရသည်။ ❖



# အဲန်အယ်လ်ဒီ ရုံးချုပ်၌ (၅၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ

ဇူလိုင်လ (၁၉) ရက်နေ့လည်က ဗဟန်းမြို့ ရွှေဂုံတိုင် အဲန်အယ်လ်ဒီရုံးချုပ်၌ (၅၈) ကြိမ်မြောက် အာဇာနည်နေ့ကို ကျင်းပခဲ့ရာ ပရိသတ် (၄၀၀) ခန့် တက်ရောက်ခဲ့ကြသည်။ နံနက်ပိုင်းတွင် အာဇာနည်ခေါင်းဆောင်များအတွက် ဆွမ်းကျွေးအမျှဝေခြင်းနှင့် (၁၀) နာရီ (၃၇) မိနစ်အချိန်တွင် ဥသြဆွဲ၍ ဂုဏ်ပြုအလေးပြုခဲ့ကြသည်။ အခမ်းအနားသို့ ဦးအေးသာအောင်၊ ဦးနိုင်ထွန်းသိန်း စသော (စီအာရ်ပီပီ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်များ၊ ဦးစောမရအောင်၊ ဦးထောင်ကိုထန်းစသော တိုင်းရင်းသားခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးသမားကြီးများ၊ မင်းကိုနိုင်အပါအဝင် ကျောင်းသားခေါင်းဆောင်များ၊ အဲန်အယ်လ်ဒီအဖွဲ့ချုပ်ဝင်များနှင့် အမေရိကန်၊ ပြင်သစ်၊ ဂျာမဏီ သံရုံးတို့မှ သံအမတ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အန်အယ်လ်ဒီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းမှ သဘာပတိအဖြစ်ဆောင်ရွက်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဆွေးနွေးညှိနှိုင်းမှုများဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ဗိုလ်ချုပ်၏ ကြိုးပမ်းချက်မှာ နမူနာအဖြစ် အရာရောက်သည့်ကိစ္စတရပ်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် ပေါ်ပေါက်နေသည့်ပြဿနာအရပ်ရပ်ကို ဖြေရှင်းရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့သည် တိုင်းရင်းသားလူမျိုးစုများနှင့် ဗိုလ်ချုပ်တချိန်က လုပ်ခဲ့သလို အကြေအလည် ဆွေးနွေးဖြေရှင်းကြရန် လိုအပ်နေပြီဆိုတာ အထူးထင်ရှားကြောင်း၊ ထို့ကြောင့် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန်လိုအပ်နေပြီဟု တိုက်တွန်းခဲ့သည်။

အဲန်အယ်လ်ဒီ၏ (၅၈) နှစ်မြောက် အာဇာနည်နေ့ကြေညာချက်တွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦး အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ပြန်လွှတ်ပေးရန်၊ ချိတ်ပိတ်ခြင်းခံထားရသော အဲန်အယ်လ်ဒီရုံးများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်၊ နိုင်ငံရေးပါတီများအား စည်းရုံးလှုပ်ရှားခွင့်ပေးရန်တို့ကို တောင်းဆိုခဲ့သည်။ အခမ်းအနားတွင် ဆောင်းပါး၊ ကဗျာ၊ ကာတွန်းပြိုင်ပွဲဆုပေးပွဲများကိုလည်း ပြုလုပ်ခဲ့သည်။ ယခုနှစ် အာဇာနည်နေ့အခမ်းအနားတွင် အာဏာပိုင်များက လုံခြုံရေးကို ယမန်နှစ်များထက် ထူထပ်စွာချထားခဲ့ပြီး ရန်ကုန်ဗဟိုရုံးချုပ်မှလွဲ၍ အခြားမြို့များတွင် ကျင်းပခွင့်မရှိကြောင်း ရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာ အဲန်အယ်လ်ဒီ ခေါင်းဆောင်များကို သတိပေးတားမြစ်ခဲ့သည်။

နေ့လည်ပိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံနှင့် (Freedom From Fear) စာတမ်းရေးထိုးရိုက်နှိပ်ထားသော တီရှပ်အင်္ကျီများ ဝတ်ဆင်၍ အာဇာနည်ဗိမာန်သို့ ဂါရဝပြုရန် သွားရောက်ခဲ့သော အဲန်အယ်လ်ဒီအဖွဲ့ဝင် (၅) ဦးအား လုံခြုံရေးဝန်ထမ်းများက အင်္ကျီများကို ချွတ်ယူခဲ့ကြကြောင်း ကြားသိရသည်။

လွတ်လပ်ရေးဖခင် အာဇာနည် ဗိုလ်ချုပ်အောင်ဆန်း၏သမီးဖြစ်သူ အဲန်အယ်လ်ဒီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်တွင်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံနေရဆဲဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အား ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုနိုင်ရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်စဉ်နှစ်တိုင်းကဲ့သို့ပင် ဆက်သွယ်စီစဉ်ခဲ့ရာ ၎င်းကတက်ရောက်လိုမှုမရှိကြောင်း ပြောကြားခဲ့ပြီး တက်ရောက်ခြင်းမရှိခဲ့ဟု မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ကြေညာခဲ့သည်။

ယခုနှစ်နှင့်ဆိုလျှင် အာဇာနည်ဗိမာန်သို့ ဒေါ်အောင်ဆန်းစုကြည်သွားရောက်၍ ဂါရဝမပြုနိုင်ခဲ့သည်မှာ (၃) နှစ် ဆက်တိုက်ရှိခဲ့ပြီဖြစ်သည်။

❖

● မျက်နှာဖုံး အာဆီယံ သတင်းမှ ...

မှာလုပ်နေတဲ့ ဖမ်းနေတဲ့လူတွေကို ဆက်ပြီးတော့ဖမ်းမယ်။ နောက် Democratisation ဆိုတာကလည်း အခုလုပ်နေတာ တမျိုးဖြစ်နေတယ်။ ဒါ ကျနော်တို့လုပ်နေတဲ့အတိုင်း ဆက်လုပ်မယ်။ ခင်ဗျားတို့ပြောတာ နားမထောင်ဘူးဆိုတဲ့သဘော သက်ရောက်တယ်” ဟု၎င်း၏အမြင်ကို အာရ်အက်ဖ်အေသို့ ပြောကြားသည်။

သတင်းစာရှင်းလင်းပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းက ပွင့်လင်းရာသီတွင် အမျိုးသားညီလာခံကို ပြန်စမည်ဖြစ်ကြောင်း ယခု သုံးပုံနှစ်ပုံခန့်ရေးဆွဲပြီးဖြစ်သည့် အခြေခံဥပဒေမူကြမ်းကို အပြီးသတ်ရေးဆွဲပြီး ဆန္ဒခံယူပွဲပြုလုပ်ကာ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများ ကျင်းပပေးသွားမည်ဟု နအဖ၏ Road Map (၇) ချက်ကို ရှင်းပြခဲ့သည်။

ယခုအစည်းအဝေးသို့ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇာလီအစ္စမေးလ် လာရောက်ခဲ့ပြီး မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တွေ့ဆုံခွင့်ပေးပါရန် ၎င်း၏ကမ်းလှမ်းချက်ကို ဦးဉာဏ်ဝင်းမှ အလုပ်များနေသောကြောင့် တွေ့ရန်အချိန်မရှိကြောင်း အကြောင်းပြကာ ငြင်းဆိုခဲ့သည်။

(၂၀၀၅) ခုနှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံတွင် မလေးရှားက အလှည့်ကျ ဥက္ကဋ္ဌရာထူးကို လက်ခံမည်ဖြစ်သည်။ အက္ခရာစဉ်အရ မလေးရှားပြီးလျှင် မြန်မာအလှည့်ကျမည်ဖြစ်သော်လည်း ယခုဆုံးဖြတ်ချက်ကြောင့် ဖိလစ်ပိုင်က ဥက္ကဋ္ဌရာထူးကို လက်ခံရမည်ဖြစ်သည်။

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် ယခုအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်ရေးအတားအဆီးများ လျှော့ချပေးရန်၊ ပြီးခဲ့သည့်နှစ်က ကြုံတွေ့ခဲ့ရသည့် ဆူနာမီရေဘေးကဲ့သို့ သဘာဝဘေးအန္တရာယ်မျိုးကို တုန့်ပြန်ရာတွင်ပိုမို၍ ပူးပေါင်းဆောင်ရွက်မှုပြုရန်တို့ကို သဘောတူညီခဲ့ကြသည်။ ❖

---

OFFICE OF THE SUPREME HEADQUARTERS
KARAN NATIONAL UNION
KAWTHOOLEI

## ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောဘသင်စိန်၏
## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိတ်ဖွင့်ပေးစာ

ရက်စွဲ– ၂၀၀၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်



ဗိုလ်ချုပ်မှူးကြီးခင်ဗျား ....

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ယနေ့တိုင် ပြည်တွင်းစစ်ဖြစ်လျက်ရှိသည်။ ဤပြည်တွင်းစစ်သည် နိုင်ငံရေးပြဿနာကြောင့် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ ယနေ့ကာလတွင် တပြည်လုံး အေးချမ်းတည်ငြိမ်မှုမရှိခြင်းကြောင့် တိုင်းပြည်၏စီးပွားရေး ချွတ်ခြုံကျပြီး၊ ပြည်သူများ၏ စားဝတ်နေရေးမှာလည်း အထူးဆိုးရွားခက်ခဲနေပါသည်။ သန်းနှင့်ချီသော ပြည်သူများသည် အိမ်နီးချင်းနိုင်ငံများသို့ပင်ထွက်၍ မိမိဘဝရပ်တည်နိုင်ရေးအတွက် အလုပ်ရှာဖွေနေကြပြီး ဘေးဒုက္ခအလုံးစုံနှင့် ရင်ဆိုင်နေကြရပါသည်။ ပြည်တွင်းပြည်ပ နှစ်ရပ်လုံးက ဤအခြေအနေမှန်ကို သိရှိလက်ခံထားကြပါသည်။ ကျွန်ုပ်တို့အားလုံးကလည်း ဤအတိုင်း လက်ခံအသိအမှတ်ပြုရပါမည်။

မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးစုများနှင့် ၎င်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းများသည်လည်းကောင်း၊ ပြည်သူလူထုများနှင့် ၎င်းတို့ကိုကိုယ်စားပြုသော ပါတီအဖွဲ့အစည်းများသည်လည်းကောင်း တည်ရှိနေသည့် နိုင်ငံရေးပြဿနာအဝဝကိုတရားမျှတစွာ ဆွေးနွေးဖြေရှင်းလိုကြသည်။ အလားတူပင် ကရင်အမျိုးသားများနှင့် ကေအဲန်ယူသည်လည်း ကရင်အမျိုးသားတို့၏ အရေးကိစ္စများကို တရားမျှတစွာ ဆွေးနွေးဖြေရှင်းလိုကြောင်း ကြိမ်ဖန်များစွာ ဖော်ပြတောင်းဆိုခဲ့သည်ကို ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင်လည်း သိရှိထားပြီးဖြစ်ပါသည်။

ရာစုနှစ်ဝက်ကျော် ကြာရှည်ခဲ့သည့် ပြည်တွင်းစစ်ကြောင့် တိုင်းပြည်၏အခြေအနေအရပ်ရပ်အား ကြီးကြီးမားမားသက်ရောက်မှု ရှိခဲ့ပါသည်။ ထို့ကြောင့် ဤစစ်ပွဲကို အမြန်ဆုံးရပ်ဆိုင်းပြီး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် တရားမျှတစွာဆွေးနွေးဖြေရှင်းကြရန် အရေးတကြီးလိုအပ်နေကြောင်း လက်ရှိအခြေအနေအရပ်ရပ်က တောင်းဆိုလျက်ရှိပါသည်။

ကျွန်ုပ်တို့သည် တိုင်းပြည်ကိုချစ်သောစိတ်၊ လွတ်လပ်မှုနှင့်တရားမျှတမှုကို လိုလားသောစိတ်၊ တိုင်းပြည်ကိုစည်းလုံး၍ အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးစေလိုသောစိတ်ကို အရင်းခံ၍ ၁၉၉၆ ခုနှစ်တွင် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသည်။ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီဆွေးနွေးပွဲတွင်လည်း နှစ်ဦးနှစ်ဖက် အပစ်အခတ်ရပ်ဆိုင်းထားရေး သဘောတူညီချက် (Gentleman Agreement) ကို ပြုလုပ်ထားကြသည်မှာ တနှစ်ပင် ကျော်လွန်လာပြီ ဖြစ်ပါသည်။ ဤသဘောတူညီချက်သည် ဗိုလ်ချုပ်စောဗိုလ်မြနှင့် ဗိုလ်ချုပ်ခင်ညွန့်တို့အကြား ပုဂ္ဂိုလ်ရေးအရပြုလုပ်ခဲ့သည့် သဘောတူညီချက် မဟုတ်ကြောင်း နှစ်ဖက်အဖွဲ့အစည်းကြား ပြုလုပ်ခဲ့သည့် သဘောတူညီချက်ဖြစ်၍ ဤရရှိထားသည့်အခြေခံပေါ်တွင် ပိုမိုခိုင်မာသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိစေရန် နှစ်ဦးနှစ်ဖက်အကြားဆက်လက်၍ ဆွေးနွေးသွားကြရန်လိုအပ်ကြောင်း ကျွန်ုပ်၏ (၁၅–၁၁–၂၀၀၄) ရက်နေ့ ပေးစာတွင် အလေးအနက်ဖော်ပြခဲ့ပါသည်။ ဗိုလ်ချုပ်မှူးကြီးတို့ဖက်မှလည်း ဤသဘောထားကို ဝမ်းမြောက်စွာကြိုဆိုကြောင်း (၂၀–၁၁–၂၀၀၄) ရက်နေ့ စာတွင်လည်း ပြန်ကြားထားပြီးလည်း ဖြစ်ပါသည်။ ဤအရာအားလုံးသည် အပြုသဘောဆောင်သည့် ဖြစ်ထွန်းတိုးတက်မှုများဖြစ်၍ နှစ်ဖက်စလုံး ထိမ်းသိမ်းထားပြီး ပိုမိုခိုင်မာတိုးတတ်လာအောင် ဆောင်ရွက်ကြဖို့လိုအပ်ပါသည်။

ဤရရှိထားသည့် ဖြစ်ထွန်းမှုများကို ပိုမိုခိုင်မာအောင် ဆောင်ရွက်ရမည့်အခြေအနေတွင် (၂၁–၄–၂၀၀၄) ရက်နေ့ ရေး–ထားဝယ်ကားလမ်းပေါ်မှ ခြေပြတိုက်သတ်ဖြတ်မှုကြီးသည် ကေအဲန်ယူနှင့် လုံးဝပတ်သက်မှုမရှိသော်လည်း ကေအဲန်ယူအကြမ်းဖက်သောင်းကြမ်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် ရေးသားထုတ်ပြန်ခဲ့ခြင်း (၇–၅–၂၀၀၅) ရက်နေ့ ရန်ကုန်ဗုံးပေါက်ကွဲမှုသည် ကေအဲန်ယူနှင့် လုံးဝမပတ်သက်သော်လည်း ကေအဲန်ယူအကြမ်းဖက်သောင်းကြမ်းသူများ၏ အကြမ်းဖက်တိုက်ခိုက်မှုဟု သတင်းစာရှင်းလင်းပွဲတွင်လည်းကောင်း၊ သတင်းစာများတွင်လည်းကောင်း၊ လူထုအစည်းအဝေးပွဲများတွင်လည်းကောင်း ဖော်ပြခဲ့ခြင်းများသည် ကေအဲန်ယူ၏ နိုင်ငံရေးဂုဏ်သိက္ခာများစွာ ထိခိုက်စေပါသည်။ ထို့ကြောင့် ဤသို့သောစွပ်စွဲဖော်ပြချက်များကို ကျွန်ုပ်တို့ ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးမှ အလေးအနက်ကန့်ကွက်ပါသည်။

ဗိုလ်ချုပ်မှူးကြီးခင်ဗျား–

စစ်ရေးနည်းဖြင့် ဖြစ်ရှိနေသော နိုင်ငံရေးပြဿနာများကို ဖြေရှင်းနိုင်မည်မဟုတ်ကြောင်း ရာစုနှစ်ဝက်ကျော် ဖြစ်ရှိနေသော ပြည်တွင်းစစ်က ထင်ရှားစွာ သက်သေပြဆိုနေပါသည်။ ထို့ကြောင့် နိုင်ငံရေးနည်းဖြင့်သာ ပြဿနာများကို ဖြေရှင်းကြရန်လိုအပ်ပါသည်။ တိုင်းရင်းသားလူမျိုးများအတွက်လည်းကောင်း၊ ပြည်သူလူထုနှင့် ၎င်းတို့ကိုယ်စားပြုသည့် နိုင်ငံရေးပါတီများအတွက်လည်းကောင်း အကောင်းဆုံးအဖြေတခုကို ရှာဖွေနိုင်ရန် ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင် ကမကထပြုပြီး တပြည်လုံးအပစ်အခတ်ရပ်စဲရေးကြေငြာခြင်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ခြွင်းချက်မရှိလွှတ်ပေးရန်၊ ပြည်သူလူထုအား ဖိနှိပ်ချုပ်ချယ်သည့်ဥပဒေများကို ရုပ်သိမ်းခြင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆုံးဖြတ်ချက်အတိုင်း ဘက် (၃) ဘက် တွေ့ဆုံဆွေးနွေးခြင်းများကို အမြန်စတင်ဆောင်ရွက်ခြင်းပြုလုပ်ပါရန် ကျွန်ုပ်အနေဖြင့်အလေးအနက် တိုက်တွန်းလိုက်ပါသည်။

လေးစားစွာဖြင့်

စောဘသင်စိန်
ဥက္ကဋ္ဌ
ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးဗဟို

# (၅၈) ကြိမ်မြောက် အာဇာနည်နေ့ ကျင်းပခြင်းကို နအဖက ပိတ်ပင်တားမြစ်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွင် (၅၂) ကြိမ်မြောက် အာဇာနည်နေ့ ကျင်းပစဉ် တွေ့မြင်ရသော အဖွဲ့ဝင်များ

ဗမာပြည်လွတ်လပ်ရေးအတွက် အသက်ကိုစွန့်လှူခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးကို မမေ့မလျော့သောအားဖြင့် အာဇာနည်နေ့အခမ်းအနားကို ၁၉၄၇ မှစ၍ နှစ်စဉ် တခမ်းတနားအလေးအနက်ကျင်းပခဲ့ကြသော်လည်း ယခု နအဖစစ်အာဏာရှင်များလက်ထက်တွင် အာဇာနည်များ၏ ဂုဏ်သရေကို မှေးမှိန်အောင်၊ အာဇာနည်များ၏ဂုဏ်ကျေးဇူးကိုမေ့လျော့အောင် နိုင်ငံအဝှမ်း၌ အာဇာနည်နေ့အခမ်းအနားကျင်းပခြင်းများကို အာဏာရှင်များက နည်းအမျိုးမျိုးဖြင့် တားမြစ်ခဲ့ကြသည်ဟု သတင်းများအရသိရှိရသည်။

ကချင်ပြည်နယ် မြစ်ကြီးနား၊ မကွေးတိုင်း မြို့သစ်မြို့နယ်၊ မန္တလေးတိုင်း မိတ္ထီလာ၊ ချင်းပြည်နယ် ဟားခါး၊ ရေဝတီတိုင်း ဘိုကလေး၊ ပုသိမ်၊ ရန်ကုန်တိုင်း လှိုင်သာယာ၊ ကော့မှူးစသောမြို့နယ်များတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌများမှ အာဇာနည်နေ့အခမ်းအနား ကျင်းပခြင်းမပြုရန် တားမြစ်ခဲ့သည်။ ရေဝတီတိုင်း ဘိုကလေးမြို့နယ်တွင် မယကဥက္ကဋ္ဌ ဦးဝင်းမြင့်က ဘုန်းကြီးကျောင်းများအား ဘုန်းကြီးလာပင့်လျှင်မလိုက်ရဟု အမိန့်ထုတ်တားဆီးခဲ့သလို လှိုင်သာယာမြို့နယ်တွင် ကြွရောက်လာသော သံဃာတော်များ၊ သီလရှင်များကို အာဏာပိုင်များမှတားဆီး၍ သက်ဆိုင်ရာကျောင်းများသို့ ပြန်စေခဲ့သည်။ ပုသိမ်မြို့နယ်တွင်လည်း အလားတူ အာဇာနည်နေ့ခေါင်းဆောင်ကြီးများအတွက် ဆွမ်းသွတ်အမျှဝေပွဲကို ပိတ်ပင်ခဲ့သည်။

စစ်ကိုင်းတိုင်း ကလေးမြို့တွင်မူ နယ်မြေခံအာဏာပိုင်များက (၁၉) ရက်မတိုင်မီ အာရုံဆွမ်း၊ နေ့ဆွမ်းကပ်လှူမည့်သူများစာရင်းကိုကောက်ယူ၍ ဆွမ်းကပ်လှူမှုကို တားမြစ်သောကြောင့် သံဃာတော်များ ဆွမ်းအခက်ကြုံတွေ့ခဲ့ရသည်။

ရန်ကုန်တိုင်း၊ ကော့မှူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် မြောင်းမြဘဆွေက အာဇာနည်နေ့အခမ်းအနားကို ပိတ်ပင်ခြင်းနှင့်ပတ်သက်၍ ''ဒါကတော့ တမျိုးသားလုံးနဲ့ပတ်သက်တဲ့ ပြဿနာပဲ။ ဒါမလုပ်သင့် မလုပ်ထိုက်တဲ့ မဖျောက်ကောင်းတဲ့ဟာပဲ။ ဖျောက်လို့လဲမရတဲ့ဟာပဲ။ (၄၇) ခုနှစ်ကနေစပြီးတော့ (၆၂) ခုနှစ်အထိတော့ လေးလေးနက်နက်နဲ့ ခေတ်အဆက်ဆက် အစိုးရတွေက ဆောင်ရွက်ခဲ့ပါတယ်။ စစ်အစိုးရတက်ပြီး နောက်ပိုင်းကတော့ တဖြည်းဖြည်းမှေးမှိန်လာရုံတင် မကဘူး။ ခုတော့ ဖျောက်ပြစ်ခံရတော့မယ့် အနေအထားမျိုးရောက်လာပြီလို့ ထင်မြင်နေရတယ်။ သမိုင်းက ဖျောက်လို့မရဘူး။ သမိုင်းပျောက်သွားရင် လူမျိုးပါပျောက်သွားနိုင်တယ်ဟု ဒီဗွီဘီအားပြောဆိုခဲ့သည်။

မိတ္ထီလာအဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုတင်က ၁၉၄၇ တွင် အသက်ခန္ဓာလုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသော အာဇာနည်ကြီးများအား ယခု (၅၈) နှစ်အကြာ ၂၀၀၅ တွင် နာမည်နှင့်ဂုဏ်သိက္ခာကို ထပ်မံလုပ်ကြံသတ်ဖြတ်ခြင်းဟု ပြောဆိုသည်။

စစ်အစိုးရ၏ တင်းကြပ်စွာပိတ်ပင်တားဆီးမှုများကြားမှ မန္တလေးတိုင်း မလှိုင်၊ မိတ္ထီလာ၊ တောင်သာ၊ ချောက်မြို့၊ တောင်တွင်းကြီးမြို့တို့တွင် အဲန်အယ်လ်ဒီအဖွဲ့ဝင်များမှ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းကပ်လှူခြင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများအတွက် ရေစက်ချအမျှပေးဝေခြင်းများ ပြုလုပ်ခဲ့သည်ဟုသိရသည်။

# မေမြို့ အဲန်အယ်လ်ဒီအဖွဲ့ချုပ် ဆိုင်းဘုတ် အဓမ္မ ဖြုတ်ချခြင်းခံရ

နအဖစစ်အစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အင်အားယုတ်လျော့သွားအောင် နည်းမျိုးစုံဖြင့်တိုက်ခိုက်လျက်ရှိရာ ယခုလည်း အဖွဲ့ဝင်အင်အား (၅) ဦး မပြည့်ဆိုသည့် အကြောင်းပြချက်ဖြင့် မန္တလေးတိုင်း၊ မေမြို့ မြို့နယ်အဖွဲ့ချုပ်ရုံးခွဲဆိုင်းဘုတ်ကို နယ်မြေခံအာဏာပိုင်များက အဓမ္မဖြုတ်ချခဲ့သည်။ မန္တလေးတိုင်း စည်းအဖွဲ့ဝင်များက မေမြို့တွင် အဖွဲ့ဝင်အင်အား ထပ်မံဖြည့်တင်းရန် ညှိနှိုင်းဆောင်ရွက်နေစဉ်မှာပင် မြို့နယ်အဖွဲ့ချုပ် စည်းအဖွဲ့ဝင် ကိုမြင့်စိုးနှင့် အခြား (၂) ဦးကို မယကဥက္ကဋ္ဌက ခေါ်ယူတွေ့ဆုံပြီး မြို့နယ်စည်းကို ဖျက်ပေးရန်နှင့် (၁၉၈၉)ခုနှစ် ဧပြီလတွင် ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲစည်းမျဉ်းဥပဒေအရ ယင်းအဖွဲ့ချုပ်ရုံးကို ဖျက်သိမ်းလိုက်ကြောင်း ဆိုင်းဘုတ်လည်း တင်ရန်မလိုတော့ကြောင်း ခြိမ်းခြောက်ခဲ့ပြီးနောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ဖိအားပေးကာ ယခုကဲ့သို့ ဆိုင်းဘုတ်ဖြုတ်ချခဲ့သည်ဟု သိရသည်။ ယင်းကိစ္စနှင့် ပတ်သက်ပြီး အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က''အမှန်မှာ ရွေးကောက်ပွဲကော်မရှင်ဆိုသည်မှာ ရွေးကောက်ပွဲဖြစ်မြောက်ရေးအတွက်သာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ သို့သော်လည်း ရွေးကောက်ပွဲပြီးသည့်နောက်ပိုင်းတွင် ပါတီများရပ်တည်သည့်အခါတွင် စည်းကမ်းကိုင်ရန်ဆိုသည့် အကြောင်းပြချက်ဖြင့် ဥပဒေထုတ်ကာ ယင်းကော်မရှင်က ဝင်ရောက်ကိုင်တွယ်ခဲ့သည်။ အဖွဲ့ချုပ်အနေနှင့် ယင်းဥပဒေကို မကြိုက်သည့်အတွက် (၂၀၀၁) ခုနှစ်တွင် အာဏာပိုင်များထံ တရားဝင်တင်ပြပြီး အဖွဲ့ချုပ်ရုံးများကို လွတ်လပ်စွာဖွင့်ခွင့်ပေးရန် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အဖွဲ့ဝင်အင်အားတိုးမြှင့်ရေးကို မန္တလေးတိုင်း အဖွဲ့ဝင်များထံ ဆက်လက်ညွှန်ကြားသွားမည်'' ဟု ပြောပြသည်။ အဖွဲ့ချုပ်၏ အခြားပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းကလည်း ''အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ရွေးကောက်ပွဲကော်မရှင်တွင် တရားဝင်မှတ်ပုံတင်ထားသော နိုင်ငံရေးပါတီဖြစ်သည့်နှင့်အညီ ပြဋ္ဌာန်းထားသောဥပဒေအရ အဖွဲ့ဝင်ဦးရေ လျော့နည်းသွားသည့်အခါ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းနှင့် ပြန်လည်ဖွဲ့စည်းခွင့် ပေးထားသည်''ဟု ပြောသည်။ မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြကလည်း ''အဖွဲ့ဝင်အင်အား (၅) ဦး မပြည့်သည့်အတွက် ဆိုင်းဘုတ်ဖြုတ်ချခဲ့ခြင်းဖြစ်သဖြင့် မေမြို့မြို့နယ်စည်းအဖွဲ့ကို စနစ်တကျပြန်လည်ဖွဲ့စည်းပြီး အဖွဲ့ဝင်အင်အားတိုးမြှင့်ရေးကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်''ဟု ပြောပြသည်။ မေမြို့မြို့နယ် အဖွဲ့ချုပ်ရုံးအတွက် ငှားရမ်းထားသောအိမ်ပိုင်ရှင်ကိုလည်း အိမ်ဆက် မငှားရန် ဖိအားပေးနေကြောင်း သိရှိရသည်။ ❖



မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြ

[redacted]

# ဒီမိုကရေစီရရှိရေးနှင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝါရှင်တန်မှာ ကျင်းပနေ

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ ဒီမိုကရေစီအင်အားစုများသည် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးနှင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် အစာငတ်ခံတောင်းဆိုပွဲနှင့် ခရီးရှည်ချီတက်ပွဲကို အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးခဲ့သည့် ဇူလိုင်လ (၁၉) ရက်နေ့မှ စတင်၍ လှုပ်ရှားခဲ့ကြသည်။ ပထမအဆင့်အနေနှင့် ယင်းတို့သည် ဝါရှင်တန်မြို့တွင် (၁၉) ရက်ကြာ ဆန္ဒပြမည်ဖြစ်ပြီး ဒုတိယအဆင့်အဖြစ် ရှစ်လေးလုံးအရေးတော်ပုံကြီးစတင်ခဲ့သည့် ဩဂုတ်လ (၈) ရက်နေ့တွင် မိုင်(၃၀၀) ခရီးရှည်ချီတက်ပွဲ စတင်မည်ဖြစ်သည်။ ထိုအစီအစဉ်ကို ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းရေးမူကို ဂုဏ်ပြုသည့်အနေနှင့် ဝါရှင်တန်ရှိ မဟာတ္တမဂန္ဒီရုပ်တုရှေ့မှ စတင်မည်ဟုသိရသည်။ ထိုအစီအစဉ်စတင်သည့်နေ့မှာပင် ဆန္ဒပြပွဲကိုဦးဆောင်သူ ဦးဟန်လင်း၊ ဒီပဲယင်းလုပ်ကြံမှုကြီးမှ လွတ်မြောက်လာခဲ့သော ဒေါ်ညွန့်ညွန့်၊ မကဒတ တပ်ဖွဲ့ဝင် ရဲမေဟောင်း ဒေါ်နုနုအေး၊ ကိုမောင်မောင်တင့်နှင့် ကိုစောငိုတို့ (၅) ယောက်က သမတအိမ်တော်ရှေ့တွင် ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ငြိမ်းချမ်းစွာဆန္ဒပြခဲ့ကြသည်။ ထိုလှုပ်ရှားမှုအစီအစဉ်အရ ဒီမိုကရေစီအင်အားစုများသည် ယခုအချိန်အထိ သမတအိမ်တော်၊ အမေရိကန်လွှတ်တော်၊ ဗြိတိန်နှင့်အမေရိကန်ရှိ အာဆီယံသံရုံးများရှေ့တွင် သွားရောက် ဆန္ဒပြခဲ့ကြပြီးဖြစ်သည်။ ထိုသို့ဆန္ဒပြကြရာတွင် 'မြန်မာပြည်နှင့် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပါစေ'ဆိုသော ဆိုင်းဘုတ်နှင့် 'ဗမာပြည်နှင့် စစ်အုပ်စုကို မထောက်ခံပါနှင့်'ဆိုသော စာတန်းတို့ကို ကိုင်ဆောင်ထားကြသည်။ ဒေါ်ညွန့်ညွန့်က''မိမိ၏ အဓိကခံစားချက်မှာ ဒီပဲယင်းကိစ္စနှင့် ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် အဖမ်းခံထားရခြင်းမှ မလွတ်မြောက်သေးခြင်းနှင့် ဒီပဲယင်းအဖြစ်မှန် မပေါ်ပေါက်သေးခြင်းတို့ဖြစ်ပြီး ယင်းကြောင့်ပင် ယခုဆန္ဒပြပွဲသို့ လိုက်လာခဲ့ခြင်းဖြစ်သည်''ဟု ပြောပြသည်။

''ယင်းလှုပ်ရှားမှုကြီးကို စစ်အုပ်စု အာဏာသိမ်းခဲ့သော စက်တင်ဘာလ (၁၈) ရက်နေ့အထိ ပြုလုပ်သွားမည်ဖြစ်ပြီး နယူးယောက်မြို့ ကုလသမဂ္ဂရုံးချုပ်ရှေ့တွင် ထိုခရီးရှည်ကို အဆုံးသတ် ရပ်နားမည်ဖြစ်သည်။ ယင်းနောက် ထိုရုံးချုပ်ရှေ့မှာပင် အစာငတ်ခံဆန္ဒပြပွဲကို ဆက်လက်ကျင်းပသွားမည်''ဟု ဦးဟန်လင်းက ပြောပြသည်။ နယူးယောက်မြို့အခြေစိုက် ဘားမားပွိုင့်အဖွဲ့ကလည်း နအဖနှင့် စီးပွားရေးလုပ်ကိုင်နေသော စင်ကာပူအစိုးရကို ကန့်ကွက်သည့်အနေနှင့် စင်ကာပူသံရုံးရှေ့သို့ သွားရောက်ဆန္ဒပြခဲ့ကြသည်။ ယင်းအဖွဲ့မှ ကိုဝင်းရှိန်က ''စင်ကာပူအနေနှင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး လုပ်ဆောင်မှုများသည် ပြတ်ပြတ်သားသား မရှိခဲ့ပါ၊ ယခုလက်ရှိ စင်ကာပူ၏ရင်းနှီးမြှုပ်နှံမှုများသည် ယခင်ကထက် ပိုမိုများပြားလာပြီး ထိုအထဲတွင် လက်နက်ရောင်းချမှုလည်း ပါဝင်သည်ဟုသိရသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက်ကိုမူ အလျဉ်းထည့်သွင်းစဉ်းစားခြင်း မပြုခဲ့ပါ။ သူမလွတ်မြောက်ရေးသည် မြန်မာပြည်အတွက် အရေးအကြီးဆုံးဖြစ်သည်ဟု ယုံကြည်သည့်အတွက် စင်ကာပူအစိုးရကို ဆန္ဒပြတောင်းဆိုရခြင်းဖြစ်သည်''ဟု ဒီဗွီဘီ သတင်းဌာနသို့ ရှင်းပြခဲ့သည်။ ယင်း ဘားမားပွိုင့်အဖွဲ့သည် မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးတွင် ကုလသမဂ္ဂမှ ထိရောက်စွာ ဝင်ရောက်ဖြေရှင်းပေးရန် အပတ်စဉ် အင်္ဂါနေ့တိုင်း ယူအဲန်ရုံးရှေ့ ငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုနေသော အဖွဲ့ဖြစ်သည်။ ဝါရှင်တန်အခြေစိုက် ဒီမိုကရက်တစ်မြန်မာကျောင်းသားများအဖွဲ့ကလည်း (၁၇၁) ကြိမ်မြောက် အာဏာရှင်ဆန့်ကျင်ရေး လူထုလွတ်မြောက်ရေးဆန္ဒပြပွဲကို ဇူလိုင်လ (၂၄) ရက်နေ့က နအဖစစ်သံရုံးရှေ့တွင် ပြုလုပ်ခဲ့သည်။ ❖

# ကချင်ပြည်နယ် ဗန်းမော်အဖွဲ့ချုပ်ဝင်များ ပုံမှန်လပတ်အစည်းအဝေးကျင်းပ

ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် အဖွဲ့ချုပ်ဝင်များ၏ ပုံမှန်လပတ်အစည်းအဝေးကို ဇူလိုင်လ (၃) ရက်နေ့က ပြန်ကြားရေးတာဝန်ခံ ဦးဇော်သင်း၏နေအိမ်တွင် ကျင်းပခဲ့သည်။ အစည်းအဝေးသို့ ဗန်းမော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းရွှေ၊ ဒုဥက္ကဋ္ဌ ဦးဘမြင့်၊ အတွင်းရေးမှူး မရန်ဘောက်နှင့် မြို့နယ် (စည်း) အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အိုင်အယ်လ်အို၊ အာဆီယံ၊ ကုလသမဂ္ဂတို့၏ မြန်မာနိုင်ငံအပေါ် သဘောထားနှင့် လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများကို ဝေဖန်သုံးသပ်ကြပြီး အဖွဲ့ဝင်သစ်တိုးမြှင့်ရေးကိစ္စကိုလည်း ဆွေးနွေးခဲ့သည်ဟုသိရသည်။ ပြန်ကြားရေးတာဝန်ခံ ဦးဇော်သင်းက ''ကျနော်တို့က တော့ အိုလို့ပဲဖြစ်ဖြစ် သေသွားသည့်တိုင်အောင် ဇွဲကိုမလျော့ပါဘူး ရှေ့လျှောက် ဒီမိုကရေစီရရှိရေး ဆက်လက်ကြိုးပမ်းသွားမှာပါ။ ကျနော်တို့ ဗဟိုနဲ့ဝေးကွာနေတော့ ဗဟိုရဲ့လမ်းညွှန်ချက်နဲ့အညီ ရှိတဲ့အခါရှိမယ်။ ကျနော်တို့ လုပ်ထုံးလုပ်နည်းနဲ့အညီ လုပ်သင့်လုပ်ထိုက်တာကိုလည်း လုပ်သွားမယ်'' ဟုပြောသည်။

ဗန်းမော်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြို့နယ် (စည်း) (၂၁)ဦး အပြည့်ရှိပြီး လပတ်အစည်းအဝေးများကို လစဉ် ပထမပတ်၏ တနင်္ဂနွေနေ့တိုင်းကျင်းပလေ့ရှိသည်။

❖

၂၀၀၁ ခု၊ စက်တင်ဘာ (၁၁) ရက်နေ့မှာ အယ်လ်ကိုင်ဒါအဖွဲ့ဝင် (၁၉) ယောက်ဟာ လေယာဉ်လေးစင်းကို အပိုင်စီးပြီးနောက် ကမ္ဘာ့ကုန်သွယ်ရေးဗဟိုနဲ့ ပင်တဂွန်စစ်ဌာနချုပ်ကို အဲဒီလေယာဉ်တွေနဲ့ သူတို့ကိုယ်တိုင် အသေခံပြီး ဝင်တိုက်ခဲ့ကြတယ်။ အဲဒါဟာ အသေခံ အကြမ်းဖက်မှုရဲ့ အထင်ရှားအပေါ်လွင်ဆုံး တိုက်ကွက်ဖြစ်သွားခဲ့တယ်။ တကယ်တော့အသေခံတိုက်ခိုက်မှုတွေဟာ စက်တင်ဘာ (၁၁) မတိုင်ခင်ကတည်းက ကမ္ဘာမှာ ပေါ်နေခဲ့ပါပြီ။ သီရိလင်္ကာနဲ့ လက်ဘနွန်အခြေခံတဲ့ တမီးလ်ကျားတော်လှန်ရေးအဖွဲ့ဟာ ၁၉၈၀ ခုနှစ်များ အနှောင်းပိုင်းကစပြီး အပစ်အခတ်ရပ်စဲရေးလုပ်တဲ့ ၂၀၀၂ ခုအထိ အသေခံတိုက်ခိုက်မှုတွေ တသီကြီးလုပ်ခဲ့တယ်။ တမီးလ်ကျားတွေရဲ့ အသေခံတိုက်ခိုက်မှုတွေဟာ မိမိထက် လူအင်အားလက်နက်အင်အား ပိုကြီးတဲ့ ရန်သူနဲ့ရင်ဆိုင်ရာမှာ ဘက်မညီတာကို ဘက်မျှအောင်လုပ်ဖို့ အသေအချာ စဉ်းစားတွက်ချက်ပြီးမှ မဟာဗျူဟာကျကျ သို့မဟုတ် နည်းဗျူဟာကျကျ ဆောင်ရွက်တာဖြစ်တယ်လို့ လေ့လာသူများက သုံးသပ်ခဲ့တယ်။ ၁၉၉၃ မေလမှာ သီရိလင်္ကာဝန်ကြီးချုပ် ပရိမ္မဒသကိုလည်း အသေခံဖုံးခွဲ လုပ်ကြံနိုင်ခဲ့တယ်။ ၁၉၉၉ ဒီဇင်ဘာမှာ သီရိလင်္ကာရဲ့ အမျိုးသမီးသမတ ချန်ဒရီကာ ကုမ္မာရတွန်ဂါကို အသေခံဖုံးခွဲလုပ်ကြံရာမှာတော့ မအောင်မြင်ဘဲ သမတမျက်လုံးတဖက်သာ ထွက်သွားခဲ့တယ်။ ၁၉၉၆ ဇန်နဝါရီလ ကိုလမ်ဘိုမြို့တော်က ဗဟိုဘဏ်ကို အသေခံဖုံးခွဲရာမှာ အရပ်သား (၁၀၀) လောက်သေခဲ့တယ်။ ၂၀၀၁ ခု၊ ဇူလိုင်လ ကိုလမ်ဘိုနိုင်ငံတကာလေဆိပ်ကို တမီးလ်ကျား တပ်စုတစုလုံး အကြမ်းဖက်ဝါဒလေ့လာသူ ဘရစ်ဟော့ဖမင်းပြောတာကတော့ ကမ္ဘာမှာ အသေခံအကြမ်းဖက်မှု ကျင့်သုံးတဲ့အဖွဲ့ (၃၅) ဖွဲ့ရှိပြီး ဒီထဲမှာ (၃၁) ဖွဲ့က အစ္စလာမ်ဖြစ်တယ်လို့ ဆိုပါတယ်။

တမီးလ်ကျားတွေရဲ့ အသေခံတိုက်ခိုက်မှုတွေဟာ သီရိလင်္ကာအစိုးရကို စေ့စပ်ဆွေးနွေးရေးစားပွဲဆီရောက်အောင် တွန်းအားပေးနိုင်ခဲ့တယ်လို့ တချို့က သုံးသပ်ကြသလို မရိန်းတပ်ဘားတိုက်ကို အသေခံဖုံးခွဲပစ်လို့ အင်မတန်ထောင်လွှားတဲ့ အမေရိကန် သမတရီဂင်ဟာ လက်ဘနွန်က အမေရိကန်တပ် (၂၇) ကြိမ်နဲ့ ရုရှား ချက်ချနီယာသူပုန်တွေက ၁၉ ကြိမ်လုပ်ခဲ့တယ်။ အယ်လ်ကိုင်ဒါကတော့ နာမည်ကြီးပေမယ့် အသေခံတိုက်ခိုက်မှု အကြိမ် (၂၀) လောက်ပဲ လုပ်သေးတယ်။ သို့သော် ဒီအထဲမှာ အပြစ်မဲ့အရပ်သား (၃၀၀၀) ကျော် သေခဲ့ရတဲ့၊ ရာဇဝင်တွင်သွားတဲ့ (၉/၁၁) တိုက်ခိုက်မှု ပါတယ်။

တမီးလ်ကျားတွေ၊ ပါလက်စတိုင်းတွေနဲ့ အယ်ကိုင်ဒါတွေအတွက်တော့ အသေခံတိုက်ခိုက်သူတွေဟာ အင်မတန်ဂုဏ်ရောင်ပြောင်တဲ့ အာဇာနည်တွေအဖြစ် အဖွဲ့အစည်း

# လန်ဒန်ရောက် ကာမိကာဇေ



နိုင်ငံတွေမှာ ၁၉၈၀ ခုနှစ်များကတည်းက အသေခံတိုက်ခိုက်မှုတွေ ရှိခဲ့တာဖြစ်တယ်။ ဒီထက်စောစောကို ပြန်ကြည့်ရင်တော့ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်နိုင်ငံက "ကာမိကာဇေ"လို့ ခေါ်တဲ့ လေသူရဲတွေဟာ အမေရိကန်စစ်သင်္ဘောတွေပေါ်ကို မိမိတို့ မောင်းလာတဲ့လေယာဉ်တွေနဲ့ ထိုးစိုက်ချပြီး အသေခံတိုက်ခိုက်တာတွေ လုပ်ခဲ့ဖူးတယ်။ ဒါပေမယ့် ယေဘုယျပြောရရင်တော့ (၉/၁၁) နောက်ပိုင်းမှာမှ အသေခံတိုက်ခိုက်ရေးတွေ ပိုခေတ်စားလာတာ ဖြစ်ပါတယ်။

တကယ်ကတော့ ရှေးရာဇဝင်တွေမှာ ပါတဲ့ ဘုရင်တွေ၊ ဗိုလ်ချုပ်တွေကို တိုက်ခိုက်လုပ်ကြံမှုတွေဟာ အနီးကပ်လုပ်ကြံရသူအတွက် လွတ်လမ်းမလွယ် သေဖို့များးလို့ အသေခံတိုက်ခိုက်မှုအမျိုးအစားထဲ အကျုံးဝင်ပါတယ်။ ဒီလိုခေတ်ဟောင်း အသေခံတိုက်ခိုက်မှုကနေ ခေတ်သစ်အသေခံတိုက်ခိုက်မှုကို ကူးပြောင်းသွားတဲ့ အလှည့်အပြောင်းကတော့ (၁၉၈၃) အောက်တိုဘာလက လက်ဘနွန်နိုင်ငံမှာ အစ္စလမ်မစ်ဂျီဟာဒ်အဖွဲ့က ဖုံးအပြည့် တင်ထားတဲ့ ကုန်တင်ကားကြီးနဲ့ အမေရိကန် မရိန်းတပ် စခန်းချထားတဲ့ လေးထပ်တိုက်ကြီးကို အသေခံဝင်တိုက်လို့ အမေရိကန်စစ်သား (၂၄၁) ယောက် တဘရိတ်တည်း ကျဆုံးသွားခဲ့တဲ့ ဖြစ်ရပ်ဖြစ်ပါတယ်။ အရင်တုန်းက ဖုံးခွဲလုပ်ကြံမှုတွေကို သူရဲဘောကြောင်တဲ့လုပ်ရပ်လို့ ခံရသူဘက်က တံဆိပ်ကပ်တာတွေဟာ အသေခံဖုံးခွဲမှုတွေ ပေါ်လာတဲ့အခါ တိတ်သွားတော့တယ်။ အဲဒီအစား စိတ်ရူးပေါက်သူတွေရဲ့ အဆင်ခြင်မဲ့ မိုက်ရူးရဲလုပ်ရပ်တွေအဖြစ်ပဲ သမုတ်တော့တယ်။

ဒီနေ့ကာလမှာ အသေခံတိုက်ခိုက်မှုကို ဘာသာရေးအစွန်းရောက် မွတ်စလင်တွေနဲ့ တွဲမြင်ကြပေမဲ့ ဘာသာရေးအစွန်းရောက် မဟုတ်တဲ့ ဟိန္ဒူဘာသာဝင်တမီးလ်ကျားတွေက စစ်ဆင်ရေးနည်းလမ်းတခုအဖြစ် စွမ်းစွမ်းတမံနဲ့ ကျယ်ကျယ်ပြန့်ပြန့် စတင်ကျင့်သုံးဆောင်ရွက်ခဲ့ ကြတာဖြစ်တယ်။ ဟိန္ဒူဘာသာဝင်တွေဖြစ်ပေမယ့် ဘာသာရေးကို အခြေမခံဘဲ အမျိုးသားလွတ်မြောက်ရေးကိုသာ ကြတယ်။ ဒါ့အပြင် စစ်မြေပြင်နဲ့ အလှမ်းဝေးတဲ့ ရန်သူ့နောက်တန်းကို စစ်ရဲ့အနိဋ္ဌာရုံတွေရောက်သွားအောင်နဲ့ မလုံမခြုံစိတ်ပေါ်အောင်လုပ်တာဖြစ်တယ်လို့လည်း ယူဆကြတယ်။

တမီးလ်တွေဟာ အသေခံတိုက်ခိုက်မှုတွေလုပ်ဖို့ "ကျားနက်"လို့ခေါ်တဲ့ အထူးလက်ရွေးစင်တပ်ဖွဲ့ကို ဖွဲ့စည်းထားတယ်။ ဒီအဖွဲ့ဟာ အဆင့်မြင့်စစ်သင်တန်းကို ပြင်းပြင်းထန်ထန် လေ့ကျင့်ရတယ်။ "စစ်ဆင်ရေး" မထွက်ခင်မှာ တမီးလ်တွေ အင်မတန်လေးစားကြည်ညိုလှတဲ့ ခေါင်းဆောင်ကြီး ဘဲလူးပီလေးပရာဘာခရန်နဲ့အတူ ညစာစားခွင့် ဓာတ်ပုံတွဲရိုက်ခွင့်ရတယ်။ ကျားနက်တွေတင်မကဘဲ တမီးလ်ကျားအားလုံးဟာ ရန်သူ့အဖမ်းခံရတဲ့အခါ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ဖို့ ဆိုင်ယာနိုက်အဆိပ်ဆေးပါတဲ့ ကြုတ်ကလေးတွေ လည်ပင်းမှာ ဆွဲကြိုးလုပ်ဆွဲထားတယ်။

> တကယ်ကတော့ ရှေးရာဇဝင်တွေမှာပါတဲ့ ဘုရင်တွေ၊ ဗိုလ်ချုပ်တွေကို တိုက်ခိုက်လုပ်ကြံမှုတွေဟာ အနီးကပ်လုပ်ကြံရသူအတွက် လွတ်လမ်းမလွယ် သေဖို့များးလို့ အသေခံတိုက်ခိုက်မှုအမျိုးအစားထဲ အကျုံးဝင်ပါတယ်။ ဒီလိုခေတ်ဟောင်း အသေခံတိုက်ခိုက်မှုကနေ ခေတ်သစ်အသေခံတိုက်ခိုက်မှုကို ကူးပြောင်းသွားတဲ့ အလှည့်အပြောင်းကတော့ ၁၉၈၃ အောက်တိုဘာလက လက်ဘနွန် နိုင်ငံမှာ အစစ္စလာမ်မစ်ဂျီဟာဒ်အဖွဲ့က ဖုံးအပြည့် တင်ထားတဲ့ ကုန်တင်ကားကြီးနဲ့ ...

တမီးလ်ကျားတွေရဲ့ ပထမဆုံးအသေခံတိုက်ခိုက်မှုကို ၁၉၈၇ မှာ လုပ်ခဲ့တယ်။ ဒီတိုက်ခိုက်မှုမှာ တမီးလ်ကျားတပ်ခွဲမှူးတယောက်ဟာ အစိုးရတပ်စခန်းထဲဝင်ပြီး အသေခံဖောက်ခွဲပစ်လိုက်တာ အစိုးရစစ်သား (၄၀) တဘရိတ်တည်း ကျသွားတယ်။ တမီးလ်ကျားပြောခွင့်ရပုဂ္ဂိုလ်က အသေခံတိုက်ခိုက်မှုတွေဟာ စစ်ဘက်ပစ်မှတ်တွေကိုပဲ အလေးထားတယ်လို့ဆိုပေမဲ့ နိုင်ငံရေးနဲ့ စီးပွားရေးပစ်မှတ်တွေကိုလည်း အသေခံတိုက်တာတွေ လုပ်လို့ အရပ်သား ရာပေါင်းများစွာလည်း အသက်ဆုံးခဲ့တယ်။

၁၉၉၁ မေလမှာ တမီးလ်ကျား အမျိုးသမီးတယောက်က အိန္ဒိယဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီကို အသေခံဖုံးခွဲ လုပ်ကြံ



အသေခံတိုက်ခိုက်ရာမှာ အရပ်သားတွေ သေဆုံးမှုမရှိခဲ့ဘဲ ဒဏ်ရာလောက်ပဲရခဲ့ပေမယ့် အစိုးရပိုင် အရပ်ဘက် လေကြောင်းပို့ဆောင်ရေး လေယာဉ် (၆) စီး (လေကြောင်းလိုင်းတခုလုံးရဲ့ ထက်ဝက်) နဲ့ စစ်လေယာဉ် (၈) စီး လုံးဝပျက်စီးသွားတယ်။ စုစုပေါင်း (၂၈) စီး ထိခိုက်ခဲ့တယ်။

အသေခံတိုက်ခိုက်မှုလုပ်တဲ့ တခြားအင်အားစုတခုကတော့ အစ္စလာမ်အစွန်းရောက်တွေဖြစ်ပြီး ပါလက်စတိုင်းက ဟားမာ့စ်နဲ့ အစ္စလမ္မစ်ဂျီဟာဒ်အဖွဲ့၊ လက်ဘနွန်က ဟဇ်ဘူလာအဖွဲ့၊ အီဂျစ်နိုင်ငံက မူဆလင်ညီအကိုတော်များအဖွဲ့၊ ရုရှားနိုင်ငံ ချက်ချနီယာသူပုန်အဖွဲ့နဲ့ ဆော်ဒီအာရေဗျ၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အခြေစိုက် အယ်ကိုင်ဒါအဖွဲ့တို့ဖြစ်ကြပြီး အရှေ့တောင်အာရှ မူဆလင်တွေကတော့ ဖုံးခွဲတဲ့အခါတွေမှာ အသေခံဖောက်ခွဲတာမျိုး လုပ်လေ့သိပ်မရှိကြသေးပါဘူး။ ဒါပေမယ့် အစ္စရေးထောက်လှမ်းရေးကိုယ်၌က ၁၉၈၁ မှာ အီရန်ပါလီမန်ကို အသေခံဖုံးခွဲပြီး အီရန်သမတ၊ ဝန်ကြီးချုပ်နဲ့ အစိုးရအဖွဲ့ဝင်တွေ၊ လွှတ်တော်အမတ်တွေ တရာကျော်လောက်ကို လုပ်ကြံခဲ့တယ်လို့ သတင်းထွက်တာလည်း ရှိတယ်။ အခု အများဆုံး အသေခံတိုက်ခိုက်မှုလုပ်နေတဲ့ အီရတ်တော်လှန်ရေးညွှန့်ပေါင်းကတော့ အစ္စလာမ်အစွန်းရောက်တွေသာမက သာမန် အစ္စလာမ်ဘာသာဝင် အမျိုးသားဝါဒီတွေလည်း ပါဝင်ကြတယ်။ ဒါပေမယ့် ဝါရှင်တန်အခြေစိုက် ရန်းဒ် ကော်ပိုရေးရှင်း သုတေသနအဖွဲ့က တွေကို ဒရောသောပါး ရုပ်သိမ်းသွားခဲ့ရတယ်လို့လည်း ပြောကြတယ်။

ကမ္ဘာမှာဖြစ်ခဲ့သမျှ အသေခံတိုက်ခိုက်မှုစုစုပေါင်းရဲ့ လေးပုံသုံးပုံဟာ (၉/၁၁) ကိစ္စပြီးတဲ့နောက်မှာ ပေါ်ခဲ့တာဖြစ်ပြီး အယ်လ်ကိုင်ဒါရဲ့လုပ်ရပ်က တခြားအကြမ်းဖက်သမားတွေကို အားကျအတုယူလိုစိတ်တွေဖြစ်အောင် တွန်းအားပေးခဲ့တာ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ လောလောဆယ်မှာတော့ အသေခံတိုက်ခိုက်မှု အများဆုံးဖြစ်တဲ့နိုင်ငံဟာ အီရတ်ဖြစ်နေပါပြီ။ အီရတ်နိုင်ငံမှာ မေလ တလတည်း အသေခံဖုံးခွဲမှု (၉၀) ဖြစ်ခဲ့တာဟာ အစ္စရေး–ပါလက်စတိုင်းမှာ ၁၉၉၃ ကနေ ၂၀၀၅ အထိ ဖြစ်ခဲ့တဲ့ အသေခံဖုံးခွဲမှုအရေအတွက်နဲ့ တူညီနေတယ်။ လန်ဒန်လိုမြို့ကြီးမှာ အသေခံဖုံးခွဲလိုက်တာဟာ ကမ္ဘာမှာ၊ အထူးသဖြင့် အနောက်တိုင်းမှာ အင်မတန်ဂယက်ရိုက်သွားပေမယ့် တကယ်တော့ အမေရိကန်ကျူးကျော်မှု စတင်တဲ့ ၂၀၀၃ ဧပြီက စတွက်ရင် အီရတ်မှာ အသေခံတိုက်ခိုက်မှု (၄၀၀) ကျော်ဖြစ်ပြီးနေပါပြီ။ အရင်ကဆို အသေခံတိုက်ခိုက်မှုအများဆုံးဟာ သီရိလင်္ကာဖြစ်ခဲ့တယ်။ နောက်ပိုင်းမှာ ပါလက်စတိုင်းဟာ အသေခံတိုက်ခိုက်မှု အထွန်းကားဆုံးဒေသ ဖြစ်လာတယ်။ အခုနောက်ဆုံးတော့ အီရတ်ဟာ အသေခံအကြမ်းဖက်သမားတို့ အုံလိုက်ကျင်းလိုက် အပေါက်ဖွားဆုံး ဒေသဖြစ်နေပါပြီ။

၁၉၈၀ ကနေ ၂၀၀၃ အထိကာလအတွင်း တကမ္ဘာလုံးမှာ အသေခံတိုက်ခိုက်မှုပေါင်း (၃၁၅) ခု ဖြစ်ခဲ့တဲ့အထဲမှာ သီရိလင်္ကာ တမီးလ်ကျားတွေက (၇၆) ကြိမ်၊ ပါလက်စတိုင်း ဟားမာ့စ်အဖွဲ့က (၅၄) ကြိမ်၊ ပါလက်စတိုင်း အစ္စလာမ်မစ်ဂျီဟာဒ်အဖွဲ့က ခေါင်းဆောင်တွေက အကြီးအကျယ် ချီးမြှောက်သလို လူထုထဲမှာလည်း အင်မတန်လေးစားဂုဏ်ပြုကြတယ်။ ပါလက်စတိုင်းမှာဆိုရင် အသေခံဖုံးခွဲမှုတခုဖြစ်ပြီးတာနဲ့ တခဏအတွင်း ဖုံးခွဲသူရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိဂုဏ်ပုဒ်တွေဟာ ပါလက်စတိုင်းပြည်သူတွေကြားထဲ ပြန့်သွားပြီး နေ့ချင်းညချင်း သူရဲကောင်း၊ အာဇာနည်တွေ ဖြစ်သွားတယ်။ အသေခံဖုံးခွဲသမားရဲ့ မိသားစုဟာလည်း အကြီးအကျယ်ဂုဏ်တက်သွားပြီး လူတကာလေးစားရိုသေတာ ခံရတယ်။ ဂုဏ်ပြုမှုဟာ ဘာသာရေးအရတင်မကဘဲ အမျိုးသားရေးနဲ့ ပုဂ္ဂိုလ်ရေးအရပါဖြစ်တယ်။ တခြား အာရပ်နိုင်ငံအစိုးရတွေနဲ့ အာရပ်အဲန်ဂျီအိုတွေကလည်း အသေခံတိုက်ခိုက်ရေးသမားရဲ့ ကျန်ရစ်သူမိသားစုကို ဝိုင်းဝန်းထောက်ပံ့ကြည့်ရှုပေးကြတဲ့အတွက် အစ္စရေးအစိုးရက ကျန်ရစ်သူမိသားစုရဲ့နေအိမ်ကို ဘူဒိုဇာနဲ့ ဖြိုပစ်ပြီး စိတ်ဓာတ်မတက်အောင်လုပ် လက်စားချေလေ့ရှိတယ်။

အသေခံဖုံးခွဲသူတိုင်း ဘာသာရေးအစွန်းရောက်မဟုတ်တာကိုတော့ တက္ကသိုလ်ဘွဲ့ရ ပါလက်စတိုင်းအမျိုးသမီးငယ်တွေကိုယ်တိုင် အသေခံဖုံးခွဲတာမျိုးက သက်သေပြနေသလို အီရတ်နိုင်ငံက အသေခံအကြမ်းဖက်သမားတိုင်းကလည်း ဘာသာရေးအခြေခံဝါဒီမဟုတ်ဘူးလို့ ရှီကာဂိုတက္ကသိုလ် နိုင်ငံရေးသိပ္ပံပါမောက္ခ ရောဘတ်ပိပ်က အကဲဖြတ်တယ်။ အယ်လ်ကိုင်ဒါတောင်မှ အသေခံအကြမ်းဖက်မှုတွေကို ဘာသာရေးအစွန်းရောက်သမားတွေ အခြေခံအသုံးချပြီး ခေါင်းဆောင်ပိုင်းက မဟာဗျူဟာကျကျ စဉ်းစားဆောင်ရွက်တာဖြစ်တယ်လို့ ပိပ်က ဆိုတယ်။

အသေခံဖုံးခွဲတဲ့အခါ ပြေးလမ်းကို စဉ်းစားထားစရာမလိုသလို ဖုံးတွေကလည်း နောက်ဖေးမီးဖိုချောင်မှာတင် လုပ်လို့ရပြီး ကိုယ်ပေါ်မှာ ပုံစံနည်းနည်းပြောင်းထားတဲ့ ဝေ့စ်ကုတ် (သို့မဟုတ်) ခါးပတ်နဲ့ ပတ်ယူ

စာမျက်နှာ (၁၄) ကော်လံ (၁) သို့ ...

# ထိုင်းနိုင်ငံတောင်ပိုင်းဒေသက အပယ်ခံဘဝများ

အေးညိုလှ

လှပတဲ့ ပင်လယ်ကမ်းခြေနဲ့ အဆင့်အတန်းမြင့်တဲ့ ဘန်ဂလိုတွေကြောင့် အရင်က နိုင်ငံခြားသားခရီးသွားတွေနဲ့ စည်ကားခဲ့တဲ့ ဒီဒေသဟာ အခုတော့ သုသာန်တစပြင်လို ကြေမွပျက်ဆီးခဲ့ရပါပြီ။ တကယ်တော့ အနောက်နိုင်ငံသားတွေ လာရောက်အပန်းဖြေလေ့ရှိတဲ့ ခေါင်လတ်ဒေသက ဘန်ဂလိုအားလုံးကို ထိုင်းအလုပ်ရှင်တွေက ပိုင်ဆိုင်ထားပြီး ဒီဘန်ဂလိုတွေကို အသက်၊ သွေးချွေးနဲ့ရင်းပြီး ဆောက်ပေးခဲ့ကြရတာကတော့ မြန်မာအလုပ်သမားတွေပါ။

'ရဲတွေလာပြီ ပြေးပြေးဆိုတော့ ကျမတို့အားလုံး ဝရုန်းသုန်းကားနဲ့ ခြေဦးတဲ့ရာပြေးကြတာပေါ့။ အဲဒီအချိန်မှာ မိုးပေါ်ကနေ စက်သေနတ်နဲ့ ဒရစပ်ပစ်သလို အသံတွေကြားရတယ်။ ကျမတို့အထဲက တယောက်ကဟော့ ဗမာပြည်မှာ အရေးအခင်းဖြစ်တုန်းက စစ်တပ်က မြေကြီးပေါ်ကပဲ ပစ်တာ။ အခု ထိုင်းရဲတွေက မိုးပေါ်က ပစ်သလားဟလို့ ပြေးနေယင်းနဲ့ ခပ်နောက်နောက် လှမ်းပြောတယ်။ အဲဒီအချိန်မှာ အန္တရာယ်ဟာ ဘာလဲဆိုတာ ကျမတို့ မသိသေးဘူး။ ဒါပေမယ့် သူ့စကားတောင် မဆုံးသေးဘူး ရေဘမလှိုင်းလုံးကြီးတလုံးက ဝုန်းဆို ကျမတို့ အားလုံးကို ရိုက်ချလိုက်တာ၊ ဇီးဖြူသီး တွေအများကြီးထဲ့ထားတဲ့ ဖန်အိုးကြီးတလုံးကို ရိုက်ခွဲလိုက်သလိုပဲ ကျမတို့ အားလုံးလွင့်စင်သွားတယ် အမရဲ့ ....''

စိတ်အားထက်သန်စွာ ပြောပြနေတဲ့ အသက် (၂၈) နှစ်အရွယ် မမိုးဆိုတဲ့ အလုပ်သမလေးရဲ့ မျက်လုံးတွေဟာ သူတို့အသက်လုပြီး ပြေးခဲ့ရပုံကို ရီချင်စိတ်နဲ့ တခါတရံ လင်းလက်သွားသလို တခါတခါကျ နာကြည်းစိတ်နဲ့ မှိုင်းညို့သွားတာကို ကျမ သတိထားမိခဲ့ပါတယ်။ အသားမဲမဲ၊ နှာခေါင်းပြားပြား၊ ကိုယ်ဟန်ပြည့်ပြည့်နဲ့ ဆင်းရဲနွမ်းပါးတဲ့ အဝတ်အစားတွေကို ဝတ်ဆင်ထားပေမယ့် သူ့အသက်ငယ်ရွယ်သေးတာကို ဘယ်လိုမှ ငြင်းလို့မရပါဘူး။ ဒါပေမယ့် သူ့မှာ ကလေး (၂) ယောက်ရှိပြီး အကြီးကောင်က (၇) နှစ်လေလို့ ပြောတဲ့အခါမှာတော့ ကျမ အနည်းငယ်အံ့ဩသွားမိပါတယ်။ ညိုမောင်းလှတဲ့ သူ့ရဲ့ ညာဘက်လက်မှာ လက်ခလယ်တချောင်း ပြတ်နေပြီး ကျန် (၂) ချောင်းကပါ လိမ်ကောက်နေတာကြောင့် အဲဒါ ဆူနာမီထိတုန်းက ဒဏ်ရာရခဲ့တာလားလို့ ကျမမေးကြည့်တော့ သူ့မျက်လုံးအိမ်မှာ ချက်ချင်းဆိုသလို မျက်ရည်ကြည်တွေ ပြည့်လျှံလာပါတော့တယ်။

''အဲဒီနေ့က ကျမလေ ရေလှိုင်းကြီးအရိုက်ခံရပြီးအဝေးကြီးကို လွင့်စင်သွားတယ်၊ ဒါပေမယ့် ကျမသတိမလစ်ဘူး ရေလှိုင်းကရိုက်ပြီးရင် ပင်လယ်ထဲကို ပြန်ဆွဲချသွားတာအမရဲ့၊ ကျမ ကြောက်အားလန့်အားနဲ့ ကမ်းစပ်နားမှာလဲကျနေတဲ့ ရေစင်ကြီးကို တအားဖက်ထားတာပေါ့။ ဘေးပတ်ဝန်းကျင်မှာလည်း အလောင်းတွေက မြင်မကောင်းဘူး၊ ကိုယ့်သူငယ်ချင်းတွေ ဗမာတွေသေနေတာ။ ရေထဲမျောနေတာလည်း မြင်နေရတယ်။ ထိုင်းတွေလည်း အများကြီးဘဲ။ ကျမမျက်နှာရယ်၊ ပေါင်ရယ်၊ ညာဘက်လက်ရယ်မှာ သစ်လုံးတွေနဲ့ဆောင့်မိပြီး ဒဏ်ရာတွေရထားတယ်၊ နာလိုက်တာအရမ်းပါပဲ။ အဲဒီအချိန်မှာ ကယ်ဆယ်ရေးလုပ်သားတွေ (၁၀) ယောက်လောက် ပြေးလာနေတာမြင်ရတော့ ကျမလေ ဝမ်းသာလုံးဆို့ပြီး ကယ်ကြပါဦးလို့ ဗမာလို လှမ်းအော်လိုက်တာပေါ့။ ဒါပေမယ့် သူတို့လေ .... သူတို့ ကျမနားကိုရောက်လို့ ဗမာမှန်းလည်း သိရော ကျမကို ပစ်ထားခဲ့ကြတယ်အမရယ်''

တိုးတိတ်တုန်ယင်တဲ့ စကားသံအဆုံးမှာ မမိုးတယောက် ခေါင်းကိုငုံ့ချလိုက်ပြီး ဝမ်းနည်းကြေကွဲစွာ ရှိုက်ငိုနေတာကြောင့် (၁၀) ပေပတ်လည် အလုပ်သမားတန်းလျား အခန်းကျဉ်းလေးတခုလုံး တိတ်ဆိတ်ငြိမ်သက်သွားပါတော့တယ်။ တကယ်တော့ ဆူနာမီဘေးဆိုးကြီး အပြင်းထန်ဆုံးခံခဲ့ရတဲ့ ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင် ခေါင်လတ်ဒေသ ခိတ်ရွာကလေးက မြန်မာအလုပ်သမားတွေရဲ့ တန်းလျားကို ပြီးခဲ့တဲ့မေလ (၄) ရက်နေ့က ကျမ စတင်ရောက်ရှိခဲ့တာပါ။ အဲဒီအချိန်မှာ အာရှတိုက်တခုလုံးကို တုန်လှုပ်ချောက်ခြားစေခဲ့တဲ့ ဆူနာမီဘေးဆိုးကြီး ရိုက်ခတ်ခဲ့တာ (၅) လနီးပါးကြာခဲ့ပါပြီ။ ဒါပေမယ့် မြန်မာဆူနာမီဒုက္ခသည်တွေရဲ့ အခြေအနေကတော့ ထိုင်းအစိုးရနဲ့ နိုင်ငံတကာရဲ့ အကူအညီကို လုံးဝနီးပါးမရရှိတာကြောင့် အလုပ်လက်မဲ့ဖြစ်နေဆဲ၊ စားဝတ်နေရေး၊ ကျန်းမာရေး အခက်အခဲတွေနဲ့ ကြုံတွေ့နေရဆဲပါပဲ။

ပိုဆိုးတာကတော့ တရားမဝင်လာရောက်နေထိုင်တယ်။ ဗမာတွေဟာ ခိုးဆိုးလုယက်တယ်ဆိုတဲ့ ဒေသခံထိုင်းတွေရဲ့ မူလကထဲက နှိမ့်ချဆက်ဆံမှုတွေဟာ ဆူနာမီဘေးဆိုးကြီးအတွင်းနဲ့ နောက်ပိုင်းကာလတွေမှာ ပိုပြီး သိသာထင်ရှားလာခဲ့တာပဲဖြစ်ပါတယ်။ အသက်ဘေးနဲ့ ကြုံရချိန်မှာတောင် ဗမာဆိုပြီး လူသားချင်းစာနာမှုကင်းမဲ့စွာ မမိုးလိုခွဲခြားဆက်ဆံခံရတာတွေရှိခဲ့သလို၊ နောက်ပိုင်း ဆေးဝါးကုသမှုနဲ့ ကယ်ဆယ်ရေးကိစ္စတွေမှာလဲ တလျှောက်လုံး ပစ်ပယ်ခံထားကြရပါတယ်။ ဆူနာမီလှိုင်းလုံးကြီးတွေ ရိုက်ခတ်ခံခဲ့ရတဲ့ (၂၀၀၄) ခုနှစ် ဒီဇင်ဘာလ (၂၆) ရက်နေ့မှာ ထိုင်းကယ်ဆယ်ရေးလုပ်သားတွေရဲ့ စွန့်ပစ်ခံခဲ့ရတဲ့ မမိုးဟာ ကံကောင်းထောက်မစွာနဲ့ နိုင်ငံခြားသူ အမျိုးသမီးတယောက်ရဲ့ ကယ်ဆယ်စောင့်ရှောက်မှုကို ခံခဲ့ရပါတယ်။ အဲဒီနောက် တကွာပါမြို့ဆေးရုံကို ရောက်ရှိခဲ့ပြီး သူရဲ့ဒဏ်ရာတွေကို တလနီးပါးကြာ ကုသမှုခံယူခဲ့ရပါတယ်။ သစ်လုံးတွေနဲ့ ဆောင့်မိတဲ့ဒဏ်ရာကြောင့် ညာဘက်လက်က လက်ခလယ်လေးတချောင်းကိုဖြတ်လိုက်ရပြီး ကျန်ကျိုးကြေသွားတဲ့ လက်ချောင်းလေး (၂) ချောင်းကိုလည်း စတီးရိုးနဲ့အစားထိုးကုသခဲ့ရပါတယ်။ ကျမနဲ့ တွေ့ဆုံချိန်မှာတော့ မမိုးဟာ အယင်ကလို ဆောက်လုပ်ရေးဆိုက်မှာ ပန်းရံအလုပ်တွေကို ပြန်မလုပ်နိုင်တော့ပါဘူး။

''လက်က မသန်တော့ အယင်ကလို အလုပ်ကြမ်းတွေ မလုပ်နိုင်တော့ဘူး။ အိမ်အလုပ်တောင် အနိုင်နိုင်လုပ်နေရတယ်။ အခုဆို ယောကျ်ားလုပ်စာတခုပဲ ထိုင်စားနေရတယ်။ ဆူနာမီဖြစ်ပြီးမှ အလုပ်ကလည်း ပုံမှန်မရှိဘူးလေ။ တပတ်မှာ အလုပ်ဆင်းရတာက (၂) ရက်၊ နားနေရတာက (၅) ရက်လောက်ဖြစ်နေတယ်။ ကလေး (၂) ယောက်နဲ့ ဝင်ငွေကမရှိတော့ အကြွေးလည်ပင်းရောက်နေပြီ။ အခု သားအကြီးလေးကို မကျွေးနိုင်တော့လို့ ဗမာပြည်က မိဘတွေဆီ ပြန်ပို့မလားလို့ စဉ်းစားနေတာ။ စားရိတ်မရှိလို့ မပို့နိုင်သေးဘူး။ ထိုင်းဒုက္ခသည်တွေအတွက် အကူအညီတွေ များလှပေမယ့် ကျမတို့ ဗမာတွေအတွက်တော့ ကူမယ့်သူ ရှားလှတယ် အမရယ်'' နွမ်းလျတဲ့ မျက်နှာနဲ့သူ့ရဲ့ စကားသံတွေအဆုံးမှာတော့ သူ့ရင်ထဲက သောကနဲ့အပူမီးက ကျမရင်ကို ကူးစက်ပြန့်နှံ့လာပါတော့တယ်။

တကယ်တော့ အဲဒီနေ့က ခိတ်အလုပ်ဆိုက်မှာ ကျမတွေ့ခဲ့ရတာ မမိုးတယောက်ထဲတင်မဟုတ်ပါဘူး။ မမြင့်ကြည်ဆိုတဲ့ ပန်းရံအလုပ်သမတဦးရဲ့ (၁၀) ပေပတ်လည်အခန်းအကျဉ်းလေးထဲမှာ ပန်းရံအလုပ်သမား (၁၅) ယောက်လောက်ကို ကျမတွေ့ခွင့်ရခဲ့တာပါ။ သူတို့အားလုံး ဆူနာမီဘေးဆိုးကြီးက လွတ်မြောက်ခဲ့ကြပေမယ့် သူတို့ရဲ့ခင်ပွန်း၊ ဇနီး၊ သားသမီးနဲ့ အနည်းဆုံး ဆွေမျိုးညီအကို မောင်နှမတဦးဦးတော့ သေဆုံးပျောက်ဆုံးခဲ့ကြတာချည်းပါပဲ။ သူတို့ရဲ့ ခိတ်အလုပ်သမားတန်းလျားမှာ အိမ်ခန်းပေါင်း (၅၀) ရှိပြီး ခေါင်လတ်ဒေသ ပင်လယ်ကမ်းခြေတလျှောက်မှာတော့ ခိတ်လို အလုပ်သမားဆိုက်ပေါင်း (၄၀) ကျော်လောက်ရှိပါတယ်။ တောင်မြောက်ရှည်လျားတဲ့ ထိုင်းနိုင်ငံတောင်ပိုင်း ဖန်ငခရိုင်ဟာ မြန်မာပြည်က တနင်္သာရီတိုင်းလိုပဲ အနောက်ဘက်တကြောလုံးမှာ လှပတဲ့ ပင်လယ်ပြင်က ဝန်းရံထားပြီး အရှေ့ဘက်မှာတော့ ကမ္ဘောဒီးယားနိုင်ငံနဲ့ နယ်နမိတ်စည်းခြားထားတဲ့ ရှမ်းရိုးမလို မြင့်မားတဲ့ တောင်တန်းကြီးတွေရှိပါတယ်။

လှပတဲ့ ပင်လယ်ကမ်းခြေနဲ့ အဆင့်အတန်းမြင့်တဲ့ ဘန်ဂလိုတွေကြောင့် အရင်က နိုင်ငံခြားသားခရီးသွားတွေနဲ့ စည်ကားခဲ့တဲ့ ဒီဒေသဟာ အခုတော့ သုသာန်တစပြင်လို ကြေမွပျက်ဆီးခဲ့ရပါပြီ။ တကယ်တော့ အနောက် နိုင်ငံသားတွေ လာရောက်အပန်းဖြေလေ့ရှိတဲ့ ခေါင်လတ်ဒေသက ဘန်ဂလိုအားလုံးကို ထိုင်းအလုပ်ရှင်တွေက ပိုင်ဆိုင်ထားပြီး ဒီဘန်ဂလိုတွေကို အသက်၊ သွေးချွေးနဲ့ရင်းပြီး ဆောက်ပေးခဲ့ကြရတာကတော့ မြန်မာအလုပ်သမားတွေပါ၊ ဆူနာမိဘေးဆိုးကြီးမကျ ရောက်ခင်ကတည်းက ဒီဒေသမှာ မြန်မာအလုပ်သမား၊ ထိုင်းအလုပ်ရှင်နဲ့ လာရောက်အပန်းဖြေသူ လူချမ်းသာ အနောက်နိုင်ငံသားများရယ်ဆိုပြီး ခွဲခြားဆက်ဆံမှုတွေရှိခဲ့ပေမဲ့ ကြောက်စရာကောင်းတဲ့ လှိုင်းလုံးကြီးတွေကတော့ မြန်မာရယ်၊ ထိုင်းရယ်၊ အနောက် နိုင်ငံသားရယ်မခွဲခြားဘဲ အားလုံးကို ဝါးမြိုဖျက်ဆီးခဲ့တာပါ။ဒါပေမယ့် ဆူနာမီဘေးဆိုးကြီးအပြီး ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာတော့ မြန်မာအလုပ်သမားတွေအပေါ် ခွဲခြားဆက်ဆံမှုတွေက ပြန်ပြီး နေရာယူလာပြန်ပါတော့တယ်။

ဒီဘေးဆိုးကြီးအတွင်းမှာ အနောက်နိုင်ငံသားတွေနဲ့ ဒေသခံ ထိုင်းလူမျိုးတွေ စုစုပေါင်း (၅) ထောင်ကျော်လောက် သေဆုံးခဲ့တယ်လို့ ထိုင်းအစိုးရက တရားဝင်သတင်းထုတ်ပြန်ထားပေမယ့် မြန်မာအလုပ်သမားတွေ ဘယ်လောက်သေဆုံး၊ ပျောက်ဆုံးခဲ့တယ်ဆိုတာကိုတော့ အခုချိန်ထိ စာရင်းထုတ်ပြန်တာ မျိုးမရှိသေးပါဘူး။ ဆူနာမီဖြစ်ဖြစ်ချင်း မြန်မာအလုပ်သမားတွေကို အစောဆုံးသွားရောက် ကူညီပေးခဲ့တဲ့ လူ့အခွင့်အရေးပညာပေးအဖွဲ့ (HREIB) ကတော့ ဆူနာမီမဖြစ်ခင်က ဖူးခက်နဲ့ ဖန်ငခရိုင်မှာ မြန်မာအလုပ်သမား (၆) သောင်းကျော်လောက် အလုပ်လုပ်ကိုင်ခဲ့တယ်လို့ခန့်မှန်းထားပြီး ဆူနာမီဘေးဆိုးကြီးအတွင်းမှာ အနည်းဆုံး မြန်မာအလုပ်သမား (၈၀၀) ကနေ (၁၀၀၀) အကြားသေဆုံးနိုင်တယ်လို့ အစောပိုင်းမှာ စာရင်းထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမယ့် ကျမရောက်သွားတဲ့ နောက် (၅) လအကြာမှာတော့ မြန်မာဒုက္ခသည်တွေကို ကူညီပေးနေဆဲဖြစ်တဲ့ ဆူနာမီကယ်ဆယ်ရေးကော်မတီမှ ကိုထူးချစ်က သူတို့ကွင်းဆင်းကောက်ယူထားတဲ့ စာရင်းတွေအရ ပျောက်ဆုံးသူတွေကိုပါထည့်တွက်ရင် မြန်မာအလုပ်သမား (၂) ထောင်ကျော်လောက် သေဆုံးနိုင်တယ်လို့ ကျမကိုပြောပြခဲ့ပါတယ်။ ခိတ်ရွာကလေးနဲ့ သိပ်မဝေးတဲ့ တကွာပါမြို့ ယန်ယာအို ဘုန်းကြီးကျောင်းက အလောင်းစုဆောင်းရေးဌာနမှာဆိုရင် ပိုင်ရှင်မဲ့ မြန်မာအလောင်း (၄၀၀) ကျော် ကျန်နေဆဲပဲတဲ့။ ဒါပေမယ့် ဒီအန်အေစစ်ဆေးမှုလည်း မလုပ်နိုင်။ သင်္ဂြိုလ်ဖို့လည်း ငွေမရှိတာကြောင့် အဲဒီအလောင်းတွေကို ဒီအတိုင်းပစ်ထားရသတဲ့လေ။

''ကျနော်တို့လည်း ရတဲ့ငွေလေးနဲ့ ကူညီပေးနေရတာ မလုံလောက်ဘူး။ အသက်ရှင်ကျန်ခဲ့သူတွေကို ဦးစားပေးနေရတော့ အလောင်းတွေဘက် မလှည့်နိုင်ဘူးလေ မြန်မာမိသားစုတွေထဲက တဦးဦးသေဆုံးတာ ပျောက်ဆုံးတာ သေချာရင်အလောင်းမမြင်ရပေမယ့် ဘာသာရေးထုံးတမ်းအစဉ်အလာအရ ဆွမ်းသွတ်တာလေး ဘာလေးပဲလုပ်ပေးနိုင်တယ်။ ထိုင်းအလောင်းတွေဆိုရင် သူတို့အစိုးရက ဒီအန်အေစစ်ပြီး တလောင်းချင်းပြန်ထုတ်ပေးနေတာ ကုန်သလောက်ဖြစ်နေပြီ။ အနောက်နိုင်ငံသားတွေဆိုရင်လည်း သက်ဆိုင်ရာသံရုံးခွဲတွေ ဒီမှာလာဖွင့်ပြီး တလောင်းချင်း ပြန်သယ်နေတာပဲ။ ကျန်တာ ကျနော်တို့ မြန်မာတွေပဲ၊ မတတ်နိုင်ဘူးလေ။ တိုင်းပြည်အုပ်ချုပ်နေတဲ့ အစိုးရဆိုတဲ့ တာဝန်အရှိဆုံးပုဂ္ဂိုလ်တွေကတောင် ပစ်ထားမှတော့ ကျနော်တို့ဗမာတွေ သူများတိုင်းပြည်မှာ သိက္ခာမဲ့နေရတာ ဘာများဆန်းလို့လဲ''

ရာဘာတောတွေထဲမှာ ယာယီခိုလှုံနေရတဲ့ အလုပ်လက်မဲ့ မြန်မာဒုက္ခသည်တွေကို သွားရောက်ကူညီဖို့ဆိုပြီး ပဲအိတ်၊ ဆန်အိတ်၊ စောင်၊ ခြင်ထောင်နဲ့ အိုးခွက်ပန်းကန်တွေ မီးဖိုချောင်သုံးပစ္စည်းတွေကို သူ့ရဲ့ စေတနာ့ဝန်ထမ်းအလုပ်သမားလေးတွေနဲ့အတူ ကားပေါ်ကိုတင်နေတဲ့ ကိုထူးချစ်ရဲ့စကား အဆုံးမှာတော့ ကျမရင်ထဲကိုရုတ်တရက် အတွေးတခုဝင်လာခဲ့ပါတယ်၊ ဩော် ဒါ့ကြောင့် ထင်ပါရဲ့။ ဖူးခက်ကနေ ဖန်ငကိုလာတဲ့ ကားလမ်းမကြီးတလျှောက်က အဆောက်အဦးတချို့မှာ နော်ဝေ၊ ဆွီဒင်၊ ဒိန်းမတ်၊ ပြင်သစ်၊ ထိုင်းစတဲ့ အလံတွေကို ကျမတွေ့ခဲ့ရတာ။ ဒါပေမယ့် အဲဒီအလံတွေကြားမှာ အနီရောင်ခံမှာ စက်သွားနဲ့ စပါးနှံတွေဝန်းရံထားတဲ့ လက်ရှိမြန်မာနိုင်ငံအလံကို မတွေ့ရပါလားလို့ ကျမတွေးနေ တုန်းမှာပဲ ကိုထူးချစ်က ကျမကို တခုခုလှမ်း ပြောလိုက်ပါတယ်။

နောက်လတွင် ဆက်လက်ဖော်ပြပါမည်။

# အိုင်အယ်လ်အိုမှ နှုတ်ထွက်မည်ဟု နအဖ လက်ကိုင်တုတ်များမှ ခြိမ်းခြောက်ပြောဆို၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးဆိုးရွားရွားကျူးလွန်လျက်ရှိ

နအဖစစ်အစိုးရက အိုင်အယ်လ်အို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်မှ နှုတ်ထွက်တော့မည်ဟု စစ်မှုထမ်းဟောင်းများအဖွဲ့ချုပ် အစည်းအဝေးနှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်အစည်းအဝေးများမှတဆင့် ခြိမ်းခြောက်ပြောဆိုနေစဉ်မှာပင် အဓမ္မခိုင်းစေမှုများကို ဆက်လက်ကျူးလွန်လျက်ရှိကြောင်း သိရှိရသည်။ တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်ရှိ ခမရ (၄၀၄) တပ်ရင်းပိုင် လယ်မြေများတွင် မြို့နယ်အတွင်းရှိ ကျေးရွာများမှ အလှည့်ကျသွားရောက်ပြီး လုပ်အားပေးနေကြရသည်ဟု ဒေသခံများကပြောပြသည်။ ရွာသူရွာသားများမှာ လုပ်အားပေးများ ဆက်တိုက်ရှိနေသောကြောင့် မိမိတို့၏ ကိုယ်ပိုင်အလုပ်များကို လုပ်ကိုင်ရန်ပင် အချိန်မရှိဖြစ်နေရသည့် အပြင်



အိုင်အယ်လ်အို ညီလာခံတရပ် ကျင်းပနေစဉ် မြင်ကွင်း

တအိမ်လျှင် ရာဘာအပင်ငယ် (၂၀) နှင့် ငရုတ်ကောင်းပင် (၂၀) ကိုယ်တိုင် ရှာဖွေပြီး စိုက်ပေးရသည်။

ထို့အပြင် စစ်သားများ၏ ဆဲဆိုကြိမ်းမောင်းမှုကိုလည်းခံရသည့်အပြင် လုပ်အားပေးမလိုက်လျှင် ဖမ်းမည်ဟု ခြိမ်းခြောက်ထားသောကြောင့် မိမိတို့အနေနှင့် ကြောက်ရုံမှလွဲ၍ မည်သို့မျှ မတတ်နိုင်ပါ''ဟု ဒေသခံတို့က ပြောပြသည်။ ကရင်ပြည်နယ်အတွင်းတွင်လည်း ဆင်ယုတ် – မြဝတီကားလမ်းဖောက်လုပ်နေရာ ဒေသခံများကို အဓမ္မခိုင်းစေနေပြီး လုပ်အားပေး မလိုက်နိုင်သူများထံမှ ကျပ်ငွေ (၁၅၀၀) တောင်းခံနေသည်ဟု သိရှိရသည်။ ငွေမထည့်နိုင်သူများ နေ့စဉ်လုပ်အားပေးသွားနေရသည့်အတွက် မိသားစုများ မိမိတို့၏ စားဝတ်နေရေးအတွက် ဒုက္ခရောက်ရသည့်အပြင် ကျောင်းသူကျောင်းသားများမှာလည်း ကျောင်းမတက်နိုင်ဘဲ လုပ်အားပေးပြဿနာကိုသာ ဖြေရှင်းနေကြရသည်ဟု မြဝတီမြို့ခံတဦးက ပြောပြသည်။

မကွေးတိုင်း ဆင်ပေါင်ဝဲ မြို့နယ်အတွင်းတွင်လည်း နယ်မြေခံအာဏာပိုင်များက နယ်မြေစိမ်းလန်းစိုပြေရေးအတွက် လမ်းဘေးတလျှောက် သစ်ပင်စိုက်ရာတွင် ဒေသခံများကို အဓမ္မခိုင်းစေခဲ့သည်ဟု သိရသည်။ ထိုသို့ သစ်ပင်စိုက်ရန်အတွက် လမ်းဘေးဝဲယာတလျှောက်ရှိ ပဲ၊ နှမ်း စိုက်ခင်းများ ဖျက်ဆီးခံခဲ့ရသည်ဟု ဒေသခံများက ပြောပြသည်။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့တွင်လည်း ဒေသခံစစ်တပ်၏ အဓမ္မခိုင်းစေမှုကို မကျေနပ်သဖြင့် ဒေသခံရွာသားများက ပြန်လည်တရားစွဲခဲ့ရာ စစ်တပ်အရာရှိများကို အရေးမယူဘဲ ကျေးရွာအာဏာပိုင်များကိုသာ ဖမ်းဆီးထောင်ချခဲ့သည်။ ထို့ကြောင့် အမှန်တကယ်အပြစ်ရှိသူများကို အရေးယူပေးရန် ဒေသခံများက အိုင်အယ်လ်အိုထံ လွန်ခဲ့သောမတ်လအတွင်းက တိုင်ကြားခဲ့သည်။ မြန်မာနိုင်ငံတွင်း ဒေသအများအပြားတွင် လုပ်အားပေးခိုင်းစေမှုများ ရှိမြဲရှိနေမှုကြောင့် အိုင်အယ်လ်အို ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းထားစဉ် နအဖစစ်အစိုးရက ယင်းအဖွဲ့ကြီးကို ယခုကဲ့သို့ ရန်စောင်နေခြင်းဖြစ်သည်။

❖

## ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အမွေမှုအား ထပ်မံကြားနာ

ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အမွေဆိုင်မှုကို ဇွန်လ (၃) ရက်နေ့က ရန်ကုန်တိုင်း တရားရုံတွင် ကြားနာစစ်ဆေးခဲ့ရာ ဦးအောင်သိန်း၊ ဦးကြည်ဝင်း၊ ဦးခင်မောင်နှင့် ဦးမြင့်သောင်းတို့က တရားပြိုင် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများအဖြစ် သွားရောက်ခဲ့ကြသည်။ တရားရုံးတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အမှုအတွက် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသည့် ရှေ့နေကြီး ဦးထွန်းတင် ကွယ်လွန်သွားခဲ့သည်ဆိုသည့်အကြောင်း နောက်ထပ် ကိုယ်စားလှယ်ရွေးချယ်ရန်ကိစ္စကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရမှသာလျှင် ဆောင်ရွက်နိုင်မည်ဖြစ်သည့်အကြောင်း တင်ပြခဲ့သည်ဟု ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေတဦးဖြစ်သူ ဦးအောင်သိန်းမှ ပြောသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အကိုဖြစ်သူ ဦးအောင်ဆန်းဦးဘက်မှ နေအိမ်အမွေကို တဝက်ပိုင်ဆိုင်လိုကြောင်း (၂၀၀၀) ခုနှစ်က တရားစွဲခဲ့သည်ကို ရန်ကုန်တရားရုံးမှ ယခုကဲ့သို့ ရက်ရွှေ့၊ လရွှေ့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ ❖

# မြန်မာနိုင်ငံလွတ်လပ်မှုနှင့် ဒီမိုကရေစီအက်ဥပဒေကို ဆီးနိတ်လွှတ်တော်မှ တခဲနက်ထောက်ခံအတည်ပြု

မြန်မာနိုင်ငံမှ သွင်းကုန်များကို တားမြစ်ပိတ်ပင်သည့်ဥပဒေကို သက်တမ်းတနှစ်ထပ်တိုးရန် အမေရိကန်အထက်လွှတ်တော်မှ ထောက်ခံမဲ (၉၇) မဲ၊ ကန့်ကွက်မဲတမဲနှင့် ဇူလိုင် (၁၉) အင်္ဂါနေ့က တခဲနက်အတည်ပြုလိုက်ကြသည်။ မြန်မာနိုင်ငံလွတ်လပ်မှုနှင့် ဒီမိုကရေစီဆိုင်ရာဥပဒေဟု အမည်ရသော အဆိုပါဥပဒေကို ပြီးခဲ့သည့်လတွင် အောက်လွှတ်တော်မှ ထောက်ခံမဲ (၄၂၃) မဲ၊ ကန့်ကွက်မဲ (၂) နှင့် ဆုံးဖြတ်ထောက်ခံခဲ့ကြပြီး ယခုလ (၂၈) ရက်မတိုင်မီ သမတဘုရှ်မှ လက်မှတ်ရေးထိုး ဥပဒေထုတ်ပြန်မည်ဖြစ်သည်။ (၂၀၀၃) ခုနှစ် အဆိုပါဥပဒေကို စတင်အဆိုပြုခဲ့သူ ကင်တပ်ကီပြည်နယ် ရီပတ်ပလီကန် အထက်လွှတ်တော်အမတ် မစ်ချ်မက်ကော်နယ်က မြန်မာဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်ဆုံးလွှတ်ပေးပြီး စစ်မှန်သည့်ဆွေးနွေးပွဲများ စတင်ရန် တိုက်တွန်းခဲ့ပြီး အဲဒီလိုမဖြစ်က ဒီဥပဒေကို ရုပ်သိမ်းရန်အကြောင်းမရှိဟု ကတိပေးခဲ့သည်။ ယခုဥပဒေတွင် မြန်မာနိုင်ငံထုတ်ကုန်ပစ္စည်းအားလုံးကို အမေရိကန်ပြည်နယ်အတွင်း တင်သွင်းခွင့်မပြုခြင်းနှင့်



မြန်မာနိုင်ငံ၏ လွတ်လပ်မှုနှင့် ဒီမိုကရေစီအက်ဥပဒေကို လက်မှတ်ရေးထိုးထုတ်ပြန်မည့် အမေရိကန် သမတ ဂျော့ဒဗလျူဘုရှ်

နအဖစစ်ဗိုလ်ချုပ်ကြီးများအား အမေရိကန်ပြည်ဝင်ခွင့်ဗီဇာ ပိတ်ပင်ခြင်းများပါဝင်သည်။ စီးပွားရေးပိတ်ဆို့မှု ဥပဒေပြဋ္ဌာန်းခဲ့သည့် (၂၀၀၃) ခုနှစ်မှစ၍ စစ်အုပ်စု၏ တနှစ်တနှစ် ပုံမှန်ရရှိနေသော အမေရိကန်ဒေါ်လာသန်းပေါင်း (၄၄၀) ကို ပိတ်ဆို့ဟန့်တားနိုင်ခဲ့သည်။

နိုင်ငံရေးအခက်အခဲများကို အီးယူအပါအဝင် အခြားနိုင်ငံများအားလုံးက ပူးပေါင်းပါဝင်မှသာလျှင် ထိရောက်လိမ့်မည်ဟု သုံးသပ်ကြသည်။ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ အာဆီယံ၏ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို လာအိုနိုင်ငံတွင် မကျင်းပမီ တပတ်အလိုတွင် အမေရိကန်အထက်လွှတ်တော်မှ မြန်မာ့သွင်းကုန်တားမြစ် ပိတ်ပင်ချက်ဥပဒေကို နောက်ထပ်တနှစ် သက်တမ်းတိုးမြှင့်ရန် အတည်ပြုလိုက်ခြင်းဖြစ်သည်။

❖

# မြန်မာ့ဒီမိုကရေစီအရေး ထိုင်းနိုင်ငံမှ ဖိအားပေးရန် မစ္စရိုက်စ်တောင်းဆို တိုက်တွန်း

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဗမာစစ်အစိုးရအား ထိုင်းနိုင်ငံမှ ဖိအားပေးရမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်က တနင်္လာနေ့ (၁၁၊ ဇူလိုင်လ ၂၀၀၅)က ပြောကြားလိုက်သည်။ မစ္စရိုက်စ်က ''တိုးတက်မှုတွေရှိလာပါလိမ့်မယ်ဆိုတဲ့ တင်ပြပြောဆိုမှုတွေကို ကျမတို့အကြိမ်ကြိမ်ကြားခဲ့ရပါတယ်။ ဒါပေမယ့် တိုးတက်မှုကို ဘယ်တုန်းကမှ မတွေ့ခဲ့ပါဘူး။

ဗမာအစိုးရဟာ တိုးတက်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ကျမပြောခဲ့ပါတယ်။ တိုးတက်မှုတွေရှိလာမယ်လို့လည်း မျှော်လင့်ပါတယ်။ ဗမာပြည်နဲ့ အဆက်အဆံရှိတဲ့ ကျမတို့ရဲ့ မိတ်ဆွေအားလုံးကို ဗမာပြည် လူ့အခွင့်အရေးနဲ့ပတ်သက်လို့ ဖိအားပေးကြဖို့ ကျမတိုက်တွန်းခဲ့ပါတယ်''ဟု ထိုင်းဝန်ကြီးချုပ် သက်ဆင်နှင့် ဆွေးနွေးပွဲအပြီးတွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

ဆက်လက်၍ ''ဒေါ်အောင်ဆန်းစုကြည်အပါအဝင်နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးအတွက် ဆက်လက်ဖိအားပေးဖို့ ထိုင်းနိုင်ငံက မိတ်ဆွေတွေကို ကျမ ပြောဆိုခဲ့ပါတယ် ''ဟု ပြောခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီး ကန်တာသီက ''မြန်မာပြည်မှာ ဒီမိုကရေစီရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး မြန်နိုင်သမျှမြန်မြန် အကောင်အထည်ပေါ်လာတာကို မြင်လိုတာဟာ ကျနော်တို့ရဲ့ တူညီတဲ့ရည်ရွယ်ချက်ပဲဖြစ်ပါတယ်''ဟု သတင်းထောက်များကို ပြောကြားသည်။

မစ္စရိုက်စ်သည် ၂၀၀၄ ဒီဇင်ဘာ (၂၆) က ဆူနာမီရေလှိုင်းဒဏ်သင့်ခံရသော ထိုင်းနိုင်ငံတောင်ပိုင်း ပြန်လည်တည်ဆောက်ရေးဒေသများသို့ ကြည့်ရှုစစ်ဆေးရန် လာရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ အာရှခရီးစဉ်တွင် တရုတ်၊ ထိုင်း၊ ဂျပန်နှင့် တောင်ကိုရီးယားသို့ ဝင်ရောက်ခဲ့သည်။

ယခုလကုန်ပိုင်းတွင်ကျင်းပမည့် အာဆီယံထိပ်သီးစည်းဝေးပွဲနှင့် အာဆီယံ ဒေသဆိုင်ရာဆွေးနွေးပွဲသို့ မစ္စရိုက်စ်အနေနှင့် တက်ရောက်မည်မဟုတ်ဘဲ ၎င်း၏လက်ထောက်ရောဘတ်ဇိုးလစ်ကိုသာ စေလွှတ်မည်ဖြစ်ပြီးဆယ်စုနှစ် နှစ်ခုကျော်ကာလအတွင်း ပထမဦးဆုံးသော အမေရိကန်မတက်ရောက်သည့် အာဆီယံထိပ်သီးစည်းဝေးပွဲပင်ဖြစ်သည်။ လေ့လာအကဲခတ်သူတို့က လောနိုင်ငံ ဗီယင်ကျန်းတွင်ကျင်းပမည့် ထိပ်သီးစည်းဝေးပွဲသို့ မစ္စရိုက်စ်မတက်ရောက်ခြင်းသည် အရှေ့တောင်အာရှ၌ လျှင်လျှင်မြန်မြန် ကြီးထွားလာသော တရုတ်၏ဩဇာကို အမေရိကန်၏တောင့်တင်းခိုင်မာသောဩဇာနှင့် ချိန်ခွင်လျှာညှိလိုသော အာဆီယံအတွက်မျက်နှာပျက်စရာဖြစ်ခဲ့ရသည်ဟု ဆိုသည်။ မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဆာရစ်ဟာမစ်က မစ္စရိုက်စ် ထိပ်သီးစည်းဝေးပွဲသို့ မတက်ရောက်နိုင်ခြင်းအပေါ် ''ဒါဟာ အမေရိကန်အနေနဲ့ အာဆီယံအပေါ် စိတ်ဝင်စားမှုနည်းပါးလာတဲ့ အရေးမပါဘူးလို့ ယူဆလာတဲ့ လက္ခဏာမဟုတ်ဘူးလို့ ကျနော်မျှော်လင့်ပါတယ်''ဟု ပြောသည်။



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စရိုက်စ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်

အမေရိကန်သည် ဒေါ်အောင်ဆန်းစုကြည်အား ပြန်လွှတ်ပေးရန် အပါအဝင် မြန်မာပြည်၏ စိတ်ပျက်ဖွယ် လူ့အခွင့်အရေးမှတ်တမ်းများကိုထောက်ပြပြီး အကယ်၍ ဗမာစစ်အစိုးရ အာဆီယံ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်လာမည်ဆိုလျှင် အာဆီယံတစ်ဖွဲ့လုံးအတွက် မျက်နှာပျက်စရာဖြစ်လာလိမ့်မည်ဟု သတိပေးခဲ့သည်။ လာမည့်နှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာတာဝန်ယူမည့်ကိစ္စသည် အမေရိကန်နှင့် ဒေသတွင်းနိုင်ငံများကြားဆက်ဆံရေးတွင် ခလုပ်ကန်သင်းဖြစ်လာပြီဟု အကဲခတ်များက ဝေဖန်သုံးသပ်ကြသည်။

❖

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးအား နိုင်ငံသားဥပဒေပုဒ်မဖြင့် စွဲဆိုထောင်ချခြင်း

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စီအာရ်ပီပီ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်တဦးဖြစ်သူ ဦးကျော်မင်းအား နိုင်ငံသားဥပဒေပုဒ်မ (၁၈)၊ အရေးပေါ်လုံခြုံရေး ဥပဒေ ပုဒ်မ ၅ (ည) အပါအဝင် စွဲချက်များဖြင့် ဇူလိုင် (၂၉) ရက်နေ့က ထောင်ဒဏ် (၄၇) နှစ် ချမှတ်လိုက်သည်။ ဇနီးဖြစ်သူ ဒေါ်တီဇာ၊ သားဖြစ်သူ ကိုနုမန်၊ သမီးဖြစ်သူ မခင်ခင်နုနှင့် မဝေဝေနုတို့ (၄) ဦးအားလည်း ပုဒ်မ ၅(ည)၊ ပုဒ်မ (၁၈) တို့ဖြင့် ထောင်ဒဏ် (၁၇) နှစ်စီ အသီးသီးချမှတ်လိုက်ကြောင်းသိရသည်။ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားသူကြီး ဒေါ်ခင်ခင်လှမှ အမှုကိုစစ်ဆေးခဲ့ပြီး ရှေ့နေငှားရမ်း ခုခံပိုင်ခွင့်မပေးဘဲ အင်းစိန်ထောင်တွင်းရှိ တရားရုံး၌ အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူဦးဉာဏ်ဝင်းက“ဒီပုဒ်မနဲ့ အပြစ်ပေးတယ်ဆိုရင် အမိပွါယ်က ဘာရသွားလဲဆိုတော့ သူနိုင်ငံသားဖြစ်နေတာဟာ မမှန်မကန်လုပ်ပြီးတော့ဖြစ်နေတာဆိုတဲ့ အဓိပ္ပါယ်ရသွားတာပေ့ါ။ ဥပဒေသဘောအရဆိုရင် သူကနိုင်ငံသားပဲ၊ နိုင်ငံသားမှ လွှတ်တော်ကိုယ်စားလှယ် ဖြစ်ရမှာပဲ။ အခုလိုပုဒ်မနဲ့ အပြစ်ပေးတယ်ဆိုရင် နိုင်ငံသားရဖို့ သူဟာ မမှန်မကန်လုပ်ခဲ့တယ်ဆိုတဲ့သဘော သက်ရောက်နေတာပေ့ါ။ သူက ကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဘူးတယ်။ (Government service) လည်းလုပ်ခဲ့ပြီးပြီ။ အမ်ပီလည်းဖြစ်တယ်ဆိုတော့ သူ့နိုင်ငံသားနဲ့ ပတ်သက်ပြီးတော့ သာမာန်အားဖြင့်ကြည့်ရင် ဘာမှသံသယဖြစ်စရာမရှိဘူး။ ”ဟု ပြောသည်။

ဦးဉာဏ်ဝင်းမှ အမှုလိုက်ရန်အတွက် (၂) ကြိမ်တိုင်တိုင် ကြိုးစားခဲ့သော်လည်း ဂိတ်မှ လုံခြုံရေးအရာရှိမှ အင်းစိန်ထောင်တွင်းသို့ ဝင်ခွင့်မပြုခဲ့ကြောင်း၊ အမှုအတွက် ရှေ့နေငှားခွင့်ပေးသင့်ကြောင်း၊ အများပြည်သူ ရှေ့မှောက်တွင် တရားစီရင်သင့်ကြောင်း၊ ယခုတရားစီရင်စစ်ဆေးနေမှုများသည် ဥပဒေပြဋ္ဌာန်းချက် တရားစီရင်ရေးမူများနှင့် ကိုက်ညီမှုမရှိကြောင်း ပြောကြားသွားခဲ့သည်။

ဘူးသီးတောင်မြို့နယ်၊ အမျိုးသားလူ့အခွင့်အရေးနှင့် ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ် ဦးကျော်မင်းအားပြီးခဲ့သည့် မတ်လ (၁၇) ရက်က ဖမ်းဆီးခဲ့ပြီး၊ ဇနီးနှင့် သားသမီးများအား မေလ (၅) ရက်နေ့က ဖမ်းဆီးကာ ယခုကဲ့သို့မတရား ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ စီအာရ်ပီပီအဖွဲ့ဝင် တမူးလွှတ်တော်အမတ် ဦးထောင်ခိုထန်းက “စီအာရ်ပီပီ အဖွဲ့ဝင်တယောက်ကို (၄၇) နှစ်ကြီးတောင် ထောင်ချတဲ့အပေါ် ကျနော်တော်တော်လေးခံစားရပါတယ်။ ခံစားရတယ်ဆိုတာထက် ဝမ်းနည်းစရာလည်းကောင်းတယ်။ အံ့သြစရာလည်းကောင်းတယ်။ တုန်လှုပ်ခြောက်ခြားစရာလည်းကောင်းတယ်။ အထူးသဖြင့် နိုင်ငံသားပုဒ်မနဲ့ချတဲ့အပေါ်မှာ ကျနော်အံ့သြတာက ဦးကျော်မင်းဟာ နိုင်ငံသားပုဒ်မနဲ့ငြိစွန်းတယ်ဆိုရင် သူက လွှတ်တော်ကိုယ်စားလှယ်ပဲ။ ကော်မရှင်ရုံးက စစ်ဆေးဖို့လိုတာပေ့ါ။ ရွေးကောက်ပွဲမဝင်ခင်ကတည်းက အဲဒါ စစ်ဆေးပြီးတော့ နိုင်ငံသားဥပဒေနဲ့ ငြိတယ်ဆိုရင် အစကတည်းက ရွေးကောက်ပွဲမဝင်ရရင် အကောင်းသားလေ။ အခုက ကော်မရှင်ရုံးက အကုန်လုံးလက်ခံပြီးမှ ရွေးကောက်ပွဲဝင်တယ်။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတယ်။ ကျနော်ထင်တာကတော့ ဦးကျော်မင်းဟာ စီအာရ်ပီပီအဖွဲ့ဝင်တယောက်ဖြစ်လို့ပဲ ထောင်ချတာလားလို့ အဲဒါ ကျနော်စဉ်းစားနေတယ်”ဟု ဦးထောင်ခိုထန်းမှ ပြောပြသည်။

ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်လိုက်ခြင်းအပေါ် ဝေဖန်ချက်အမျိုးမျိုးထွက်ပေါ်လာရာ ပြီးခဲ့သည့် ဇူလိုင် (၂၂) ရက်နေ့က အဂတိလိုက်စားမှု၊ လာဘ်စားမှုတို့ဖြင့် ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဆိုင်းငံ့ထောင်ဒဏ် (၄၄) နှစ် ချမှတ်ပြီး နေအိမ်၌ အကျယ်ချုပ်ဖြင့် ထိမ်းသိမ်းထားသော်လည်း သားနှစ်ဦးအား ပို၍ကြီးလေးသော ထောင်ဒဏ်များချမှတ်ခဲ့ခြင်း၊ ပြည်သူကရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်တဦးအား နိုင်ငံသားဥပဒေဖြင့် မလျော်မကန်စွဲဆိုကာ ထောင်ချခဲ့ခြင်း၊ စသည်တို့သည် တရားစီရင်ရေး၌ ကမောက်ကမဖြစ်နေပြီး ဥပဒေအထက်တွင် မည်သူမျှမရှိ။ သို့သော် ဗိုလ်ချုပ်ကြီးများသာရှိသည်ဆိုသောအချက်ကို ဖော်ပြနေသည်ဟူသော ဝေဖန်မှုများ ပြည်သူများကြားတွင်ဖြစ်ပေါ်နေကြောင်း ပြည်တွင်းမှလာသောသတင်းများအရ သိရှိရသည်။ ❖

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွှတ်တော်အမတ် ဦးစောဦးရယ်ကွယ်လွန်

ကယားပြည်၊ ဖရူးဆိုးမြို့နယ် အဲန်အယ်လ်ဒီ လွှတ်တော်ကိုယ်စားလှယ် ဦးစောဦးရယ်သည် ဇူလိုင် (၁၂) ရက်နေ့က လွိုင်ကော်ဆေးရုံကြီးတွင် ကွယ်လွန်သွားသည်။ ၁၉၉၅တွင် နအဖ၏အမျိုးသားညီလာခံကို သပိတ်မှောက်ခဲ့သော ဦးစောဦးရယ်သည် အဖွဲ့ချုပ်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန် စစ်အုပ်စုမှ နည်းလမ်းမျိုးစုံဖြင့်ဖိအားပေးသော်လည်း သူ၏နိုင်ငံရေးယုံကြည်ချက်ဖြင့် ကြံ့ကြံ့ခံခဲ့သူဖြစ်သည်။

ထို့ကြောင့် စစ်အုပ်စုမှ ဦးစောဦးရယ်အား ၁၉၉၆၊ နိုဝင်ဘာတွင် ထောင်ဒဏ် (၁၇) နှစ် ချမှတ်ခဲ့သည်။ ထောင်တွင်းတွင် ညှင်းပမ်းဖိနှိပ်မှုမျိုးစုံကြောင့် (၂၀၀၂) ခုနှစ်ပြန်လွတ်မြောက်လာချိန်တွင် ထောင်တွင်းမှရရှိခဲ့သောဝေဒနာမျိုးစုံဖြင့် နှစ်ရှည်အိပ်ယာထဲလဲခဲ့ရသည်။ ကွယ်လွန်ချိန်၌ အသက် (၇၇) နှစ်ရှိပြီဖြစ်သော ဦးစောဦးရယ်သည် ပြည်တွင်းစစ်ကိုဖြစ်စေသောအကြောင်းရင်းများနှင့် ကယားပြည်နယ်ပြဿနာဆိုသော စာတမ်းကို ရေးသားခဲ့သောကြောင့် ထောင်ချခံခဲ့ရခြင်းဖြစ်သည်။ ❖

“ဒီနေ့စစ်အာဏာရှင်က ကျနော်တို့ကို
တိုက်ပိတ်ပြစ်ဒဏ်ပေးထားပေမယ့်
ကျနော်တို့ရဲ့ ရုပ်ခန္ဓာကိုသာ
သူတို့ချုပ်နှောင်ထားနိုင်မှာဖြစ်တယ်။
ကျနော်တို့ရဲ့ နိုင်ငံရေးအသိစိတ်နဲ့
ယုံကြည်ချက်ကိုတော့ သူတို့
လုံးဝချုပ်နှောင်ထားလို့ မရနိုင်ဘူး။
ကျနော်တို့က လူထုအတွက်
ဒီမိုကရေစီတခေတ်ထွန်းဖို့ ပရဟိတစိတ်နဲ့
အလုပ်လုပ်နေကြတယ် ဆိုတာမမေ့နဲ့။
စစ်အာဏာရှင်တွေက သူတို့
စစ်အာဏာတည်မြဲဖို့ သူတို့အတ္တအတွက်
လုပ်နေကြတာကိုလည်း သတိပြု။
အနာဂတ်ဟာ
ကျနော်တို့ဘက်မှာ ရှိတယ်”။



(၁၉၉၅ နိုဝင်ဘာ ၁၆၊ အမျိုးသားနေ့စိန်ရတုသဘင်အထိမ်းအမှတ်အခမ်းအနား (စစ်ခွေးတိုက်တွင်) ပြောကြားခဲ့သော ဦးဝင်းတင်၏ မိန့်ခွန်းမှ)

# သတင်းစာဆရာကြီး ဦးဝင်းတင်အား လွှတ်ယောင်ပြပြီးမှ ပြန်လည်ထိမ်းသိမ်းထား၊ စိတ်ဓာတ်ရေးရာ ဖြိုခွင်းရန် နအဖက ကြိုးပမ်းဟု ယူဆကြ

သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်အား အင်းစိန်အကျဉ်းထောင်မှ လွှတ်ပေးရန်ပြင်ဆင်ပြီးမှ ပြန်လည်ဖမ်းဆီးလိုက်ခြင်းသည် ဦးဝင်းတင်အား စိတ်ဓာတ်ရေးရာပြိုကွဲသွားအောင် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခြင်းဖြစ်၍ ယခုကဲ့သို့ တရားလက်လွတ်ဆက်လက်ဖမ်းဆီးချုပ်နှောင်ထားခြင်းအား ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် ဆုံးဖြတ်ချက် တခုချမှတ်ပေးရန် နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) အေအေပီပီက ဇူလိုင်လ (၁၈) ရက်နေ့က တိုင်ကြားလိုက်သည်။

အေအေပီပီက ထင်ရှားကျော်ကြားသော သတင်းစာဆရာကြီးတဦးဖြစ်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒရေးရာ ပဲ့ကိုင်ပုဂ္ဂိုလ်ဖြစ်သည်ဟု ယူဆခြင်းခံရသည့် ဦးဝင်းတင်၏ ကိစ္စရပ်အား ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်၏ လက်အောက်ခံအဖွဲ့အစည်းတခုဖြစ်သော မတရားဖမ်းဆီးထိမ်းသိမ်းခံရသူများနှင့် သက်ဆိုင်သော စုံစမ်းရေးလုပ်ငန်းအဖွဲ့ (Working group on Arbitrary Detention) သို့ တိုင်ကြားထားခြင်းဖြစ်ပြီး တိုင်ကြားစာတင်သွင်းပြီး ချိန်မှစ၍ ရက်ပေါင်း (၉၀) အတွင်း ဆုံးဖြတ်ချက်တခုခု ချမှတ်ပေးရန် တောင်းဆိုထားသည်။

အေအေပီပီ အတွင်းရေးမှူး ကိုတိတ်နိုင်က “ ဦးဝင်းတင်နဲ့ပတ်သက်လို့ဖြစ်ခဲ့တဲ့ ဒီဖြစ်ရပ်နှစ်ခုကို ကြည့်ခြင်းအားဖြင့် နအဖစစ်အုပ်စုဟာ နိုင်ငံရေးအကျဉ်းသားတွေကို စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုတွေနဲ့ စိတ်ဓာတ်ကျဆင်းသွားအောင် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်နေခြင်းပဲဖြစ်တယ်။ ဒီဟာက ဦးဝင်းတင်ရဲ့စိတ်ဓာတ်ကို ရိုက်ချိုးပစ်ဖို့ လုပ်နေတယ်ဆိုတာ ရှင်းပါတယ်။”ဟု ပြောကြားသည်။

“သူ့ကိုလွှတ်ဖို့လုပ်ပြီးကာမှ နောက်ဆုံးပိတ်ကျမှပြန်ထည့်လိုက်တာပဲ။ ဒါ မသင့်တော်ဘူး ဒါနည်းနည်းလေးမှ မသင့်တော်ဘူး။ ဘယ်သူမဆို ဒီလိုနှစ်ရှည်ကြီး အကျဉ်းကျနေတဲ့ကြားထဲကနေ လွှတ်ပေးတယ်ဆိုတဲ့ အနေအထားမှာ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်တယ်ဆိုတဲ့အနေအထားပေ့ါ။ ဒီအနေအထားက နေပြန်ပြီးတော့ထည့်လိုက်တဲ့အခါကျတော့ ဒါတော်တော်ခံစားရမယ့် သဘောရှိတယ်။ အခုဟာက ဦးဝင်းတင်ဟာ အခုအကြိမ်ပါနဲ့ဆို အဲဒီလိုအလုပ်ခံရတာ နှစ်ကြိမ်နှစ်ခါရှိပြီ။ ဒါသတ်သတ်လုပ်တာပါ။ အမှန်က ဒါမဖြစ်သင့်ဘူး။ မလုပ်သင့်ဘူး”ဟု ဇူလိုင် (၆) ရက်နေ့က အင်းစိန်ထောင်အတွင်း၌ နေ့လည်စာစားချိန်အထိ ဦးဝင်းတင်နှင့်အတူရှိခဲ့သူ ဦးစိုးမြင့်က ဒီဗွီဘီသို့ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ၂၀၀၄ နိုဝင်ဘာလကလည်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးမှ လွှတ်ပေးမည့်စာရင်းတွင် ဦးဝင်းတင်ပါရှိကြောင်း ပြောဆိုခဲ့ဖူးသည်။

ဇူလိုင်လ (၄) ရက်နေ့က ထောင်တွင်နေသား (၁၆) နှစ်တင်းတင်းပြည့်ခဲ့သော ဦးဝင်းတင်အားပြန်လွှတ်ပေးရန် နိုင်ငံတကာ လူ့အခွင့်ရေးအဖွဲ့များမှ တောင်းဆိုခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာလူ့ အခွင့်ရေးအဖွဲ့ကြီးနှင့် နယ်ခြားမဲ့သတင်းထောက်များအဖွဲ့က ထောင်တွင်းလျှော့ရက်နှင့်ဆိုလျှင် လာမည့် (၃) ပတ်အတွင်း ဦးဝင်းတင်မှာ လွတ်မြောက်သင့်ကြောင်း ပြောဆိုသည်။

၁၉၇၉ တွင် ဦးဝင်းတင်အား ပြစ်မှုမှ ရှောင်တိမ်းနေသည့် တရားခံတဦး၏ ဖခင်နှင့် တယ်လီဖုန်းဆက်သွယ်သည်ဟုဆိုသော စွပ်စွဲချက်နှင့် စစ်အစိုးရက ထောင်ဒဏ် (၃) နှစ်ချမှတ်ခဲ့သည်။ ပြစ်ဒဏ်ပြည့်ခါနီး ၁၉၉၂ ခုနှစ်၌ “အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အများပြည်သူလူထုအုံကြွအောင် လုပ်ဆောင်ရာတွင် နောက်ကွယ်မှ ကြိုးကိုင်ခဲ့သည်”ဟူသော စွဲချက်ဖြင့် ပြစ်ဒဏ် (၁၁) နှစ်၊ ၁၉၉၆ တွင် ထောင်တွင်းလူ့အခွင့်အရေး ချိုးဖောက်မှုအစီရင်ခံစာကို ကုလသမဂ္ဂလူ့အခွင့်ရေးကော်မရှင်သို့ တင်သွင်းမှုဖြင့်” ပြစ်ဒဏ် (၁၀) နှစ် ထပ်မံချမှတ်ခဲ့သည်။

အသက် (၇၅) နှစ်ရှိပြီဖြစ်သော ဦးဝင်းတင်သည် အကျဉ်းကျခံကာလ ကြာမြင့်လာမှုကြောင့် ကျန်းမာရေးမှာ အဖက်ဖက်မှ ချို့ယွင်းနေသော်လည်း ၎င်းအား ထောင်ဝင်စာ သွားတွေ့သောမိတ်ဆွေအား မိမိသည် ဒီမိုကရေစီရရှိရေးဦးတည်ချက်ကို အခိုင်အမာ ဆက်လက်ရပ်တည်နေကြောင်းနှင့် ၎င်း၏ ရဲရဲတောက်ခံယူချက်ကို ယခုကဲ့သို့ ပြောကြားသည်။ “ပြန်လွတ်လာလိမ့်မယ်လို့ မျှော်လင့်မနေကြနဲ့၊ ငါကတော့ လှေခွက်ချည်းကျန်လည်း အလှံမလှဲဘူး” ဟု ပြောဆိုခဲ့သည်။ ❖

## နအဖစစ်အစိုးရ၏ ဘာသာရေးနှိပ်ကွပ်မှုများ

ဇူလိုင်လလယ်ခန့်က မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဗိုလ်မှူးကြီးရဲမြင့်က ခရစ်ယာန်ဘာသာဝင်များသည် သာသနာ့နယ်မြေတွင်ရှိသော ဘုရားကျောင်းများမှအပ အခြားနေရာများတွင် စုဝေးဝတ်ပြုခြင်းများကို ခွင့်မပြုကြောင်း၊ မိမိအိမ်တွင် ဝတ်ပြုလျှင်လည်း လူ (၅) ယောက်ထက်ကျော်လွန်၍ စုဝေးဝတ်ပြုခွင့်မရှိကြောင်း၊ အကယ်၍ အမိန့်မနာခံလျှင် တည်ဆဲဥပဒေအရ အရေးယူပြီး အိမ်ကိုလည်း ချိပ်ပိတ်မည်ဟု အမိန့်ထုတ်ပြန်ထားသည်ကို မန္တလေးခရစ်ယာန်ဘာသာရေးရပ်ကွက်များမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ဇွန် (၂၇) ရက်နေ့ကလည်း မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ရန်းကုန်းကျေးရွာရှိ ဟိန္ဒူဘုရားကျောင်းအား မြို့နယ်ကြံ့ဖွံ့အဖွဲ့၏ အမိန့်ဖြင့် မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသည်။ ရန်းကုန်းရွာရှိ ဟိန္ဒူဘာသာဝင် (၇၀) ခန့် ကိုယ်ထူကိုယ်ထတည်ဆောက်ပြီး ကိုးကွယ်နေသော ထိုကျောင်းကို မြို့နယ်ကြံ့ဖွံ့အဖွဲ့မှ ရန်းကုန်းကျေးရွာသားအချို့ကို ငွေပေးပြီး ဖျက်ဆီးခိုင်းခဲ့ခြင်းဖြစ်သည်။

❖

# ရန်သူ ရဲဘော် တွဲစေသော်
# ဖြတ်သားခိုင်ကျည် ရဲစေသော်

ဇွန်မိုင်း

(၁)

အပြင်မှာ .... ဇူလိုင်မိုးက တစိမ့်စိမ့် ရွာနေတယ်။

သူတို့ရင်ထဲမှာ ဘာမိုးတွေ ရွာနေမလဲ။

မီးရောင်အောက်မှာ ဝါ၊ စိမ်း၊ နီ ခန်းလုံးပြည့် အလံတလက်။

အဲဒီအလံရဲ့ဒေါင့်နေရာမှာ အကြင်နာ ရိပ်တွေ ဖိတ်ဖိတ်လက်နေတဲ့ ဆရာကြီးရဲ့ ပုံတူပန်းချီကားတချပ်။

အဲဒီပန်းချီကားရဲ့ အောက်မှာ 'ဆရာ မသေခင် ....တိုင်းပြည်မှာ တကယ့်ငြိမ်းချမ်း ရေးအစစ်ကို တွေ့သွားချင်တယ်' ဆိုတဲ့ ဆရာကြီးရဲ့ ငြိမ်းချမ်းရေးအာသီသ။

အဲဒီရှေ့ စကားပြောစင်မြင့်မှာတော့ အဝါရောင်နှင်းဆီပွင့်များ။

ဇူလိုင် (၂၃) ညရဲ့ လေနုအေး အနေ့ လိုက်မှာတော့ ....

နှင်းဆီရနံ့၊ ကဗျာရနံ့နှင့် ငြိမ်းချမ်းရေး ရနံ့များဟာ အဲဒီအခန်းလေးထဲကနေ ....

ကမ္ဘာမြေအနှံ့ တငြိမ့်ငြိမ့် စီးဆင်းလွင့်ပျံ့ နေလေမလား။ ကျနော် ခံစားကြည့်နေမိတယ်။

ဟင်းလင်းပြင် ကုန်းခြောက်ကြီးပေါ်မှာ

စက်တင်ဘာ ၂၃ က

တခါသာ ဖူးပွင့်ခဲ့ရ

ရာစုရဲ့ ချိုမြနေခြည်လေး ....

လွမ်းခဲ့ရပေါ့

အမေတွေက၊ သားတွေက

ရွာပျက်တွေက၊ စွန်းထင်းခံရ အပျိုမ တွေက

သိပ်သည်းဆများများနဲ့ လွမ်းကြ

အနှံ့အပြား အလွမ်းပင်တောထဲမှာ ....

ကဗျာတွေ ရွတ်ကြ၊ စာတမ်းတွေ ဖတ်ကြ၊ အောက်မေ့ဖွယ်စကားတွေ ပြောကြ။

ဒါ ....ဘာပွဲလဲ၊ ဘယ်သူတွေက ကျင်းပ နေကြတာလဲ။

ဆရာကြီးကို ချစ်တဲ့၊ ငြိမ်းချမ်းရေးကို ချစ်တဲ့၊ လွတ်လပ်ခြင်းကို ချစ်တဲ့ ဆရာကြီးရဲ့ စာမြေး၊ ကဗျာမြေးတွေက ဆရာကြီးရဲ့ (၄၁) နှစ်မြောက် ဆုံးပါးကွယ်လွန်သွားခြင်း နေ့မှာ လွမ်းဆွတ်အောက်မေ့တသစွာ ဂါရဝ ပြုနေကြတာပါ။

(၂)

'ကျနော်တို့ ဘာကြောင့် ဆရာကြီးကို မမေ့နိုင်ကြရတာလဲ ....။

ကျနော်တို့ ဘာကြောင့် ဆရာကြီးကို အောက်မေ့ သတိရနေကြရတာလဲ ....။

ဒီမေးခွန်းတွေရဲ့အဖြေတွေ ကျနော် တို့မှာ အလုံအလောက်ရှိပါတယ်။

ဆရာကြီးဟာ သူဖြတ်သန်းသွားရတဲ့ သမိုင်းခေတ်ရဲ့တာဝန်တွေကို အကျေပွန်ဆုံး ထမ်းပိုးသွားခဲ့တယ်။

ဆရာကြီးဟာ လူထုဆီကိုသွားတယ်။ လူထုဆီကလေ့လာတယ်။ လူထုကြီးအတွက် ထာဝစဉ်ရပ်တည်ခဲ့တယ်။

ဆရာကြီးဟာ တိုက်ပွဲနဲ့ တသီးတခြား မနေဘူး။ တိုက်ပွဲထဲမှာနေတယ်။ တိုက်ပွဲနဲ့ အတူ အမြဲရှိတယ်။

ပြီးတော့ .... ဆရာကြီးဟာ ဘယ်အခါမှ အိုမင်းမသွားဘူး။ ဘယ်အခါမှ ဟောင်းနွမ်းမသွားဘူး။ ဆရာကြီးရဲ့ အတွေးအခေါ်နဲ့ အလုပ်တွေဟာ အမြဲသစ်လွင်နေတယ်။

ဒါကြောင့်လည်း ဗြိတိသျှနယ်ချဲ့အစိုးရ ရဲ့ရန်သူ နံပါတ် (၁) ဖြစ်ခဲ့သလို၊ ကျနော်တို့ ပြည်သူတွေအတွက် မိတ်ဆွေနံပါတ် (၁) ဖြစ်ခဲ့ရတယ်။'

လွတ်လပ်တဲ့သတင်းအေဂျင်စီက ဆရာ ရဲထွဋ်ရဲ့ ဂါရဝစကားတွေပါ။

ဆရာရဲထွဋ်ရဲ့ အမြင်၊ ဆရာရဲထွဋ်ရဲ့ ဆရာကြီးအပေါ်အကဲဖြတ်ချက်တွေကို ကျနော် သဘောတူတယ်။

(၃)

ဒီအခမ်းအနားမှာ ဗကသများအဖွဲ့ချုပ် (နိုင်ငံခြားရေးကော်မတီ)၊ မြန်မာ့သတင်း သမဂ္ဂ၊ လွတ်လပ်သော ကလောင်ရှင်များအ သင်း (မြန်မာနိုင်ငံ)၊ လူ့ဘောင်သစ် ဒီမိုက ရက်တစ်ပါတီ၊ နော်ဝေရောက် ကဗျာဆရာ ချိုစိမ့် (ဆရာကြီးရဲ့မြေး) နှင့် အမျိုးသားနိုင်ငံ ရေးတပ်ပေါင်းစု အထွေထွေအတွင်းရေးမှူး ဦးတင့်ဆွေတို့က ပေးပို့လိုက်တဲ့ သဝဏ်လွှာ များကို အသီးသီးဖတ်ကြားပြီး ဆရာကြီးကို ဂါရဝပြုကြပါတယ်။

သူတို့ဘာကြောင့် ဒီလောက်တန်ဖိုး တထား ဖြစ်ကြရတာလဲ။

(၄)

*'တို့ဗမာတခွင် သခင် ထိုအကျော်အမော် ဂိုဏ်းတွင်ဖြင့်*

*မျို့ရတနာသဘင် အကြင်ဖြဟ္မာစိုရ် ဇော်ကသိုင်းတွေနှင့်*

*ပလ္လင်တနိုင်းပေပ ဇမ္ဗူသမိုင်းပျော်စရာ အချေ*

*အိုကွယ် 'သခင်ကိုယ်တော်မှိုင်း'ရယ်လို့ လူတိုင်းခေါ်ကြစေ။'*

ဒီနေ့ ဒီပွဲမျိုးကို ဒီမှာကျင်းပနေသလို ရန်ကုန်စမ်းချောင်းမြို့နယ် ချမ်းသာ လမ်းထဲက ဆရာကြီးရဲ့နေအိမ်မှာလည်း ကျင်းပနေပေလိမ့်မယ်။

အဲဒီလိုပဲ ....နော်ဝေနိုင်ငံရဲ့ မြို့တော် အော်စလိုရဲ့ ခန်းမတခုမှာလည်း ကျင်းပ နေပေလိမ့်မယ်။

ယုတ်စွအဆုံး ....အကျဉ်းထောင်တွေ ထဲမှာတောင် ငြိမ်းချမ်းရေးချစ်သူတွေဟာ ဒီအထိမ်းအမှတ်ပွဲကို မဖြစ်မနေ ကျားကုတ် ကျားခဲ ကျင်းပနေကြပေလိမ့်မယ်။

ကျနော် မှတ်မိနေသေးတယ်။ ကျနော် ခရီးထွက်ရာက ရန်ကုန်ပြန်ရောက်ခါစ တရက်မှာ ....

ကျနော်နဲ့ ကဗျာဆရာတယောက် တော်ဘုရားလေးကို သွားကန်တော့ကြပြီး အပြန် ဆရာကြီးရဲ့ဂူဗိမာန်ကိုဝင်ပြီး ဂါရဝ ပြုကြတယ်။ အဲဒီမှာ ကျနော်တို့ရင်ထဲ စွဲစွဲ နစ်နစ်အမြဲဖြစ်ရတဲ့ ဆရာကြီးရဲ့ သင်္ကေတ (၄) ခု။

ကဒေါင်း၊ စာအုပ်၊ ချိုးဖြူနှင့် တူတံစဉ်။

ဆရာကြီးရဲ့ ဂူဗိမာန်မှာ ရေးထွင်း ထားတဲ့ အဲဒီသင်္ကေတတွေဟာ ခေတ်လည်း ခေတ်မှီပြီး နိုင်ငံရေးအနက်ကလည်း အများ ကြီးကျယ်ဝန်းတယ်။

ဆရာကြီးဟာ လူထုကြီးကို ချစ်ခဲ့တာနဲ့ အမျှ ငြိမ်းချမ်းရေးကို မြတ်မြတ်နိုးနိုးချစ်ခဲ့ တာပါ။

ဆရာကြီးရဲ့အလုပ်တွေမှာ အဲဒီသင်္ကေတ (၄) ခုကို မြင်ရတယ်။

(၅)

*'သခင်တပည့်တွေနှင့်*

*အတွင်လှည့်ကာ တောင်ခြေကဆင်းပြီး အောင်မြေနင်းပါလို့*

*အပင်းအဆိပ်စားသကဲ့သို့သော အင်္ဂလိပ် များကို*

*ဂျောင်းလက္ခာ ဂျောင်းလက္ခာနှင့် မောင်းကာထုတ်လိုက်သမို့'*

ဆရာကြီးဟာ သမိုင်းခေတ်များဖြတ် သန်းတဲ့နေရာတိုင်းမှာ .... ရန်သူအပေါ် အမြင်ရှင်းစွာ၊ အနာဂတ်ကို ယုံကြည်စွာ ကျောင်းသားထုနှင့်အတူ၊ လူထုကြီးနှင့်အတူ ချီတက်ခဲ့တယ်။ အင်အားစုအသီးသီးရဲ့ ညီညွတ်မှုနဲ့ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ် ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲတွေကို ဆင်နွှဲခဲ့တာကြောင့် ကျနော်တို့ နိုင်ငံဟာ ၁၉၄၈ မှာ လွတ်လပ်ရေးကို အရ ယူနိုင်ခဲ့ပါတယ်။

အဲဒီလို လွတ်လပ်ရေးရပြီး (၄) နှစ် လောက် ကြာတဲ့အခါမှာ ....

*'အဟုတ်ပင် တကယ်လွတ်သော်လဲ*

*ဘယ်ဝင့်ဖန်လာ ကြမ္မာဘေးလေမသိ*

*သြော် .... အင်္ဂလန်က ယခင်အဖန်ဖန် တင်ပြန်တယ်ဆိုတဲ့ ကြွေးတွေရဲ့အပြင်*

*ငွေမရှိပြန်လျှင် အမေရိကန်မှာ ချေး ရတဲ့*

*ကြွေးမျိုးစုံ ကုဋေကဋာဖြင့်*

*ပြေရွာမှာ သေတာလောက် မကောင်း ချိန်မို့'*

ဆရာဟာ အဲဒီလို ညည်းရှာပါတယ်။

ညီညွတ်ရေးတွေ အစည်းပြေ၊ ပြည် တွင်းစစ်တွေ တခြိမ်းခြိမ်းဖြစ်၊ စစ်စရိတ် တွေက ကြီးလာ၊ စီးပွားရေးပေါ်လစီတွေက အလွဲလွဲအချော်ချော်ဖြစ်နေတဲ့အတွက် လွတ် လပ်ရေးရစ ကျနော်တို့ နိုင်ငံငယ်လေးဟာ အကြွေးတွေ ဝိုင်းလာခဲ့ရတာပါ။

ဒါကို ဆရာကြီးက ဘယ်လိုကုစားရမလဲ ဆိုတာ တောက်လျှောက်ထောက်ပြခဲ့ပါတယ်။

> ❝တပြိုင်နက်တည်းမှာ .... လူထုလေးသောင်းကျော် တက်ရောက်တဲ့ ပြည်တွင်း ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးကို ဆရာကြီးတို့ရဲ့ 'ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ'က လူထုကြီးကိုဦးဆောင်ပြီး ပြုလုပ်ခဲ့တယ်။
> ဆန္ဒပြပွဲမတိုင်ခင် တပတ်လောက် ကတည်းက ကြိုတင်ပြီး ပြည်တွင်းစစ်ရပ်စဲရေး၊ ပြည်တွင်းငြိမ်းချမ်းရေးပိုစတာများ ရန်ကုန်တမြို့လုံးနေရာမလပ် ကပ်ထားခဲ့ကြတယ်။ ပိုစတာတွေမှာ ....❞

'သူမနာ ကိုယ်မနာ တွေ့ဆုံဆွေးနွေး အဖြေရှာရမယ်'ဆိုတဲ့ ဆရာကြီးရဲ့ ငြိမ်း ချမ်းရေးလမ်းစဉ်ကို ချပြခဲ့ပါတယ်။

ဒုတိယကမ္ဘာစစ်ကြီးပြီးစမှာ အမျိုးသား ညီညွတ်ရေးတွေ အားကောင်းနေတဲ့ကာလ၊ 'ဆန်းနဲ့သန်း ခေတ်'လို့ ပြောယူရလောက် အောင် အလုပ်လုပ်နိုင်ခဲ့ကြတဲ့ ကာလများကို ဆရာဟာ တော်တော်လွမ်းလွမ်းဆွတ်ဆွတ် ရှိခဲ့တာပါ။

*'အောင်ဇေယတု အောင်ဇေယတုနှင့်*

*အောင်မြေရှုစရာ ဗဟိုရ်ပလ္လင်ပျံ့နှင့်*

*တောင်ခြေတခုမှာ ဗိုလ်ဝင်ခံကြသမို့လဲ*

*ဟိုအရင်ယမန် တံပိုးတွဲတွဲ ထမ်းခဲ့ကြတဲ့*

*စိုးနှင့် သန်းတို့ကိုလည်း တမျိုးကွဲ လွမ်း သူ ဆရာဖအေက*

*မာပါစေ သာပါစေ လာပါစေ ဆုမွန် ကောင်း တောင်းလိုက်ကဲ့ ....'*

ဆရာထောက်ပြခဲ့တဲ့ ငြိမ်းချမ်းရေး လမ်းစဉ်ကို ကိုင်စွဲပြီး အမြော်အမြင်ကြီးစွာ တွေ့ဆုံဆွေးနွေး အဖြေရှာကြမယ်ဆိုရင် ....

*'ကဝိကူဘော် တပည့်သူတော်ကောင်း ရယ်တို့*

*ဇာတ်ပေါင်းကာ အတည်ကျလျှင်တော့ 'အမယ်မင်း'*

*တည်တည်ပပ ညီညီမျှမျှနှင့် ပြည်မြန်မာ့ အလံ မညှိုးမူ၍ ....*

*သြော် .... အနှီသမယ၊ အပြည်ပြည်က တောင် ခရပေမည့် .... '*

ဆရာဟာ ငြိမ်းချမ်းရေးကို အဲဒီလို ယုံကြည်ခဲ့၊ အဲဒီလို မျှော်လင့်ခဲ့တာပါ။

(၆)

ဒါပေမယ့် .... လက်တွေ့အခြေအနေ ဟာ ဆရာမျှော်လင့်သလို ရိုးရိုးရှင်းရှင်း မဖြစ်ခဲ့ဘူး။ သခင်နုအစိုးရရဲ့ ငြိမ်းချမ်းရေး ကမ်းလှမ်းမှုဆိုတာဟာ .... တကယ့် တကယ် အနှစ်သာရမှာ ....လက်နက်ချခိုင်းနေတာ သာဖြစ်ပြီး၊ ပြည်ထဲရေးဝန်ကြီး ဗိုလ်ခင်မောင် ကလေးနှင့် တပ်မတော်မှ ဗိုလ်မှူးအောင်ကြီး တို့ရဲ့ အသံလွှင့်ချက်တွေကလည်း လက်နက် ကိုင်တော်လှန်ရေး အင်အားစုများအပေါ် နိုင်ငံရေးအရ တန်းတူရည်တူလည်း လုံးဝ သဘောထားမှာ မဟုတ်ဘဲ၊ နိုင်ငံရေးအရ လုံးဝစကားပြောမှာလည်း မဟုတ်ဘဲ ....

'ရိုးရိုး လက်နက်ချရေး'သာ လုပ်ကြဖို့ ရက်သတ်မှတ်ပေးခြင်းသာ ဖြစ်နေပြန်ပါတယ်။

ဒါကြောင့်လည်း ဆရာကြီးဟာ

*'ကျွန်ခေတ်စာရင်း တဖန်တခါ ရောက် မလားလို့*

*နောက်တီးနောက်ချာ မခန့်စွာ စိတ် ကယ်နှင့်*

*ကြောက်လဲကြောက်ခါ လန့်ကာထိတ် မိတဲ့အပြင် ....*

*'အမယ်မင်း' မြန်မာ့ရန်နှစ်ထွေ အရိပ် ပေမို့*

*တိတ်နှင့်နမိတ်နှင့် အရာရာတွေးတွေးပြီး*

*သြော် ....ဗမာမြန်ပြည်ထိတ်ဆိုတဲ့*

*ဗမာချန်ကေရှိတ်တို့ကြောင့် စိတ်ဖြင့် ဆရာမအေး။'* ဆိုပြီး ဆရာ့သောကကို ဖွင့် ပြခဲ့ပါတယ်။

တပြိုင်နက်တည်းမှာ ....လူထုလေး သောင်းကျော် တက်ရောက်တဲ့ ပြည်တွင်း ငြိမ်းချမ်းရေးဆန္ဒပြပွဲကြီးကို ဆရာကြီးတို့ရဲ့ 'ပြည်တွင်းငြိမ်းချမ်းရေးကော်မတီ'က လူထု ကြီးကို ဦးဆောင်ပြီး ပြုလုပ်ခဲ့တယ်။

ဆန္ဒပြပွဲမတိုင်ခင် တပတ်လောက် ကတည်းက ကြိုတင်ပြီး ပြည်တွင်းစစ်ရပ်စဲ ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးပိုစတာများ ရန်ကုန်တမြို့လုံးနေရာမလပ် ကပ်ထားခဲ့ကြ တယ်။

ပိုစတာတွေမှာ ....

ပြည်တွင်းစစ်ကြီးအတွင်း သေဆုံးသွားခဲ့ ရသူပေါင်း အစိုးရဘက်က (၅,၀၁၁) ယောက်၊

တော်လှန်ရေးအင်အားစုများဘက်က (၂၈,၆၇၅) ယောက်။

သာမန် အရပ်သူအရပ်သား (၉,၇၀၄) ယောက်။

စစ်ကြောင့်ပျက်စီးခဲ့တဲ့ ရွာ (၉၇၆) ရွာ၊

မီးရှို့ခံရတဲ့ရွာ (၁,၅၇၀) ရွာ။

ပြောင်းရွှေ့ခံရတဲ့ ရွာ (၇၆၈) ရွာဆိုတဲ့ တိကျတဲ့ ကိန်းဂဏန်းများ၊ စာရင်းဇယား များကိုပါ ထည့်သွင်းဖော်ပြခဲ့ကြတယ်။

လူထုကြီးက အမှန်တကယ် စစ်ကိုအဆုံး သတ်ချင်ကြလှပြီ။

စာမျက်နှာ (၁၁) ကော်လံ (၁) သို့ ...

နိုင်ငံတခုမှာ တပ်မတော်ရှိရမယ်။ ကိုယ့်ကိုယ်ကိုကာကွယ်ဖို့ တပ်မတော်ထားရှိရမယ်။ ဒါသဘာဝကျတယ်။ ဗမာပြည်မှာ မဟာဗန္ဓုလ ကျဆုံးပြီးကတည်းက တူတူတန်တန်တပ်မတော်တရပ် မရှိတော့ဘူး ဖြစ်သွားတယ်။ ဗမာပြည် သူ့ကျွန်ဘဝရောက်ရတာရဲ့ အကြောင်းရင်းတခုဟာ ခိုင်ခံ့တဲ့ တပ်မတော်တရပ် မရှိတာပဲ။ သီပေါမင်းလက်ထက်ကျတော့ စစ်တပ်ကို အမိန့်ပေးသူတွေ ရှုပ်ထွေးသွားတယ်။ စုဖုရားလတ်က အမိန့်ပေးတယ်။ ကင်းဝန်က အမိန့်ပေးတယ်။ တိုင်တားက အမိန့်ပေးတယ်။ အမိန့်ပေးဌာနတွေကွဲနေတာဟာ တပ်မတော်ကွဲတာပဲ။

အခုလည်း နအဖရဲ့စစ်တပ်မှာ ဒီဗိုလ်ခင်ညွန့်အပေါ် ပြစ်ဒဏ်ချမှတ်တာဟာ နအဖသမိုင်းမှာ ပထမဆုံးအကြိမ် ထိပ်တန်းခေါင်းဆောင်တယောက်ကို ရာဇဝတ်ပုဒ်မနဲ့ အရေးယူတာဖြစ်တယ်။ သူ့အရင်က ဟာတွေကို ဖြုတ်သာဖြုတ်ခဲ့တယ်၊ ရုံးတင်အပြစ်ချတာ၊ ထောင်ချတာ မလုပ်ခဲ့ဘူး။ အခုဟာ နောင်အတွက် အစဉ်အလာဖြစ်သွားနိုင်တဲ့လုပ်ရပ်ပဲ။ ဒါဆိုရင် ဒီလိုစဉ်းစားကြည့်ပါ။ စစ်အုပ်စုထဲမှာ နောက်ထပ်အရေးယူတာတွေ မရှိတော့ဘူးလို့ ဘယ်သူအာမခံနိုင်သလဲ။ မုချပဲ ရှိဦးမှာ။ အဲဒီလို အရေးယူပြီဆိုရင် အရေးယူခံရတဲ့ (ဆိုပါစို့) တိုင်းမှူး၊ ဒါမှမဟုတ် တပ်မမှူးဟာ ရှိသမျှစည်းစိမ်အသိမ်းခံရပြီး ထောင်အနှစ် (၄၀) အကျခံဖို့အတွက် အသာတကြည် အဖမ်းခံဖျက်လိုက်ပြီးပြီ။ သူက ဘာကိုအားပြုပြီး ထောင်ထားမှာတဲ့လဲ။ လက်နက်ကိုင်တပ်တွေနဲ့သူနဲ့ အဟပ်ကွာ၊ အလှမ်းဝေးနေခဲ့တာကလည်း ဆယ်စုနှစ် သုံးလေးခုတောင်ရှိတော့မယ်။ အခုရှိနေတဲ့ တပ်တွေက သူ့နောက်လိုက်ပြီး ပုန်ကန်ခြားနားဖို့ဆိုတာ ဗိုလ်ခင်ညွန့်ကိုယ်တိုင်တောင် အိပ်မက်မမက်ဝံ့တဲ့ကိစ္စ။ လက်ရှိတပ်မှူးကြီးဆိုသူတွေ ဘက်ကကြည့်ရင်လည်း အင်္ဂလိပ်စကားပုံ တခုလို– ဘယ်သူမှ ရှုံးမယ့်မြင်းအပေါ် ပုံမအောဘူး။

ဟုတ်တယ်၊ ဗိုလ်ခင်ညွန့်သိတာတွေ အများကြီးပဲ။ ဗိုလ်နေဝင်းလက်ထက်ကစလို့ သူအဖမ်းခံရတဲ့အချိန်အထိ စစ်အစိုးရ အဆက်ဆက်ရဲ့ အတွင်းရေးတွေကို အသိဆုံး




■ ဗမာပြည်မှာ မဟာဗန္ဓုလ ကျဆုံးပြီးကတည်းက တူတူတန်တန် တပ်မတော်တရပ် မရှိတော့ဘူးဖြစ် သွားတယ်။ ဗမာပြည် သူ့ကျွန်ဘဝရောက်ရတာရဲ့ အကြောင်းရင်းတခုဟာ ခိုင်ခံ့တဲ့တပ်မတော်တရပ် မရှိတာပဲ။ သီပေါမင်း လက်ထက်ကျတော့ စစ်တပ်ကို အမိန့်ပေးသူတွေ ရှုပ်ထွေးသွားတယ်။ စုဖုရားလတ်က အမိန့်ပေးတယ်၊ ကင်းဝန်က အမိန့်ပေးတယ်၊ တိုင်တားက အမိန့်ပေးတယ်။ အမိန့်ပေးဌာနတွေ ကွဲနေတာဟာ တပ်မတော်ကွဲတာပဲ။ ■

လက္ခဏာတွေ ပိုပိုတွေ့လာနေရတယ်။ ဒါကြောင့် ဒီတပ်မတော်ဟာ အက်ကြောင်းတွေနဲ့ ဖြစ်တယ်။ ကွဲနေတယ်လို့ ဆိုနိုင်တယ်။ ဒါဟာ တိုင်းပြည်အတွက် စိုးရိမ်စရာဖြစ်တယ်။ ဒီနေ့လို ကမ္ဘာ့အခင်းအကျင်းသစ်တခုအတွက် အားလုံးက ကိုယ့်အားကိုယ်ကြီးအောင်လုပ်ပြီး နေရာလုနေချိန်မှာ ဗမာပြည်ဟာ သူများတံတောင်နဲ့တွန်းတာနဲ့ နောက်တန်းကို ရောက်သွားရယုံမက လုယက်နေတဲ့ သူများတွေရဲ့ ခြေထောက်အောက်ရောက်သွားမှာတောင် စိုးရတယ်။ ဗမာပြည်ရဲ့ ခေတ်သစ်တပ်မတော်တရပ်ကို တည်ထောင်ခဲ့သူတွေထဲမှာ ပါခဲ့တဲ့( BIA-BDA-PDF) တပ်သားဟောင်းကြီးတွေက တပ်မတော်မပြိုကွဲဖို့အတွက် သားရွှေအိုးထမ်းလမ်းစဉ်ကို တင်ပြခဲ့တယ်။ ဒါပေမယ့် နအဖဟာနားမဝင်ခဲ့ဘူး။ အသိခေါက်ခက် အဝင်နက်ပဲ။ အာဏာလက်မလွှတ်ရေးကိုပဲ သဲကြီးမဲကြီးလုပ်နေခဲ့တယ်။ သူတို့တတွေ အာဏာမြဲဖို့လုပ်လေ၊ အာဏာကို အသုံးပြုပြီး ကိုယ်ကျိုးရှာလေ တပ်မတော် ပြိုကွဲလေပဲဖြစ်ခဲ့တယ်။

ဒီလိုအခြေအနေမှာ တလောက ဗိုလ်ခင်ညွန့်အပေါ် စီရင်ချက်ချလိုက်တာဟာ အားလုံးက စိတ်ဝင်တစား ပြောဆိုစရာဖြစ်လာတယ်။ အဓိက ကတော့ ‘ဆိုင်းငံ့’ ဆိုတာကိုပဲ။ ဗိုလ်ခင်ညွန့်အရေးယူမှုကို အာရုံစိုက်သူတွေထဲမှာ စစ်တပ်တွင်းက တပ်မှူးတပ်သားတွေလည်းပါတယ်ဆိုတာ မေ့လို့မဖြစ်ဘူး။ သူတို့က ကိုယ့်ဘဝနဲ့ယှဉ်ပြီး စဉ်းစားစောင့်ကြည့်နေကြတာဖြစ်တယ်။

ပြည

ပါ့မလား။ ဘယ်သူမှခံမှာမဟုတ်ဘူး။ ပြန်ခုခံမှာပဲ။ ဒါဆိုရင် ပြဿနာဟာ ပုဆိန်နဲ့ ပေါက်ရတာထက်တောင် ခက်လိမ့်မယ်။ ဒါကြောင့်မို့ နအဖ စစ်အစိုးရဟာ အရင် ဗိုလ်နေဝင်း လက်ထက်က လုပ်လေ့ရှိတဲ့ အစဉ်အလာအတိုင်း ရာထူးကဖြုတ်တာ၊ ကာလတချျုပ်တာပဲလုပ်ဖို့ ပြန်ဆုံးဖြတ်ရတာဖြစ်တယ်။

တဖက်ကကြည့်ရင်လည်း အနှစ်လေးဆယ်ကျော် စစ်တပ်အာဏာရှင်သမိုင်းမှာ တပ်နဲ့ကင်းကွာသွားတဲ့ ဗိုလ်ချုပ်ဆိုတာ အစွယ်ကျိုးတဲ့ မြွေထက်တောင်ပိုပြီး အန္တရာယ်နည်းသေးကြောင်း တွေ့ခဲ့ကြရတယ်။ အစောဆုံးဖြုတ်ခဲ့တဲ့ ဗိုလ်မောင်မောင်တို့ ဆိုရှယ်လစ်အုပ်တွေတုန်းကဆိုရင် စစ်သံမှူး၊ သံအမတ်စတာတွေ ခန့်ပြီးချွေးသိပ်တာ၊ ပြည်ပပို့လိုက်တာတွေ လုပ်ရသေးတယ်၊ (၆၂) နှစ်ခု နောက်ပိုင်းဖြုတ်ခဲ့တဲ့ ဗိုလ်တွေကျတော့၊ ဗိုလ်အောင်ကြီးအပါ၊ ဘာမှ ချွေးသိပ်ဖို့မလိုဘူး။ သတ်မပစ်တာပဲ ကျေးဇူးတင်ရဦးမယ်ဆိုတဲ့ အနေအထားမျိုးရောက်အောင်လုပ်နိုင်ခဲ့တယ်။ အရေးကြီးတာ အဲဒီအရေးယူခံရတဲ့ တပ်မှူးကြီးကို တပ်နဲ့ ကွာသွားအောင်လုပ်လိုက်ဖို့ပဲ။

အခု ဗိုလ်ခင်ညွန့်ကျတော့ သူ့ထောက်လှမ်းရေးယန္တရားကြီး တခုလုံးကိုတောင် လူလို့ ဆိုရလောက်အောင်ကိုသိတယ်။ သူသာ နိုင်ငံခြားကိုထွက်ပြေးပြီး သူသိတာတွေကို ရောင်းစားရင် မခက်လား။ မပူပါနဲ့။ သူ့တဆွေလုံး တမျိုးလုံးကို နအဖက ဓားစာခံဖမ်းထားတယ်မဟုတ်လား။ နအဖပါတဲ့၊ မပိုင်ရင်မလုပ်ဘူး။

နောက်ပြီး ဗိုလ်ခင်ညွန့်ကိုယ်တိုင်က သူဟာတခြားတနိုင်ငံကို ထွက်မပြေးပါဘူးလို့ ဝန်ခံကတိပေးမထားဘူးလို့ ဘယ်သူပြောနိုင်သလဲ။

နအဖအဖို့ ပြောရင် ရေရှည်သဘောအရ ဗိုလ်ခင်ညွန့်ကိစ္စကို အခုလိုဖြေရှင်းလိုက်တာဟာ အကောင်းဆုံးပဲ။ သူတို့မှာ နောင်ဖြေရှင်းရဦးမယ့် အာခံမှုတွေ၊ ထောင်ထားမှုတွေက အများကြီးရှိသေးတယ်။ စစ်အရာရှိကြီးတွေကို နောင်အရေးယူရာမှာ အသာတကြည် အေးအေးချမ်းချမ်းဖြစ်ဖို့က သူတို့အဖို့ အရေးအကြီးဆုံးပဲ။

ခက်တာက နအဖစစ်တပ်ရဲ့ ဒီနေ့ဖွဲ့စည်းပုံကိုက အာဏာနဲ့ ကိုယ်ကျိုးစီးပွား အပေါ်မှာ အခြေခံထားတာဖြစ်နေတယ်။ အာဏာနဲ့ ကိုယ်ကျိုးစီးပွားဟာ တိုက်ရိုက်ဆက်နေတယ်ဆိုတာကို ဗိုလ်ခင်ညွန့်နဲ့ သူ့ထောက်လှမ်းရေးတွေ ကောင်းစားတုန်းကရော၊ ပြုတ်တဲ့ အခါမှာရော တွေ့ကြရတယ်။ အဲတော့–

နအဖစစ်အုပ်စုအဖို့ အရှေ့မိုးကောင်းကင်မှာ မည်းမည်းညို့လို့ လျှပ်တွေပစ်၊ မိုးတွေချုန်းနေတုန်းပါ။

❖

## မယုံမရှိနဲ့ ပုံပြင်



ကျွန်းပင်မှန်း မသိ၊
ကိုင်းပင်မှန်းမသိ
‘‘ကွန်စတီကျူးရှင်း’’မှန်းမသိ၊
‘‘ကွန်ဗန်းရှင်း’’မှန်းမသိ
‘‘ဝဲယ်သာ’’ဆိုတာ ဖြုတ်လဲလို့ မရမှန်းမသိ
မသိခြင်းများစွာထဲက
‘‘အနတ္တ’’ သဘောကို
သိဖို့ဆိုတာ ဝေးရောပေါ့ ....။

ငရဲမှန်းမသိ နတ်ပြည်မှန်းမသိနဲ့
အဖြစ်မရှိ၊ အဖျဉ်းပဲရှိတဲ့အထဲက
လူရာဝင်ဆံ့ချင်တော့
အနူက လက်ခေါက်မှုတ်ပြနေပြန်ရော ....။

မတန်မရာ ညီလာသဘင်မှာ
ဘုရင်နဲ့ခွေး ဆင်နဲ့ပွေးလို
အနူနဲ့ လက်ခေါက်၊ ပုလ္လင်နဲ့မျောက်
မဖြစ်စလောက်မာနလေးနဲ့
မသေဆေးရှာရင်း သေတွင်းဝရောက်
မျောက်ကတော့
ပလ္လင်နဲ့ မထိုက်မှန်းသိသွားတယ်။

ရေချမ်း

## မြွားနတ်မောင်မဂ္ဂဇင်းအယ်ဒီတာ ထိုင်းမြန်မာနယ်စပ်သို့ရောက်ရှိ



မြွားနတ်မောင်မဂ်လာမဂ္ဂဇင်းအယ်ဒီတာ
ဒေါက်တာလွှမ်းဆွေ

မြွားနတ်မောင်မဂ်လာ မဂ္ဂဇင်းထုတ်ဝေသူ တာဝန်ခံအယ်ဒီတာ ဒေါက်တာလွှမ်းဆွေသည် ဇူလိုင်လ (၁) ရက်နေ့က ထိုင်းမြန်မာနယ်စပ်သို့ ရောက်ရှိလာခဲ့သည်။ မြန်မာစာဖတ်ပရိတ်သတ်၏ နှစ်ခြိုက်အားပေးမှုကို အတိုင်းအတာတခုအထိ စွမ်းဆောင်နိုင်ခဲ့သော မြွားနတ်မောင်မဂ္ဂဇင်းတွင် ဒေါက်တာလွှမ်ဆွေသည် (၁၉၉၆) ခုနှစ် နိုဝင်ဘာလမှစ၍ ပြည်ပသို့ထွက်ခွာလာခဲ့သည့်တိုင် တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဒေါက်တာလွှမ်းဆွေက ထိုင်းနိုင်ငံသို့ ထွက်လာခဲ့ရခြင်းနှင့်ပတ်သက်၍‘‘ဒီနေ့ခေတ်အချိန်မှာ စာပေဈေးကွက်က တဖြည်းဖြည်းကျဆင်းလာတော့ ကျနော်တို့လုပ်သလောက်အရာမထင်တော့ဘူးပေါ့။ကျနော်တို့ မဂ္ဂဇင်းတအုပ်လုပ်တယ်ဆိုတာကလည်း ကိုယ့်ယုံကြည်ချက်အတွက် ကိုယ့်ရပ်တည်ချက်အတွက် ပေးသင့်တာလေးတွေ ပေးတယ် ဆိုတော့ အဲဒီလောက တဖြည်းဖြည်းကျယ် ပြန့်မှု ကနည်းလာတဲ့အခါ ကိုယ့်လုပ်ရပ်အပေါ် သိပ်အားမရတော့ဘူး။ အဲဒီတော့ အပြင်ထွက်ပြီး လွတ်လွတ်လပ်လပ်နဲ့ လုပ်ချင်လို့ ထွက်လာတာပါ။ အဓိကကတော့ အဲဒီရည်ရွယ်ချက်ပေါ့။ တိုင်းပြည်ကောင်းအောင်လုပ်မယ့်လူတွေအားလုံးနဲ့ တထောင့်တနေရာက ပါဝင်ဆောင်ရွက်ချင်လို့ပါ။ ပူးပေါင်းဆောင်ရွက်ချင်လို့ပါ အဲဒါပါပဲ’’ဟု ဒီဗွီဘီနှင့် အင်တာဗျူးတွင် ရှင်းပြခဲ့သည်။ စာပေပညာရှင်များ၊ အနုပညာရှင်များ တယောက်ပြီးတယောက် မြန်မာနိုင်ငံကို စွန့်ခွာခဲ့ကြခြင်းသည် တိုင်းပြည်စာဖတ်ပရိတ်သတ်အတွက် ဆုံးရှုံးမှုတခုပင် ဖြစ်ကြောင်း၊ မြန်မာပြည်တွင် စာပေလွတ်လပ်ခွင့်ရရှိရေးအတွက် ဒီမိုကရေစီတိုက်ပွဲ မြန်မြန်အောင်မြင်မှ ဖြစ်နိုင်မည်ဖြစ်ကြောင်း ပြင်ပတွင်ရှိနေသော ဒီမိုကရေစီတိုက်ပွဲဝင် အင်အားစုများကို မိမိတတ်ကျွမ်းသည့်ပညာရပ်များနှင့် ထိထိရောက်ရောက် ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။ ❖

## စာမျက်နှာ (၉) ဇွန်မှိုင်း ဆောင်းပါးမှ ...

စစ်ဒဏ်ကို သူတို့ ခါးစည်းပြီးခံခဲ့ကြရတာ လွတ်လပ်ရေးသက်တမ်းနှင့်အမျှပါပဲ။

ဒီအတွက် ....တောရော မြို့ပါ ဝန်ထမ်းတွေပါမကျန် ငြိမ်းချမ်းရေးဆန္ဒပြပွဲမှာ ဝင်ပြီး သူတို့ရဲ့ ရင်ထဲကဆန္ဒတွေကို ထုတ်ဖော်ပြသကြတယ်။

ဒါပေမယ့် ကာကွယ်ရေးဝန်ကြီး ဦးဗဆွေက သတင်းစာဆရာများကို ဖိတ်ခေါ်ပြီး 'လောလောဆယ် အတိုက်အခံများ ပြုလုပ်နေတဲ့ ငြိမ်းချမ်းရေးဆန္ဒပြပွဲဟာ သွေးရိုးသားရိုးမဟုတ်ဘဲ တောတွင်းက ညွှန်ကြားချက်အရ လုပ်ခြင်းသာဖြစ်တယ်'ဆိုပြီး စွပ်စွဲပုတ်ခတ်လာခဲ့တယ်။ ငြိမ်းချမ်းရေး ဆန္ဒပြသူတို့ရဲ့ နိုင်ငံရေးတန်ဖိုးကို တောနှင့်ပေးစားတဲ့နည်းနှင့် လျှော့ချပစ်တာပါ။ ရန်ကုန်မြူနီစီပယ်ကလည်း 'ပိုက်အဟောင်းတွေဖျက်ပြီး ပိုက်အသစ်တွေတပ်မယ်'ဆိုပြီး အကြောင်းပြကာ ငြိမ်းချမ်းရေးဆန္ဒပြသူများ ရေအခက်အခဲဖြစ်အောင် လုပ်ကြံခဲ့ပြန်ပါတယ်။

လုပ်ပုံကတော့ နဝတ၊ နအဖနှင့် သူရဲ့ လက်ကိုင်တုတ်အဖွဲ့အစည်းတွေ လုပ်ကိုင်ကြတဲ့ပုံအတိုင်းပါပဲ။

လူထုကို ဆန့်ကျင်တဲ့နေရာမှာ၊ နိုင်ငံရေးအင်အားစုတွေကို ဆန့်ကျင်တဲ့နေရာမှာ၊ ငြိမ်းချမ်းရေးကို ဆန့်ကျင်တဲ့နေရာမှာ တကယ်ကို ချွတ်စွပ်၊ တကျောင်းထဲထွက်တွေ၊ သင်ရိုးတခုတည်း တက်ခဲ့ကျက်ခဲ့သူတွေ ပီသပါပေတယ်။

(၇)

ကြို့ဖွဲ့အဖွဲ့ကဦးစီးပြီး လူထုဆန္ဒဖော်ထုတ်ပွဲဆိုတာတွေ ဇွတ်လုပ်ပြီး ဒေါ်စုနှင့် အဲန်အယ်လ်ဒီကို တိုက်ခိုက်ပြောဆိုကြတာ၊ ၁၉၉၅ နိုဝင်ဘာထဲမှာ ဒေါ်စုတို့ကားကို ဦးကြည်မောင်အိမ်ကအထွက် ဝိုင်းရိုက်ကြတာ၊ မိုးကုတ်၊ မန္တလေး၊ မုံရွာခရီးစဉ်တွေမှာ အနှောင့်အယှက်ပေးကြတာ၊ ဒီပဲယင်းမှာ ဘာရိတ်မရှိ၊ ဂီယာမရှိ အလွန်အကျွံအကြမ်းဖက်တိုက်ခိုက်လာတာ၊ ပြီးတော့ ဒီရက်ပိုင်းမှာပဲ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် စစ်ပြန်စစ်မှုထမ်းဟောင်းများအဖွဲ့တွေရဲ့ ညီလာခံတွေမှာ တောပြောတောင်ပြော ပြောနေကြတာ။ အဲဒါတွေက ဘာတွေလဲ၊ ဘာသဘောတွေလဲ၊ ရှင်းပါတယ်။

လူထုကို ဆန့်ကျင်ကြတာ၊ လူထုခေါင်းဆောင်ကို ဆန့်ကျင်ကြတာ။

လူထုခေါင်းဆောင်က ချပြတဲ့ 'တွေ့ဆုံဆွေးနွေးအဖြေရှာရေး'ဆိုတဲ့ တရားကိုပါ ဆန့်ကျင်ပြကြတာဖြစ်ပါတယ်။

ဆရာကြီးရဲ့ တရားပွဲတွေနဲ့ ခရီးစဉ်တွေတုန်းကလည်း

*'တချို့ တချို့သောသူတွေ ဒေါသမာန်ပွားရေ့သလား*

*နှုတ်သီးမသာမယာ လောကဓံတရားပေထင့်*

*သုတ်သီးသုတ်ပြာ ပြန်ကာသွားကြတဲ့ပြင်*

*အဆုံးအမမခံ မုန်းကြဟန်များလိုက်ပုံက*

*အမယ်မင်း တရားတပွဲမျှ ဟောတာနှင့်*

*မဟားဒယားနှင့် အလကားဘဲ (ဂဲ)ကျကျပြီး*

*ဩော် ....အများက ဆဲကြတကော။'*

ဆရာကြီးလည်း ဒီကံကြမ္မာကို ကြုံခဲ့ရဖူးတယ်။

လူထုကြီးအတွက် မိတ်ဆွေနံပါတ် (၁) ဟာ ဖောက်ပြန်တဲ့ အုပ်စိုးသူ အာဏာရှင်တို့ရဲ့ရန်သူနံပါတ် (၁) ဖြစ်မှာ သေချာတယ်။

အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ ရန်သူရဲ့ပက်ပက်စက်စက် အစော်ကားခံရမယ်။ အချေမှုန်းခံရမယ်။

ဒါကတော့ သိပ်ကိုသေချာတဲ့ တရားတခုပါ။

(၈)

ဆရာကြီးက အားလုံးရဲ့အကျိုးကို ရှေ့ရှုပြီး ရိုးရိုးသားသားနဲ့ စိတ်စေတနာသန့်ရှင်းစွာနဲ့ 'သူမနာကိုယ်မနာ ငြိမ်းချမ်းရေးလမ်းစဉ်'ကို ကိုင်စွဲပြီး ထောက်ပြခဲ့ပေမယ့် အုပ်စိုးသူဘက်က သဘောထားမမှန်ရင် ကိုယ့်တော်လှန်ရေးအင်အားစုတွေက ....အတွေးအခေါ်နဲ့ အမြော်အမြင်မပြည့်စုံရင် သို့မဟုတ် တိမ်းစောင်းသွားရင် လက်နက်နဲ့ဒီမိုကရေစီလဲတာ ဖြစ်မလာဘဲ၊ လက်နက်နဲ့ဖော့ဦးထုပ်လဲလိုက်ရတဲ့ အဖြစ်မျိုး (၁၉၅၈) က တချို့ကြုံခဲ့ရဖူးတယ်။

ဒါကို မြင်လည်းမြင်ပြီး ဆင်လည်းဆင် ခြင်နိုင်ဖို့ဆိုတာ၊ လူတဦးချင်းပဲဖြစ်ဖြစ်၊ အဖွဲ့ အစည်းတခုချင်းပဲဖြစ်ဖြစ်၊ တပ်ပေါင်းစုတခု လုံးအနေနဲ့ပဲဖြစ်ဖြစ် အင်မတန်အရေးကြီးပါတယ်။

နိုင်ငံရေးမှာ အဆုံးအဖြတ်မှားလို့ မရပါဘူး။ ရပ်တည်ချက်မှားသွားရင် ဝိဓူရတောင်ခွေးကတက်ဖြစ်သွားတတ်တာကလား။

လူထုကြီးက မျက်စိမလယ်ဘူး။ ချီးကျူးစရာရှိတာကို ချီးကျူးပြီး ....အပြစ်တင်စရာရှိတာကို အပြစ်တင်မှာသေချာတယ်။ လျှော့မှာမဟုတ်ဘူး။ မျက်နှာကြီးငယ်လိုက်မှာ မဟုတ်ဘူး။ အဲဒီတော့ ဘယ်သူမဆို၊ ဘယ်အဖွဲ့အစည်းမဆို အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံ ရှုမြင်တွက်ချက်နိုင်ရမှာဖြစ်သလို၊ မိတ်ဆွေ ရန်သူ ကွဲကွဲပြားပြားသိရှိ ရှင်းလင်းနိုင်ရမှာဖြစ်သလို၊ မိမိယုံကြည်မှုအပေါ်မှာလည်း သစ္စာခိုင်ခိုင်မြဲကြရမှာဖြစ်ပါတယ်။

ကျနော်တို့ ဆရာကြီးကို အောက်မေ့ဂါရဝပြုကြတဲ့ ဒီနေ့ပွဲမှာ ....

'ဆရာမှိုင်းရဲ့ အမွေ'ဆိုတဲ့ ဆရာမောင်စွမ်းရည်ရဲ့ကဗျာ တပိုင်းတစဟာ ကျနော့်ရင်ထဲမှာ ပွဲတင်ထပ်နေတယ်။

*'ပြည်သူ့ဘက်မှ စဉ်ဆက်ရပ်တည်*
*ဤဂုဏ်ရည်ကို ခွန့်ရှည်မြဲမြဲ*
*အမွေခံဖို့*
*ရန်သူ ရဲဘော် ကွဲစေသော်*
*ပြတ်သားခိုင်ကျည် ရဲစေသော်။'*

ရန်သူ ရဲဘော် ကွဲမကွဲ၊ ပြတ်သားခိုင်ကျည် ရဲမရဲ၊ ကျနော်တို့အားလုံး အားမနာတမ်း မကွယ်မဝှက်တမ်း ကိုယ့်ကိုယ်ကိုယ် မေးကြည့်ကြရင်း ဆရာမှိုင်းရဲ့အမွေကို ကျနော်တို့ ဘယ်လောက်ရယူ ဆုပ်ကိုင်ထားနိုင်ကြပြီလဲဆိုတာကို မှန်ရှေ့ထွက်ရပ်ပြီး ကြည့်ကြရအောင်ပါ။

ဆရာမှိုင်းရဲ့အမွေ အပြည့်အဝ ရနိုင်ကြပါစေ။

ဇွန်မှိုင်း(၂၃၊ ၇၊ ၂၀၀၅။)

# ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ခင်ညွန့်အား ဆိုင်းငံ့ထောင်ဒဏ် ၄၄ နှစ်ချမှတ်

နအဖဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ခင်ညွန့်အား အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများအပါအဝင် စွဲချက် (၈) ခုဖြင့် အင်းစိန်ထောင်အတွင်းရှိ အထူးတရားရုံးမှ ဆိုင်းငံ့ထောင်ဒဏ် (၄၄) နှစ် ချမှတ်လိုက်သည်။ ဇူလိုင် (၂၀) ရက်က စတင်ခဲ့သော (၃) ရက်ကြာ စစ်ဆေးကြားနာမှုများအပြီးတွင် ယခုကဲ့သို့ ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။

ရန်ကုန်မြို့ သံတမန်တဦးက ယခုကဲ့သို့ ဆိုင်းငံ့ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဟာ အံ့အားသင့်စရာ ဖြစ်ကြောင်း၊ လူတိုင်းက သူတို့ကို ကြီးလေးတဲ့ပြစ်ဒဏ်တွေချမှတ်မည်ဟု ယူဆနေကြကြောင်း အေအက်ဖ်ပီသို့ ပြောကြားသည်။



နအဖဝန်ကြီးချုပ်ဟောင်း
ဗိုလ်ချုပ်ကြီးခင်ညွန့်

ယခုကဲ့သို့ ဆိုင်းငံ့ထောင်ဒဏ်ချမှတ်လိုက်ခြင်းသည် စစ်တပ်တွင်း၌ ၎င်း၏ဩဇာလွှမ်းမိုးမှုရှိနေဆဲဆိုသည်ကို ဖော်ပြနေကြောင်း သုံးသပ်ကြသလို အချို့ကလည်း တပ်တွင်းရှိ ဗိုလ်ချုပ်ခင်ညွန့်နှင့် လက်တွဲခဲ့သည့် အဆင့်မြင့်အရာရှိအချို့က သူ့အား အနည်းငယ်သက်ညှာလိုသော သဘောဖြစ်နိုင်ကြောင်း ယူဆကြသည်။

ဆိုင်းငံ့ပြစ်ဒဏ်နှင့်ပတ်သက်၍ အဲန်အယ်လ်ဒီပါတီ၏ ဥပဒေရေးရာအဖွဲ့ဝင်တဦးဖြစ်သူ ဦးဉာဏ်ဝင်းက "ရာဇဝတ်ကျင့်ထုံးဥပဒေ (၄၀၁) ဆိုင်းငံ့ပြစ်ဒဏ်ဆိုတာ အုပ်ချုပ်ရေးအာဏာပိုင်များရဲ့ အာဏာ၊ တရားရုံးနှင့်လုံးဝမဆိုင်ဘူး။ အာဏာပိုင်တွေက အကြောင်းပြချက်လုံးဝမလိုဘူး။ ဆိုင်းငံ့ချင် ဆိုင်းငံ့လို့ရတယ်။ ဒီ Practice က ဒီအစိုးရလက်ထက်မှာ အရမ်းများတယ်။ သူတို့က ဥပဒေမှာပါတဲ့ဟာကို အမိအရသုံးတာပေါ့။ အရင်ခေတ်တုန်းကတော့ ဒါကို အတော်ချင့်ချင့်ချိန်ချိန်နဲ့သုံးတယ်"ဟု ဘီဘီစီနှင့်အင်တာဗျူးတွင် ရှင်းပြခဲ့သည်။

ဦးဉာဏ်ဝင်းမှ ဆက်လက်၍ မည်သူပင်ဖြစ်စေ အများပြည်သူရှေ့မှောက်တွင် တရား စီရင်ရန် လိုအပ်ကြောင်း၊ ယခုကဲ့သို့ တရားစီရင်မှုမှာ ဥပဒေပြဋ္ဌာန်းချက် တရားစီရင်ရေးမူနှင့် မကိုက်ညီကြောင်းပြောသည်။

ဝါရင့်နိုင်ငံရေးသမားကြီးတဦးက "အဲဒါတော့ (၄၄) နှစ်က ဆိုင်းငံ့ပြစ်ဒဏ်နဲ့ပေးတော့ အင်မတန်ပေါ့ပါးတဲ့သဘောမျိုး မြင်ရတယ်။ နှိုင်းယှဉ်ကြည့်လို့ရှိရင် အဲန်အယ်လ်ဒီ ဒေါက်တာသန်းငြိမ်းလိုလူ၊ ဒေါက်တာမေဝင်းမြင့်လိုလူ ထောင် (၇) နှစ်စီဆိုပြီးချတော့ အပြစ်ပေးတဲ့အခါကျတော့ ပုဒ်မ (၁၀/က) နဲ့၊ အဲန်အယ်လ်ဒီကလူတွေ အပြစ်ရတာနဲ့ ဗိုလ်ချုပ်ခင်ညွန့်အပြစ်ရတာ နှိုင်းယှဉ်ပြတာပါ။ ဒါစဉ်းစားနိုင်အောင်လို့၊ ဒါကို သုံးသပ်လိုက်တဲ့အခါကျတော့ ငါတို့ လုပ်ချင်ရာကို လုပ်နိုင်တယ်။ ဒါကြောင့် ငါတို့ လုပ်ချင် ရာကို လုပ်တယ်ကွာဆိုပြီးတော့ လုပ်တယ် လို့ပဲ ကျနော်ကတော့ အဲဒီလိုပဲ မြင်ပါတယ်" ဟု ၎င်း၏ အမြင်ကို ဒီဗွီဘီသို့ ပြောကြားသွားခဲ့ သည်။

၂၀၀၄ခုနှစ် အောက်တိုဘာလတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ကျန်းမာရေး အကြောင်းပြချက်ဖြင့် ရာထူးမှဖယ်ရှားခဲ့ပြီး နောက်ပိုင်းတွင် အာဏာဖီဆန်မှု၊ လာဘ်ပေးလာဘ်ယူမှုတို့ဖြင့် စွပ်စွဲခံခဲ့ရကာ အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။

သားအကြီးဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ဇော်နိုင်ဦးအား လာဘ်စားမှု၊ အာဏာအလွဲသုံးစားလုပ်မှုအပါအဝင် စွဲချက် (၁၀) ခုဖြင့် ထောင်ဒဏ် (၆၈) နှစ်၊ သားအငယ် ဒေါက်တာရဲနိုင်ဝင်းအား သွင်းကုန်ထုတ်ကုန် စည်းမျဉ်းဥပဒေ ချိုးဖောက်မှု၊ ပြည်သူပိုင်ပစ္စည်း လက်ဝယ်ထားရှိမှုစသော စွဲချက်များဖြင့် ထောင်ဒဏ် (၅) နှစ်စီ အသီးသီးချမှတ်ခဲ့သည်။ ဇနီးဖြစ်သူ ဒေါက်တာဒေါ်ခင်ဝင်းရွှေမှာ တရားရုံးတွင် အမှုရင်ဆိုင်နေဆဲဖြစ်ပြီး မြေးဖြစ်သူ ဗဟန်းအမက (၃) မှ မောင်သုခအား ကျောင်းမှ ရာသက်ပန်ထုတ်လိုက်ကြောင်းသိရသည်။

၂၀၀၃ ခုနှစ်တွင် စစ်အစိုးရ၏ ဒီမိုကရေစီသို့ လမ်းပြမြေပုံ (Road Map to Democracy) ကိုကြေညာခဲ့သော ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဆက်အသွယ်လုပ်ခဲ့ပြီး အကန့်အသတ်ရှိသော တွေ့ဆုံဆွေးနွေးပွဲများကို လက်တွေ့ကျကျလုပ်လိုသူတဦးအဖြစ် အများကရှုမြင်ကြသည်။

ယခု ပြစ်ဒဏ်ချမှတ်ပြီးနောက်ပိုင်းတွင် ဗိုလ်ချုပ်ကြီးခင်ညွန့်မှာ အကျယ်ချုပ်ဖြင့် ဆက်လက်ထိန်းသိမ်းခံရဖွယ်ရှိပြီး သားနှစ်ဦးဖြစ်သူမှာ ပြစ်ဒဏ်ကို ထောင်တွင်း၌ ကျခံရမည်ဖြစ်သည်။

သားနှစ်ဦးအတွက် သက်ညှာစွာစဉ်းစားပေးပါရန် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ မေတ္တာရပ်ခံချက်မှာ အာဏာပိုင်များ၏ လျစ်လျူရှုခြင်းကို ခံခဲ့ရဖွယ်ရှိသည်ဟု သတင်းများက ဆိုသည်။

❖

# စစ်အစိုးရက ဒီကေဘီအေသို့ သန်းကိုးဆယ်ထောက်ပံ့

ဇူလိုင် (၁၃) ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒီကေဘီအေ ဥက္ကဋ္ဌ ဦးသာထူးကျော်တို့ ကရင်ပြည်နယ်တွင် တွေ့ဆုံခဲ့ပြီး ကရင်ပြည်နယ်တွင် သတ္တုတွင်းအပါအဝင် စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးမည်ဖြစ်ကြောင်း မြန်မာ့အလင်း သတင်းစာတွင်ဖော်ပြခဲ့သည်။

နအဖမှ ကျပ်ငွေသန်းကိုးဆယ်ပေးရန် သဘောတူထားပြီး တံတားတည်ဆောက်ရေးအတွက် (၂၈.၅) သန်းကို ပေးခဲ့ပြီးဖြစ်ကြောင်း ဒီကေဘီအေ ကိုးသုံးလုံးအဖွဲ့၏ ခေါင်းဆောင် စောချစ်သူက ပြောသည်။

သန်းကိုးဆယ်အနက် သန်းငါးဆယ်ကို ကရင်ပြည်နယ်ရှိဒီကေဘီအေ ထိန်းချုပ်ထားသည့်ဧရိယာအတွင်း စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် ရထားကြောင်း ၎င်းက ဆိုသည်။ လက်တလော သတင်းများအရ နအဖက ကေအဲန်ယူအား တိုက်ခိုက်နေသော တိုက်ပွဲများအတွက် ဒီကေဘီအေအား အကူညီတောင်းသည်ဆိုသော ကိစ္စနှင့်ပတ်သက်၍ စောချစ်သူက "အခုထိတော့ ကေအန်ယူကို တိုက်ခိုက်ဖို့အတွက် ကျနော်တို့ကို အကူအညီတောင်းတာတခုမှ မရှိသေးဘူးဟု" ပြောဆိုသည်။ တနိုင်ငံလုံး အတိုင်းအတာနှင့် သိမ်းဆည်းထားခဲ့သည့် လိုင်စင်မဲ့ကားများမှ ဒီကေဘီအေအဖွဲ့ပိုင် ကားအစီး (၂၀) ကို ဇူလိုင် (၁၄) ရက်နေ့က ဒီကေဘီအေသို့ ပြည်လည်ပေးအပ်ခဲ့သည်ဟု သတင်းများက ဆိုသည်။

ဦးသုဇနအပါအဝင် ဒီကေဘီအေ ခေါင်းဆောင်များက နအဖ အကြိုက်လုပ်လေ့ရှိ၍ ကားအစီး (၂၀) ကို ပြန်ပေးခဲ့ခြင်းဖြစ်သည်ဟု ဝေဖန်ပြောဆိုနေကြကြောင်း ဒေသတွင်းသတင်းများက ဆိုသည်။

❖

## နောက်ကျောဖုံး သတင်းမှ ...

လက်ထက်တွင် အက်စ်အက်စ်အေတောင်ပိုင်း တပ်ဖွဲ့များနှင့် ဆက်ဆံရေးမှာ တင်းမာလာခဲ့သည်။ ၂၀၀၅ မေလတွင် နအဖတပ်ဖွဲ့များနှင့် ရလလဖတပ်ဖွဲ့တို့ ပူးတွဲ၍ မောက်မယ်မြို့နယ်ဒေသအတွင်းတွင် စစ်ဆင်ရေးလှုပ်ရှားရာမှစတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဇွန်လအတွင်းဖြစ်ပွားသော တိုက်ပွဲများတွင် မောက်မယ်မြို့ အခြေစိုက် နအဖတပ် ခမရ (၁၃၂) တပ်ရင်းမှ ဒုတပ်ရင်းမှူးအပါအဝင် နအဖစစ်သား (၂) ဦးနှင့် ရလလဖတပ်ဖွဲ့မှ (၅) ဦးတို့ သေဆုံးခဲ့ပြီး ယခုမိုးရာသီအချိန်အထိ ဆက်လက်၍တိုက်ပွဲများ ဖြစ်ပွားလျှက်ရှိကြောင်းနှင့် အဆိုပါဒေသအတွင်း ကျေးရွာလူထုမှာ စိုးရိမ်သောက ရောက်နေကြကြောင်း ကုန်သည်တဦးက မိုးကြိုးသို့ ပြောကြားခဲ့သည်။

❖

# နိုင်ငံတကာ

## သတင်းတိုထွာ

## မိုးရွာသွန်းမှုကြောင့် လူငါးရာသေဆုံး

အိန္ဒိယနိုင်ငံ အနောက်ပိုင်းတွင် ရေလွှမ်းမိုးမှုနှင့်တောင်ပြိုကျမှုများကြောင့် လူ (၅၀၀) ထက် မနည်းသေဆုံးကြောင်း၊ အထူးသဖြင့် တိုင်းပြည်၏ ဘဏ္ဍာရေးမြို့တော် ဘုံဘေတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သတင်းများအရသိရှိရသည်။

လူဦးရေ (၁၆) သန်းရှိသော ဘုံဘေမြို့တွင် ရေကြီးမှုကြောင့် ကားလမ်းများ၊ ရထားလမ်းများနှင့် ရေကြောင်းသွားလာမှုတို့ကို နှစ်ရက်ကြာ ရပ်တန့်ထားခဲ့ရသည်။ မဟာရဂျာစတာပြည်နယ်အစိုးရက ဇူလိုင် (၂၈) ရက်နေ့ကို ရုံးပိတ်ရက်အဖြစ်သတ်မှတ်၍ ပြည်သူလူထုအား အိမ်တွင်းသာနေထိုင်ကြရန် နှိုးဆော်ထားသည်။ ❖

## သမတမူဘာရတ် ရွေးကောက်ပွဲဝင်မည်

အီဂျစ်သမတ ဟိုစနီမူဘာရက်က စက်တင်ဘာလ၌ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ဇူလိုင်လ (၂၈) ရက်နေ့က ထုတ်ဖော်ကြေညာလိုက်သဖြင့် ရွေးကောက် ပွဲဝင်/မဝင် အငြင်းပွားခန့်မှန်းမှုများကို အဆုံးသတ်စေခဲ့သည်။

သမတက စက်တင်ဘာ (၇) ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်ပြီး ပွင့်လင်းသည့် ရွေးကောက်ပွဲဖြစ်ရမည်ဟု ကတိပြုလိုက်သော်လည်း၊ ရွေးကောက်ပွဲအား နိုင်ငံတကာမှကြီးကြပ်ရန် အမေရိကန်၏တောင်းဆိုမှုကိုမူ တုံ့ပြန်ခြင်းမရှိပေ။

ယခုရွေးကောက်ပွဲသည် ပထမဆုံးအကြိမ် ကိုယ်စားလှယ်ပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ခွင့်ရသည့် ရွေးကောက်ပွဲဖြစ်သည်။ ယင်းသို့ ယှဉ်ပြိုင်ခွင့်ရရေးအတွက် ပြီးခဲ့သည့်မေလက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ လောလောဆယ်တွင်မူ ပါလီမန်အား သမတမူဘာရတ်၏ အမျိုးသားဒီမိုကရေစီပါတီက လွှမ်းမိုးထားသည်။ ❖

## ရဝန်ဒါတွင် အကျဉ်းသား ၃၆၀၀၀ လွတ်မြောက်

၁၉၉၄ ခုနှစ်တွင် ရဝန်ဒါ၌ဖြစ်ပွားခဲ့သော အမျိုးဖြုတ်သတ်ဖြတ်ပွဲတွင် ပါဝင်ကျူးလွန်ခဲ့သည်ဟု ဖြောင့်ချက်ပေးဝန်ခံခဲ့သည့် အကျဉ်းသား (၃၆,၀၀၀) ကို ရဝန်ဒါအစိုးရက အကျဉ်းထောင်များမှ ပြန်လွှတ်ပေးလိုက်သည်။ ၎င်းတို့ကျူးလွန်ခဲ့သည် မျိုးဖြုတ်သတ်ဖြတ်ပွဲတွင် တွက်ခီလူနည်းစုတိုင်းရင်းသား (၈၀၀၀) အသတ်ခံခဲ့ရသည်။

အကျဉ်းသားများကို ထရပ်ကားများဖြင့်သယ်ဆောင်၍ တရားမျှတမှုနှင့် ပြန်လည်သင့်မြတ်ရေးအတွက် သင်တန်းများကို သူတို့၏ကျေးရွာများတွင် ပြန်လည်နေရာချထား မပေးမီအတွင်း တက်ရောက်ရန် စီစဉ်ထားသည်။ ❖

## အိုင်အာအေမှ လက်နက်ကိုင်တော်လှန်ရေးစွန့်လွှတ်

အိုင်းရစ်သမတနိုင်ငံ တပ်မတော် (IRA) မှ ဗြိတိသျှတို့အပေါ် မြောက်ပိုင်းအိုင်ယာလန်တွင် ၎င်းတို့ဆင်နွှဲနေသည့် လက်နက်ကိုင်စစ်ပွဲကို အဆုံးသတ်မည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်။ (IRA) မှ ထုတ်ပြန်သောကြေညာချက်တွင် (IRA) သည် လက်နက်ကိုင်တိုက်ခိုက်မှုအားလုံးကို ရပ်ဆိုင်းရန် သူ၏ရည်မှန်းချက်များကို နိုင်ငံရေးနည်းများမှတဆင့် ဆက်လက်ကြိုးပမ်းသွားမည်ဟု ဖော်ပြထားသည်။

(IRA) ၏ နှစ်ပေါင်း (၃၀) ကျော်ကြာ လက်နက်ကိုင်တော်လှန်ရေးတွင် လူပေါင်း (၃၆၀၀) ခန့် သေဆုံးခဲ့သည်။ ❖

## အမေရိကန်က ရာသီဥတုအပြောင်းအလဲနှင့် ဆိုင်သောစာချုပ် ရုတ်တရက်ချုပ်ဆို

ဇူလိုင် (၂၈) ရက်နေ့က အမေရိကန်ပြည်ထောင်စု၊ သြစတေးလျ၊ ဂျပန်၊ တရုတ် အိန္ဒိယနှင့် တောင်ကိုရီးယားတို့က ရာသီဥတုအပြောင်းအလဲများကိုဖြေရှင်းရန် စာချုပ်တခုကို ရုတ်တရက်လက်မှတ်ရေးထိုးခဲ့သည်။ ယခုစာချုပ်ဖြစ်ပေါ်ရေးအတွက် ဦးဆောင်စီစဉ်သည့် ဝါရှင်တန်နှင့် ကင်ဘာရာတို့သည် (Tokyo Protocol) စာချုပ်ကို အတည်ပြုခြင်းမရှိသေးပေ။ ယင်း (Tokyo Protocol) စာချုပ်၌ ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၂၀၀၈ နှင့် ၂၀၁၂ ကြားတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် အခြားဂရင်းဟောက်စ်ဓာတ်ငွေ့ ထုတ်လုပ်မှုကို ၁၉၉၀ ခုနှစ်ကရှိနေသောအဆင့်မှနေ၍ ပျမ်းမျှ (၅ ဒသမ ၂ ) ရာခိုင်နှုန်း လျှော့ချရန်ပါရှိနေသောကြောင့် အမေရိကန်နှင့် သြစတေးလျတို့က လက်မှတ်မထိုးပဲ ငြင်းဆန်ခဲ့သည်။ ❖

## အီရတ်စစ်ပွဲအတွင်း အမေရိကန်နှင့်ညွန့်ပေါင်းစစ်သားအကျအဆုံး

[စီအဲန်င်အဲန်င်]

၂၀၀၅ ခုနှစ်၊ ဇူလိုင် (၃၁)ရက်နေ့ထိ ကျဆုံးသွားသော အမေရိကန်နှင့် ညွှန့်ပေါင်းတပ်ဖွဲ့များမှအတည်ပြုပြီးစစ်သားဦးရေမှာ စုစုပေါင်း (၁,၉၉၀)ဦး ရှိသွားပြီဖြစ်ပြီး ၎င်းတို့မှာ အမေရိကန်စစ်သား(၁,၇၉၆)၊ ဗြိတိသျှစစ်သား (၉၃)ဦး၊ ဘူဂေးရီးယားစစ်သား (၁၃)ဦး၊ ဒိန်းမတ်စစ်သား (၁)ဦး၊ ဒတ်ချ်စစ်သား (၂)ဦး၊ အက်စ်တိုနီးယားစစ်သား (၂)ဦး၊ ဟန်ဂေရီစစ်သား (၁)ဦး၊ အီတလီစစ်သား (၂၇)ဦး၊ ဂါဇက်စစ်သား (၁)ဦး၊ လတ်ဗီယန်းစစ်သား (၁)၊ ပိုလန်စစ်သား (၁၇)ဦး၊ ဆာဗေးဒိုးစစ်သား (၂)ဦး၊ ဆလိုဗက်စစ်သား (၃)ဦး၊ နယ်သာလန် (၂)ဦး၊ စပိန်စစ်သား (၁၁)ဦး၊ ထိုင်းစစ်သား (၂)ဦးနှင့် ယူကရိန်းစစ်သား (၁၈)ဦးတို့ ဖြစ်ကြသည်။ ပင်တဂွန်သတင်းဌာနအရ စစ်ပွဲအတွင်းဒဏ်ရာရရှိသော အမေရိကန်စစ်သားများမှာ (၁၃,၁၉၀)ဦးရှိပြီးဖြစ်သည်။

## အီရတ်ဖွဲ့စည်းပုံရေးဆွဲရေး နှောင့်နှေးမှုမရှိရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးမှ ပြောကြား



အမေရိကန် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖီးနှင့် အီရတ်သမတ ဂျာလာတာ လာဘလီ

ကြိုတင်ကြေညာထားခြင်းမရှိပဲ ဘဂ္ဂဒက်သို့သွားရောက်ခဲ့သည့် ခရီးစဉ်တခုအတွင်း၌ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစ်ဖီးက ယခုအချိန်မှာ အီရတ်ဖွဲ့စည်းပုံရေးဆွဲရေးကို လုပ်ဆောင်ရမည့် အချိန်ဖြစ်ကြောင်း ဇူလိုင်လ (၂၇) ရက်နေ့က ထုတ်ဖေါ်ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့ရှိ အခိုင်အမာကာကွယ်ထားသည့် အစိမ်းရောင်နယ်မြေအတွင်းရှိ သမတ နန်းတော်တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ကြီးက ပြောကြားရာ၌ ကြန့်ကြာမှုများသည် ပုန်ကန်ထကြွမှုများကို အားပေးရာရောက်လာလိမ့်မည်ဟုလည်း သတိပေးပြောဆိုခဲ့သည်ဟု ဆိုသည်။

နှောင့်နှေးကြန့်ကြာမှုများကို ရှောင်ကွင်းသည့်အနေဖြင့် သြဂုတ်လ (၁၅) ရက် နောက်ဆုံးထား၍ ဖွဲ့စည်းပုံနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုများ၊ မဲပေးမှုများကို ကျင်းပရန်ရှိနေကြောင်းသိရသည်။ ထို့အပြင် အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့များက မြို့ကြီး (၁၀) မြို့၏ လုံခြုံရေးကိစ္စများကို ဒီဇင်ဘာတွင်း နောက်ဆုံးထား၍ အီရတ်တပ်ဖွဲ့များသို့ လွှဲပြောင်းပေးအပ်မည်ဖြစ်သည်။ မစ္စတာရမ်းစ်ဖီးက ဖမ်းဆီးထားသော အကျဉ်းသား (၁၅,၀၀၀) ခန့်နှင့်ပတ်သက်၍ ဆွေးနွေးရန် အစီအစဉ်ရှိကြောင်းနှင့် အီရတ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရတရပ်ပေါ်ပေါက်လာပြီး နောက်ပိုင်းတွင် အမေရိကန်တပ်ဖွဲ့များ၏ တရားဝင်အဆင့်အတန်းနှင့်စပ်လျဉ်း၍ စီစဉ်နေကြောင်း ပြောကြားခဲ့သည်။

ဤအတောအတွင်း အီရတ်ရှိအယ်ကိုင်ဒါတပ်ဖွဲ့များက ပြန်ပေးဆွဲထားသော အယ်ဂျီးရီးယားသံတမန်နှစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း အဘယ်ကြောင့်ဆိုသော် အယ်ဂျီးရီးယားအစိုးရက အမေရိကန်အား ထောက်ခံသောကြောင့်ဖြစ်ကြောင်း အင်တာနက်မှတဆင့် ထုတ်ပြန်ကြေညာခဲ့သည်။❖

## လန်ဒန်မြို့တော်တွင် ဗုံးတလုံးပြီးတလုံးပေါက်ကွဲ

လန်ဒန်မြို့ မြေအောက်ရထားလိုင်းများတွင် ဇူလိုင်လ (၇) ရက်နေ့က မိနစ်အနည်းငယ်စီခြား၍ ဗုံး (၃) လုံး ဆက်တိုက်ပေါက်ကွဲခဲ့ရာ ခရီးသည် (၅၆) ဦး သေဆုံးပြီး (၇၀၀) ခန့် ဒဏ်ရာရခဲ့သည်။ ဒဏ်ရာရရှိသူ (၁၀၀) ခန့်မှာ လန်ဒန်မြို့အနီးတဝိုက်ရှိ ဆေးရုံများပေါ်တွင် ဆေးကုသမှုခံယူနေရဆဲဖြစ်ပြီး (၂၂) ဦးမှာ အလွန်စိုးရိမ်ရသော အခြေအနေတွင် ရှိသည်။

လစ်ဗာပူးလ်နှင့် အက်ဒ်ဝဲလ် ဘူတာရုံမှ ထွက်ခွာလာသော မြို့ပတ်ရထား (၂) စီးနှင့် ကင်းခရော့စ်နှင့် ရပ်ဆဲလ်ဘူတာရုံကြားရောက်ရှိနေသော ပစ်ကာဒီလီလိုင်းကို ပြေးဆွဲနေသည့် ရထားတစ်စင်းတို့ နံနက် (၈) နာရီ (၅၀) မိနစ်ခန့်တွင် တပြိုင်နက်ဖောက်ခွဲခံခဲ့ရပြီးနောက် တနာရီနီးပါးအကြာတွင် တာဗီစတော့ရပ်ကွက် နံပါတ် (၃၀) နှစ်ထပ်ဘတ်စ်ကားပေါ်တွင် နောက်ထပ်ပေါက်ကွဲမှုတခု ဖြစ်ပွားခဲ့သည်။

ဥရောပရှိ လျှို့ဝှက်အယ်လ်ကေဒါး၏ အသေခံဂျီဟတ်အဖွဲ့က ယခုဖောက်ခွဲမှုများမှာ မိမိတို့လက်ချက်ဖြစ်ကြောင်း၊ အာဖဂန်နှင့် အီရတ်စစ်ပွဲများတွင် အမေရိကန်ဦးဆောင်သည့် စစ်ပွဲများကို ကူညီထောက်ခံခဲ့သည့် ဗြိတိန်အား လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း အာရပ်ဘာသာနှင့် ထုတ်လွှင့်သည့် အင်တာနက် ဝက်ဆိုက်ပေါ်တွင် ကြေညာခဲ့သည်။

ယခုဗုံးဖောက်ခွဲမှုများမှာ အသေခံဗုံးဖောက်ခွဲမှုမဟုတ်ဘဲ အင်အားပြင်းသည့် ချိန်ကိုက်ဗုံးများဖြစ်ပြီး ကျောပိုးအိတ်ထဲ ထည့်သွားနိုင်သည့် (၁၀) ပေါင်ထက် ပိုမလေးသည့် ဗုံးများဖြစ်ကြောင်း စကော့တလန်ယာ့ဒ်ရဲအဖွဲ့က အခိုင်အမာပြောဆိုခဲ့သည်။

မြေအောက်ဘူတာများကို အကြမ်းဖက်တိုက်ခိုက်ခံရပြီး နှစ်ရက်အကြာတွင် ဗြိတိသျှဝန်ကြီးချုပ် မစ္စတာတိုနီဘလဲက တကယ်စစ်မှန်တဲ့ အစ္စလာမ်တရားတော်ကို ယုံကြည်သက်ဝင်မှုကနေသွေဖီပြီး အယူတိမ်းနေကြတဲ့လုပ်ရပ်တွေကို အမြစ်ကနေမြေလှန်ပစ်ရမယ်ဟု ဗြိတိသျှရေဒီယိုနှင့် တွေ့ဆုံခန်းတွင် ပြောကြားသည်။

မြေအောက်ရထားများ ဗုံးဖောက်ခွဲပြီး နောက်နှစ်ပတ်အကြာ ဇူလိုင် (၂၁) နေ့တွင် မြေအောက်မီးရထား (၃) စီးနှင့် ဘတ်စ်




လန်ဒန်မြို့တော်၏ မြေအောက်ရထားဘူတာရုံအတွင်း လူအသွားလာများ ခြောက်ကပ်လာသည်။

ကား (၁) စီးတွင် ဗုံးဖောက်ခွဲရန် ကြိုးပမ်းမှုတခု ထပ်မံဖြစ်ပွားခဲ့သည်။ မအောင်မြင်ခဲ့သည့် ထိုဗုံးခွဲမှုများကို ကြိုးပမ်းခဲ့သည်ဟု သံသယရှိသူ အနည်းဆုံးလေးဦးကို စစ်ဆေးမှု စတင်နေပြီဟု ဗြိတိန်ထောက်လှမ်းရေးများက ဇူလိုင် (၃၀) နေ့က ပြောကြားသည်။ ဗုံးဖောက်ခွဲသည်ဟု သံသယရှိသူများဖြစ်သည့် အီဗရာဟင်မူတားဆက်နှင့် ရမ်ဇီမူဟာမက်ကို (၂၉) ရက် သောကြာနေ့က လန်ဒန်မြို့တွင် ဖမ်းဆီးခဲ့ပြီး ယာဆင်ဟာဆန်အိုမာကို ဘာမင်ဟန်မြို့တွင် ဖမ်းဆီးရမိခဲ့သည်။

အခြားတဦးကို အီတလီရဲတပ်ဖွဲ့မှ ရောမမြို့တွင် ဖမ်းဆီးရမိခဲ့သည်။ ရောမမြို့တွင် ဖမ်းဆီးခဲ့သော အာဖရိကနွယ်ဖွား ဗြိတိန်နိုင်ငံသားဖြစ်သူ အိုစမာဟူစိန်ကို ဗြိတိန်နိုင်ငံသို့လွှဲပြောင်းပေးရန် ဗြိတိသျှအရာရှိများက တောင်းဆိုထားသည်။

စက်တင်ဘာ (၁၁)၊ ၂၀၀၁ ခုနှစ် နောက်ပိုင်း ဘာလီ၊ ဂျာကာတာ၊ ကရာချိ၊ ရီယာဒ်၊ ကာဆာဗလန်ကာ၊ မက်ဒရစ်၊ ဘဂ္ဂဒက်တို့တွင် အစွန်းရောက် အခြေခံမူဆလင်တို့၏ တိုက်ခိုက်ခြင်းကိုခံခဲ့ရပြီးချိန်မှစ၍ အကြမ်းဖက် ဗုံးဖောက်ခွဲသူများမိမိတို့ထံ အနေးနှင့်အမြန်ရောက်ရှိလာတော့မည်ကို လန်ဒန်မြို့တော်သားတို့ သဘောပေါက်ခဲ့ကြပြီး ဖြစ်သည်ဟုဆိုသည်။ ယခု ပေါက်ကွဲခဲ့မှုများအနက် တာဗီစတော့ (Tavistock) ရပ်ကွက်တွင် ပေါက်ကွဲခဲ့သောဗုံးသည် ဒုတိယကမ္ဘာစစ်ပြီးချိန်မှစ၍ လန်ဒန်မြို့တွင် အဆိုးဝါးဆုံးသော ပေါက်ကွဲမှုဖြစ်သည်။ ❖

နိုင်ငံတကာ

# ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သွားမည့် ဖိလစ်ပိုင်သမ္မတ အာရိုယိုကို ထုတ်ပယ်ရန် ဖိအားပေးမှုများ အရှိန်မြင့်လာ

ဖိလစ်ပိုင်တွင် တခုလုံးလွှမ်းခြုံမည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ သို့ရာတွင် အကျင့်ပျက်လာဘ်စားမှု၊ ရွေးကောက်ပွဲ ကလိန်ကျမှုများဖြင့်စွပ်စွဲ၍ သူမအားဖြုတ်ချရန် ဆောင်ရွက်နေမှုများအား ရှောင်ရှားရန်လိုအပ်ကြောင်း ဇူလိုင် (၂၇) ရက်နေ့ကကျင်းပသော အစိုးရဝန်ထမ်းများ စစ်ဖက်နှင့်ရဲဖက်မှ ဗိုလ်ချုပ်ကြီးများနှင့် ရိုမန်ကတ်သလစ် ဘုန်းတော်ကြီးများတတ်ရောက်သော ကွန်ဂရက် ပူးတွဲဆွေးနွေးပွဲတခု၌ ဖိလစ်ပိုင်သတမ အာရိုယိုက ပြောကြားသွားသည်ဟု သိရှိရသည်။

သမတ မိန့်ခွန်းပြောကြားနေစဉ်အတွင်း မမှီသေးဟု လှေ့လာသူတို့ကသုံးသပ်ကြသည်။

ကျမတို့ဟာ ဘယ်လောက်ပဲနိုင်ငံရေး အရင်းအနှီးများပေးရပါစေ စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ဘဏ္ဍာရေးထိန်းချုပ်မှုများကိုတော့ မလွဲမသွေ လုပ်ဆောင်ရမှာပါပဲဟု သမတက ပြောကြားခဲ့သည်။

ထို့အပြင် သမတ၏မိန့်ခွန်းတွင် သူမလုပ်ဆောင်ခဲ့ပြီးဖြစ်သော အောင်မြင်မှုများဖြစ်သည့် အားကောင်းသော အခွန်အကောက်စနစ်၊ အခြေခံအဆောက်အအုံများတွင် ပိုမိုသုံးစွဲမှု မွတ်စလင်သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပခဲ့မှုတို့ကို ယေဘုယျအချိန်ယူ၍ ပြောကြားခဲ့သည်ဟု ဆိုသည်။



နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်သွားမည့် ဖိလစ်ပိုင်သမတ အာရိုယို

ပရိတ်သတ်မှ မကြာခဏ သြဘာပေးလက်ခုပ်တီးကြသော်လည်း အတိုက်အခံအမတ်တချို့က မိန့်ခွန်းကို သပိတ်မှောက်ကြသည်ဟုဆိုသည်။ မိန့်ခွန်းပြောကြားနေသော ကွန်ဂရက်အဆောက်အဦးနှင့် ခပ်လှမ်းလှမ်းတွင် လူလေးသောင်းခန့်က သူမ နုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒပြခဲ့ကြောင်းလည်း ရိုက်တာသတင်းများအရ သိရှိရသည်။

ယင်းကန့်ကွက်ဆန္ဒပြမှုကို အကြီးဆုံး အာရိုယိုဆန့်ကျင်ရေး လူထုဆန္ဒပြမှုအဖြစ် အသိအမှတ်ပြုရမည်ဖြစ်သော်လည်း အာဏာရှင်မားကို့စ်အား ဖြုတ်ချခဲ့သော (၁၉၈၆) ခုနှစ် ပြည်သူ့အာဏာဆန္ဒပြပွဲနှင့် သက္ကရာဇ် (၂၀၀၁) ခုနှစ်က ဂျိုးဇက်အယ်စတာဒါအား သမတအဖြစ်မှ ဖယ်ရှားခဲ့သော လူထောင်ပေါင်းများစွာပါဝင်သည့် ဆန္ဒပြပွဲများကိုမူ

သမတအာရိုယိုက သူမ၏ သမတသက်တမ်းကို သက္ကရာဇ် (၂၀၁၀) ခုနှစ်အထိ ပြီးဆုံးအောင် ထမ်းဆောင်ရန် ရည်ရွယ်ထားပြီး ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုမှုများကို ခုခံကာကွယ်လျက်ရှိသည်။

သူမ၏ သားဖြစ်သူနှင့် ခင်ပွန်းဖြစ်သူတို့မှာ ငွေကြေးအကျင့်ပျက်လာဘ်စားမှုများဖြင့် စွပ်စွဲခံနေရပြီး သူမကိုယ်တိုင်မှာ ရွေးကောက်ပွဲတွင် ကလိန်ကျမှုဖြင့် နုတ်ထွက်ပေးရန် တောင်းဆိုမှုကို ရင်ဆိုင်နေရသည်။ သို့သော် အတိုက်အခံများအနေဖြင့် သူမနေရာအား အစားထိုးရန် ခေါင်းဆောင်မရှိသဖြင့် သူမအား ဖြုတ်ချရန်ကြိုးပမ်းမှုမှာ အားပျော့နေဆဲဖြစ်သည်။

❖

# အီရတ်အကျဉ်းသားများလွှတ်ရန် ဆွန်နီတို့ ဆန္ဒပြတောင်းဆို၊ အသေခံဗုံးခွဲမှုကြောင့် (၂၅) ဦးသေဆုံး

ဘဂ္ဂဒက်မြို့လယ်တွင် ပြီးခဲ့သည့်သောကြာနေ့ မွန်းလွဲဆုတောင်းပွဲအပြီး၌၊ ဆွန်နီမွတ်စလင်တို့က ဆန္ဒပြပွဲတစ်ခုကို အစ္စလာမ်ပါတီက ဦးဆောင်ကျင်းပခဲ့ရာ ဖမ်းဆီးထားသောအကျဉ်းသားများ ပြန်လည်လွှတ်ရေးနှင့် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပမ်းမှုကို ရပ်ဆိုင်းရန် အီရတ်အစိုးရနှင့် ညွန့်ပေါင်းတပ်ဖွဲ့များအား တောင်းဆိုခဲ့ကြသည်ဟုသိရသည်။



အီရတ်အကျဉ်းသားများလွှတ်ပေးရန် ဆွန်နီ အမျိုးသမီးဝတ်ပြုသူများ ဂိုရမ်ကျမ်းကို ကိုင်ဆောင်၍ ဆန္ဒပြနေစဉ်

ယင်းသို့ဆွန်နီ အမျိုးသမီး ဝတ်ပြုသူအများစုက ကိုရန်ကျမ်းများကို ကိုင်ဆောင်လျက်ဆန္ဒပြနေစဉ်မှာပင် အီရတ်နိုင်ငံ၏ တတိယအကြီးဆုံး မြို့တော်ဖြစ်သည့် ရာဘီယာမြို့တော်မှ မြူနီစပယ်အဆောက်အဦ၏အပြင်ဘက်တွင် အသေခံဗုံးခွဲမှုဖြစ်ပွားပြီး လူ (၂၅) ဦး သေဆုံးလျက် (၃၅) ဦး ဒဏ်ရာရသည်ဟုဆိုသည်။ ဗုံးဖောက်သူ၏ရည်ရွယ်ချက်မှာ အမေရိကန်ကို ကျောထောက်နောက်ခံပြုထားသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့၏ (၁၈) လကြာ သောင်းကျန်းသူနှိမ်နင်းရေးကို ရည်ရွယ်ပုံရသည်ဟု သတင်းများကဆိုသည်။

ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ဘက် (၉) ကီလိုမီတာအကွာ၌ တိုက်ပွဲဖြစ်ပွားရာ ဆီးရီးယားလူမျိုး (၅) ဦး အပါအဝင် ပြောက်ကျား (၉) ဦးကို သတ်ဖြတ်ခဲ့သည်ဟု အမေရိကန် စစ်ဘက်သတင်းများက ကြေညာသည်။

နိုင်ငံရပ်ခြားမှ တိုက်ပွဲဝင်သူများ၊ ဘာသာရေး အစွန်းရောက်စစ်သွေးကြွများ ဖြုတ်ချခံရသူ ဆက်ဒမ်ဟူစိန်၏ သစ္စာခံများက ပါဝင်ဆင်နွှဲနေသည့် အသေခံဗုံးခွဲမှုများ၊ ပစ်ခတ်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများကြောင့် လူထောင်ပေါင်းများစွာ အသတ်ခံခဲ့ရသည်။

ပြီးခဲ့သည့်လအတွင်း ရှီယက်နှင့် ကဒ်ခေါင်းဆောင်များက ဆွန်နီ အာရပ်များအား သောင်းကျန်းမှု ချုပ်ငြိမ်းစေရေးအတွက် နိုင်ငံရေးဖြစ်စဉ်များတွင်ပါဝင်ရန် ဆွဲဆောင်ဖျောင်းဖျမှုများ အသင့်အတင့် အောင်မြင်ခဲ့သည်ဟုဆိုသည်။ သို့သော် အကြမ်းဖက်မှုများရပ်ဆိုင်းမသွားပဲ ဆွန်နီမွတ်စလင်တို့၏ မကျေနပ်မှုများသည် လမ်းများပေါ်သို့ ထွက်၍ ဆန္ဒပြလာသည့် အဆင့်အထိ ယမန်နေ့က ဖြစ်ပေါ်လာပြီး ဆွန်နီနှင့် ရှီယတ်မွတ်စလင်အဖွဲ့အစည်းနှစ်ရပ်ကြား တင်းမာမှုကြောင့် ပြည်တွင်းစစ် ဖြစ်လာနိုင်သည်ဟူသော ကြောက်ရွံ့စိုးရိမ်မှုများ တိုးပွားလာလျက်ရှိသည်။

ဆန္ဒပြပွဲများသည် အီရတ်အစိုးရနှင့် အနောက်တိုင်း သံရုံးများရုံးစိုက်ရာ အစောင့်အရှောက်ထူထပ်စွာချထားသည့် အစိမ်းရောင်နယ်မြေ၏ အပြင်ဘက်တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့များသည်ဂိုဏ်းဂဏဆန်စွာ ပြုမူကျင့်ကြံကြကြောင်း စွပ်စွဲချက်များကို ထုတ်ပြန်ခဲ့သော်လည်း အစိုးရက လုံခြုံရေးတပ်ဖွဲ့များသည် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် ထုတ်ပြန်ထားသည့် တင်းကြပ်သောမိန့်ခွန်းများကို လိုက်နာဆောင်ရွက်လျက်ရှိကြောင်း ငြင်းဆိုလျက်ရှိသည်။ ❖

# အီဂျစ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား (၂၄) နှစ်အတွင်း အဆိုးဝါးဆုံးအကြမ်းဖက်မှုဖြစ်

ဇူလိုင်လ တတိယအပတ်တွင် အီဂျစ်နိုင်ငံ အပန်းဖြေ ပင်လယ်ဆိပ်ကမ်းမြို့ကလေးတမြို့ဖြစ်သည့် (Sharm el- Sheikh) တွင် နေရာ (၃) နေရာ၌ တစ်ပြိုင်တည်း ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံးလူ (၈၈) ဦးသေဆုံးပြီး၊ လူ (၂၀၀) ကျော် ဒဏ်ရာရသည်ဟု သိရှိရသည်။



အီဂျစ်နိုင်ငံ Sharm el-sheikh မြို့တွင် ဗုံးပေါက်ကွဲအပြီး မြင်ကွင်း

လှပသော ပင်လယ်ဆိပ်ကမ်းနှင့် အပျော်တမ်းရေဘုတ်လုပ်ငန်းများကြောင့် အာရပ်များသာမက အစ္စရေးများနှင့် ဥရောပသားများပါ နှစ်သက်သဘောကျသည့် ယင်းဆိပ်ကမ်းမြို့ကလေးသည် ပါလက်စတိုင်းခေါင်းဆောင် (Mahmoud Abbas) နှင့် အစ္စရေးဝန်ကြီးချုပ် (Ariel Sharon) တို့ တက်ရောက်မည့် အပစ်ခတ်ရပ်စဲရေးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ် ကျင်းပပေးရေးအတွက် လုံခြုံမှုရှိသည်ဟု ယူဆထားခံရသော နေရာတနေရာဖြစ်သည်။ ဤဗုံးပေါက်ကွဲမှုသည် ၁၉၈၁ ခုနှစ်နောက်ပိုင်း အီဂျစ်တွင် လူအသေအပျောက်အများဆုံး အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်သည်ဟုဆိုသည်။

ယင်း ဗုံးပေါက်ကွဲမှုသည် သမတ မူဘာရတ်အား သူ၏ ငါးကြိမ်မြောက် (၆) နှစ်သက်တမ်းအား ဆက်လက်ထမ်းဆောင်ခွင့်ပြုမည်၊ မပြုမည်ကို အဆုံးအဖြတ်ပေးမည့် ရွေးကောက်ပွဲတစ်ရပ် မကျင်းပမီ နှစ်လအလိုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မူဘာရတ်၏ကံကြမ္မာသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှတဆင့် စီးပွားရေးကို မြှင့်တင်နေချိန်မှာပင် အကြမ်းဖက်မှုကို မည်မျှတိုက်ခိုက်ချေမှုန်းရမည်ဆိုသည့် အချက်အပေါ် မူတည်နေသည်ဟု နိုင်ငံရေးအကဲခတ်များက ဆိုကြသည်။ ယခုတိုက်ခိုက်မှုတွင် ဟိုတယ်တခု၊ ဈေးတစ်ဈေးနှင့် ယာဉ်ရပ်နားရာ နေရာတနေရာတို့ကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည့်အတွက် အကြမ်းဖက်သမားများက မူဘာရတ်အား နောက်သက်တမ်းတခုဆက်လက်တာဝန်ထမ်းဆောင်မှု မရှိစေ ရန် ရည်ရွယ်၍ တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိသာသည်ဟု ဆိုသည်။

ဤဗုံးပေါက်ကွဲမှုများနှင့် စပ်လျဉ်း၍ တာဝန်ရှိသည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည့် အဖွဲ့တစ်ဖွဲ့က အယ်လ်ကိုင်ဒါ၏ လက်ချက်ဖြစ်ကြောင်း အမေရိကန်နှင့်အစ္စရေး ဆန့်ကျင်တိုက်ခိုက်မှုစီမံချက်၏ အစိတ်အပိုင်းတပိုင်းဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

❖

# ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးနေရာ ဆူရာကီရတ်အား ရုရှားမှ အားပေးထောက်ခံ

ရုရှားနိုင်ငံသည် ဥရောပအရှေ့ပိုင်းမှ ကိုယ်စားလှယ်များအား ကုလသမဂ္ဂ အတွင်းရေးမှူးရာထူးအတွက် ထောက်ခံမှုများ ပြုလုပ်မည်မဟုတ်ကြောင်း ဘန်ကောက်သံတမန်အသိုင်းအဝိုင်းမှ သတင်းထွက်ပေါ်လာပြီးနောက် လက်ရှိ ထိုင်းဒုတိယဝန်ကြီးချုပ် (Surakiurt Sathiruthai) အဖို့ အတွင်းရေးမှူးချုပ်နေရာရရှိရေးအတွက် ပိုမိုနီးစပ်သွားပြီဖြစ်သည်ဟု ဆိုသည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး (Lavrov) က သည်ကာလသည် အာရှအလှည့်ဖြစ်ကြောင်း မစ္စတာ (Surakiurt) သည် ယင်းရာထူးနေရာအတွက် ထိုက်တန်သူဖြစ်ကြောင်း ပြောကြားသည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီး (Katathi Supha mongkhon) က ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖

## နောက်ကျောဖုံး လွတ်မြောက် နိုင်ငံရေးအကျဉ်းသားသတင်း စာရင်းမှ ...

၈။ ကိုထွန်းထွန်းဝင်း
၉။ ကိုရဲထွန်းကျော်
၁၀။ ကိုလင်းလင်းထွန်း
၁၁။ ကိုကျော်မင်းထွေး
၁၂။ ကိုစိုးဟိန်း
၁၃။ ကိုမြင့်နိုင်
၁၄။ ကိုတင်အောင်လင်း
၁၅။ ကိုအောင်စိုးမင်း
၁၆။ ကိုအောင်မိုးထွန်း
၁၇။ ကိုထွန်းစိန်
၁၈။ ကိုချမ်းအေး
၁၉။ ကိုစံလင်း
၂၀။ ဦးထွန်း
၂၁။ ကိုတိုးအောင်
၂၂။ ကိုကံမြင့်
၂၃။ ကိုခင်မောင်လတ်

မြောင်းမြထောင်
၂၄။ မအေးမြင့်သန်း
၂၅။ မနှင်းမေအောင်
၂၆။ ကိုရဲမင်းကျော်
၂၇။ ကိုဖြိုးမင်းသိန်း
၂၈။ ကိုမျိုးစန်း

မြင်းခြံထောင်
၂၉။ ကိုထွန်းမြင့်အောင်
၃၀။ ကိုဘိုဘို

မြစ်ကြီးနားထောင်
၃၁။ ဦးစိန်လှဦး ( MP-NLD)
၃၂။ ဒေါက်တာ ခင်ဇော်ဝင်း
၃၃။ ကိုကျော်ကျော်ထွေး
၃၄။ ကိုကျော်ငြိမ်း
၃၅။ ကိုအောင်နိုင်ဦး

ရွှေဘိုထောင်
၃၆။ ကိုဇာနည်
၃၇။ ကိုဘန်ယာ
၃၈။ လှိုင်ဘွား
၃၉။ ဒေါက်ကလပ်
၄၀။ ကိုမိုးသူ
၄၁။ ကိုဇော်လတ်
၄၂။ ကိုရဲမင်းသန့်ကို
၄၃။ ဝင်းနိုင်ဦး (ခ) ဆရာတော်ဦးနန္ဒိယ
၄၇။ မျိုးမင်းဦး (ခ) ဆရာတော် ဦးပုညာ
၄၈။ ကိုအောင်မင်းစိုး
၄၉။ ကိုအောင်ဇေယျ

စစ်တွေထောင် (စုစုပေါင်း ၅ ဦး)
၅၀။ ကြည်သာငြိမ်း
၅၁။ စန်းရွှေဦး
၅၂။ သာထွန်းအောင်
၅၃။ ကိုရွှေဝိုင်း
၅၄။ ကိုလွန်းကျော်

သာယာဝတီထောင်
၅၅။ ဂျင်မီ (ခ) ကျော်မင်းယု
၅၆။ မနီလာသိန်း
၅၇။ ကိုယဉ်မင်းဦး
၅၈။ စောနေဒွန်း
၅၉။ ကိုသက်ဦး
၆၀။ ကိုဝင်းမြင့်

၆၁။ ကိုမျိုးမြင့်
၆၂။ ကိုဇော်ဝင်း
၆၃။ ကိုခိုင်စိုး
၆၄။ ကိုကျော်ဝေစိုး
၆၅။ တင်မောင်သန်း
၆၆။ ညီညီလွင်
၆၇။ အုန်းမြင့်
၆၈။ အောင်ပွင့် (စာရေးဆရာ)

သရက်ထောင် (စုစုပေါင်း ၄၃ ဦး)
၆၉။ ဦးလှရွှေ
၇၀။ ကိုခင်မောင်ကြည်
၇၁။ ဘိုဘိုဟန်
၇၂။ ကိုတိုးကြည်
၇၃။ ကိုဖြိုးဝင်းမင်း
၇၄။ ကိုမြသိန်း
၇၅။ ကိုဇော်မြင့်
၇၆။ ကိုဇော်ဇော်လတ်
၇၇။ ရဲထွန်း
၇၈။ ကိုသက်ဇော်
၈၀။ ကိုရီထွန်း
၈၁။ ကိုရာမ (ခ) သက်ထွန်းနိုင်
၈၂။ ကိုဝင်းလှိုင် (ခ) ဝင်းနိုင်
၈၃။ ကိုစိုးမင်းအောင်
၈၄။ ကိုကျော်ဇောလင်း
၈၅။ ကိုမြင့်ရီ
၈၆။ စောကလော်ဒါ (KNU)
၈၇။ ဗဒိုသန်းလှ (KNU)
၈၈။ စောချိုလေး (KNU)
၈၉။ စောသောမတ် (KNU)
၉၀။ စောထူးကေး (KNU)
၉၁။ စောလော်အဲလ် (KNU)
၉၂။ မန်းညွန့်ရှိန် (KNU)

အင်းစိန်ထောင်
၉၃။ လှထွန်းဦး
၉၄။ မောင်မြင့်
၉၅။ မြင့်ဌေး
၉၆။ ဦးစိုးမြင့် (NLD -MP)
၉၇။ မာမာဦး
၉၈။ မာလာနွယ် (ခေါ်) မီးမီး
၉၉။ တင်တင်ညို
၁၀၀။ ဒေါ်တေဇဝတီ
(၂၀၀၃ ခုနှစ်၊ ရန်ကုန်မြို့တော်ခန်းမရှေ့ ဆန္ဒပြ သီလရှင်)
၁၀၁။ ဒေါ်မာလာရီ
(၂၀၀၃ခုနှစ်ရန်ကုန်မြို့တော်ခန်းမရှေ့ဆန္ဒပြ သီလရှင်)

မော်လမြိုင်ထောင် (စုစုပေါင်း ၁၁ ဦး)
၁၀၂။ သန်းလွင် (ခေါ်) အနိုင်
၁၀၃။ ဝင်းကြွယ်
၁၀၄။ ဝင်းနိုင်
၁၀၅။ အောင်မြတ်သူ
၁၀၆။ ခိုင်မာစိုး(ဖြူး)
၁၀၇။ ပုဂံသန်းနိုင်
၁၀၈။ စိုးလွင် (ဗကသ)
၁၀၉။ ဦးသာညွန့် (ခေါ်) ပြုံးချို
၁၁၀။ ဦးစောစလောဖိုး
၁၁၁။ လှဝင်း (ခေါ်) ဟာဒွန်း
၁၁၂။ ဦးမောင်အေး

တောင်ငူထောင်
၁၁၃။ ဇော်ဝင်းသန်း
၁၁၄။ ကျော်သိန်း
၁၁၅။ ထွန်းထွန်းနိုင်
၁၁၆။ ဦးသောမန (ဘုန်းတော်ကြီး)
၁၁၇။ ဦးစောလှိုင်
၁၁၈။ မိုးမခ
၁၁၉။ သိန်းမြင့်စံ
၁၂၀။ ဒေါ်စိန်ကျင်
၁၂၁။ ကြည်ရှိန်
၁၂၃။ ဦးထွန်းစော

မြင်းခြံထောင်
၂၉။ ကိုထွန်းမြင့်အောင်
၃၀။ ကိုဘိုဘို
၁၂၃။ ရဲကျော်စွာ
၁၂၄။ ဆက်အောင်နိုင်
၁၂၅။ သိန်းထွန်း
၁၂၆။ ဦးမောင်ဇော် (ဘုန်းတော်ကြီး)
၁၂၇။ အောင်စွမ်
၁၂၈။ ဦးမော့
၁၂၉။ တင်ရွှေ
၁၃၀။ ဦးဝင်းအေး (ဘုန်းတော်ကြီး)
၁၃၁။ ဦးခင်စန်းမောင် (ဘုန်းတော်ကြီး)
၁၃၂။ ဦးအောင်ချမ်းငြိမ်း (ဘုန်းတော်ကြီး)
၁၃၃။ ရွှေဝင်း
၁၃၄။ ဦးသိန်းဌေးအောင် (ဘုန်းတော်ကြီး)
၁၃၅။ ဦးတင်ဌေးအောင် (ဘုန်းတော်ကြီး)
၁၃၆။ ဇော်မင်း
၁၃၇။ ကျော်မင်း
၁၃၈။ နေလင်း
၁၃၉။ သန်းဦး
၁၄၀။ ဦးမြင့်ကြည် (ဘုန်းတော်ကြီး)
၁၄၁။ ဦးဇော်ဇော် (ဘုန်းတော်ကြီး)
၁၄၂။ ဦးသန်းလွင် (ဘုန်းတော်ကြီး)
၁၄၃။ ဦးဇော်မင်းထွန်း (ဘုန်းတော်ကြီး)
၁၄၄။ ဦးဥတ္တမ (ဘုန်းတော်ကြီး)
၁၄၅။ နေတင်မြင့် (သုံးရောင်ခြယ်)
၁၄၆။ ဦးနေလင်းနိုင် (ဘုန်းတော်ကြီး)
၁၄၇။ ဦးဖိုးသိန်း (ဘုန်းတော်ကြီး)
၁၄၈။ ဦးတင်စိုး (ဘုန်းတော်ကြီး)
၁၄၉။ ဦးသိန်းဌေး (ဘုန်းတော်ကြီး)
၁၅၀။ ဦးဝင်းမြင့် (ဘုန်းတော်ကြီး)
၁၅၁။ ဦးဇော်ဇော် (ဘုန်းတော်ကြီး)
၁၅၂။ ဦးတင်ဌေးအောင် (ဘုန်းတော်ကြီး)
၁၅၃။ ဦးအောင်ကိုဝင်း (ဘုန်းတော်ကြီး)
၁၅၄။ ဦးဇော်မင်းထွန်း (ဘုန်းတော်ကြီး)
၁၅၅။ ဦးညွန့်အောင် (ဘုန်းတော်ကြီး)
၁၅၆။ ဦးသောကြာ (ဘုန်းတော်ကြီး)
၁၅၇။ ဦးစိုးပိုင် (ဘုန်းတော်ကြီး)
၁၅၈။ ဦးအေးကောင်း
၁၅၉။ ဇော်မျိုးဝင်း
၁၆၀။ ဦးဇာနည်ထွန်း (ဘုန်းတော်ကြီး)
၁၆၁။ မျိုးထွန်းအောင်
၁၆၂။ ဦးဝင်းမြင့် (ဘုန်းတော်ကြီး)
၁၆၃။ မောင်ဇော်
၁၆၄။ ဇော်သန်းထိုက်
၁၆၅။ ခိုင်ကျော်လတ်
၁၆၆။ ရဲနိုင်ဝင်း
၁၆၇။ ဦးဇော်ထူး (ဘုန်းတော်ကြီး)
၁၆၈။ ဦးသိန်းဌေး (ဘုန်းတော်ကြီး)
၁၆၉။ ဦးထွန်းထွန်းနိုင် (ဘုန်းတော်ကြီး)

# ဒီမိုကရေစီရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီးမှုပိုမိုများပြားလာ ယခုလအတွင်း ဖမ်းဆီးထိမ်းသိမ်းခံရသူ (၁၂) ဦးရှိ

နအဖအစိုးရသည် နိုင်ငံရေးအကျဉ်းသား (၃၀၀) ကျော်ကို ဇူလိုင်လ (၆)ရက်နေ့က လွှတ်ပေးခဲ့သော်လည်း တဖက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ ဒီမိုကရေစီလှုပ်ရှားသူများကို ဖမ်းဆီးနှိပ်ကွပ်မှု၊ ကန့်သတ်မှုများ ပို၍များလာခဲ့ဟု ပြည်တွင်းသတင်းများအရ သိရသည်။

ဇူလိုင်လ (၄) ရက်နေ့တွင် ပဲခူးတိုင်း၊ ပဲခူးမြို့ရှိ အဲန်အယ်လ်ဒီအဖွဲ့ဝင် ဦးလှမြင့်သန်း အပါအဝင် (၅) ဦးအား ဂိုလ်တုလက်ကိုင်ဖုန်း တရားမဝင်ကိုင်ဆောင်မှုနှင့် ဖမ်းဆီးစစ်ဆေးပြီး ရန်ကုန်၊ မရန်းကုန်း အောင်သပြေရဲစခန်း၌ ချုပ်နှောင်ထားသည်။

ဇူလိုင်လ (၅) ရက်နေ့တွင် အဲန်အယ်လ်ဒီဗဟို အမျိုးသမီးအဖွဲ့ဝင်ဟောင်း နော်အုန်းလှကို စမ်းချောင်းမြို့နယ်မှူးနှင့် ရဲများက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ယခုအခါ မှော်ဘီမြို့တွင် ခရီးမထွက်ဘဲ (၁) နှစ်နေရန် ခံဝန်ချုပ်ဖြင့် ထိမ်းသိမ်းထားသည်။

ဇူလိုင်လ (၆) ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်၏ မိုးကုတ်စည်းရုံးရေးခရီးစဉ် ဗီဒီယိုခွေ၊ (Who kill Aung San) ဗီဒီယိုခွေနှင့် ကြေမုံဦးသောင်း၏ ဗိုလ်နေဝင်း ခြေရှုပ်ခဲ့သမျှစာအုပ်တို့ကို လက်ဝယ်ထားရှိမှု ကြည့်ရှုမှုတို့ဖြင့် စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ် အဲန်အယ်လ်ဒီဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်နှင့် ဦးခင်မောင်ဝင်းအား ပုံနှိပ်အက်၊ ဗီဒီယိုအက်တို့ဖြင့် ထောင်ဒဏ် (၁၀) နှစ်၊ ဦးစိုးဝင်းအောင်အား (၃)နှစ် ချခံစေရန် ရွှေဘိုခရိုင်တရားရုံးမှ အမိန့်ချမှတ်ခဲ့သည်။

ဇူလိုင်လ (၁၂) ရက်နေ့တွင်လည်း အဲန်အယ်လ်ဒီဗဟို၏ ညွှန်ကြားချက်များကို ရှင်းလင်းရန် မြို့နယ်အဖွဲ့ဝင်များနှင့်အတူ စည်းဝေးပွဲပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်း၊ သံလျင်မြို့နယ်မှ အဲန်အယ်လ်ဒီဒုဥက္ကဋ္ဌ ဦးချစ်ဆွေအား မယကဥက္ကဋ္ဌမှ ခေါ်ယူထိန်းသိမ်းခဲ့သည်။ အသက် (၆၆) နှစ် ရှိပြီးဖြစ်သော ကာတွန်းချစ်ဆွေအားလည်း ဥပဒေကျူးလွန်လေ့ရှိသော ခိုးဆိုးလုယက်သူများအား ရည်ရွယ်ပြီးထုတ်ထားသော ခြေချုပ်နှင့် ခံဝန် ဥပဒေ ၅(၁) (ခ) (ဆ)ဖြင့် စွဲဆိုထားကြောင်းသိရသည်။

ဇူလိုင် (၈) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ နိုင်စိန်အေးအား သံဖြူဇရပ် ဝဲကလီရွာအခြေစိုက် အမှတ် (၄) လေ့ကျင့်ရေးတပ်ရင်းမှူး ဗိုလ်မှူးကြီးခင်မောင်ကြီးက ၎င်း၏ရုံးသို့ ခေါ်ယူဆွေးနွေးပြီးနောက် ဖမ်းဆီးထိမ်းသိမ်းခဲ့ကြောင်း မွန်သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။ ယခင်က အာဏာပိုင်များက မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ ဖျက်သိမ်းပေးရန် အာဏာပိုင်များ၏ တောင်းဆိုချက်ကို နိုင်စိန်အေးမှ မလိုက်လျောခဲ့၍ ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်နိုင်ကြောင်း မွန်တိုင်းရင်သားများက ယုံကြည်သည်။

ဇူလိုင် (၂၁) ရက်နေ့တွင် တောင်ကြီးမြို့ရှိ အသက် (၈၈) နှစ်အရွယ် အဒေါ်ဖြစ်သူ ဒေါ်ခင်မမကြီး၏ ကျန်းမာရေးအခြေအနေဆိုးဝါး၍ လူနာမေးရန်သွားသော မန္တလေးတိုင်း (စည်း) အဖွဲ့ချုပ် အဖွဲ့ဝင် ဒေါ်ဝင်းမြမြနှင့် မောင်နှမ (၄) ဦးအား အာဏာပိုင်များက သွားခွင့်မပေးပဲ တားဆီးခဲ့သည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ နယ်စပ်အခြေစိုက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဒုဥက္ကဋ္ဌ ဦးတင်အောင်နှင့် တွေ့ဆုံ၍ သူ၏အမြင်ကို မေးမြန်းခဲ့ရာ “စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးမတည်ဘဲ ကြောက်ရွံ့စိတ်နဲ့ မီးစ တဖက်ရေမှုတ်တဖက် ပေါ်လစီကို ဒီလိုသာကျင့်သုံးနေရင် နအဖဟာ ပြည်သူရဲ့ ပြင်းပြင်းထန်ထန်ဒဏ်ခတ်တာကို တနေ့မှာ မလွဲမသွေခံရမှာ ဖြစ်တယ်”ဟု မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

❖

## စာမျက်နှာ (၅) ဂါမဏိဆောင်းပါးမှ ...

သွားလို့ရတာ (ဒါမှမဟုတ်) ကျောပိုးအိတ်ထဲ ထည့်သယ်တာမျိုးလုပ်နိုင်လို့ စိတ်ခေတ်ပြင်းထန်တဲ့ မူဆလင်အစွန်းရောက်တွေနဲ့ အမျိုးသားရေးဝါဒီတွေကြားမှာ ခေတ်စားလာတာဖြစ်တယ်။ ပိုပြီး ပမာဏကြီးကြီးခွဲချင်ရင်တော့ ကားပေါ် ဗုံးများများတင်သွားပြီး မောင်းသူပါပါ တစီးလုံးဖောက်ခွဲပစ်တာ လုပ်ကြတယ်။ (၉/၁၁) မှာဆိုရင် ဘာဗုံးမှတောင်မပါဘဲ လေယာဉ်ဆီတွေ လောင်ကျွမ်းပေါက်ကွဲစေတဲ့နည်းနဲ့ ချတာဖြစ်တယ်။ (WMD) လို့ခေါ်တဲ့ အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေတဲ့ လက်နက်တွေကလွဲရင် အသေခံတိုက်ခိုက်မှုဟာ အထိရောက်ဆုံး တိုက်ခိုက်နည်းဖြစ်တယ်လို့ အကြမ်းဖက်ဝါဒသုတေသီ ဘရစ်ဟော့ဖ်မင်းက သုံးသပ်တယ်။ ဒီလိုတိုက်ခိုက်မှုမျိုးကို ရာနှုန်းပြည့် ကာကွယ်တားဆီးနိုင်ဖို့ မဖြစ်နိုင်လောက်အောင်ပဲလို့ သူက ဆိုတယ်။ အမေရိကန်ရဲ့ တတိယလှိုင်းစစ်နည်းပညာတခုဖြစ်တဲ့ အထူးတိကျ ထိမှန်လက်နက်တွေထက် လူကိုယ်တိုင်သွားလာမောင်းနှင်ပြီး ပစ်မှတ်ကိုတိတိကျကျတိုက်တဲ့ အသေခံတိုက်ခိုက်နည်းက ထိထိရောက်ရောက်တုန့်ပြန်နိုင်တယ်လို့ အီရတ်ရောက် အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူ လေတပ်ဗိုလ်မှူးချုပ် ဒေါ်နယ်အယ်လ်စတန်က ညည်းရှာတယ်။

“ကိုယ့်အသက်ကိုစွန့်ဖို့ ပိုင်းဖြတ်ချက်ရှိထားပြီးရင် ဗုံးအပြည့်တင်ထားတဲ့ ကားတစီးကို လူအုပ်ထဲမောင်းသွင်းရတာ ဘာမှမခက်တော့ဘူး”လို့ အယ်လ်စတန်ကောက်ချက်ချတာ မမှားပါ။

❖

ရည်ညွှန်း။ ၂၀၀၅၊ ဇူလိုင် ၁၇ ထုတ် ဝါရှင်တန်ပို့စ် သတင်းစာမှ Dan Eggen နှင့် Scott Wilson တို့၏ ဆောင်းပါး။

# ဘာကြောင့် အီရတ်ဟာ ကျနော်တို့ရဲ့လုံခြုံမှုကို လျော့နည်းစေနိုင်တာလဲ ...

ဇော်ဝိုး

● ဗြိတိန်ကတော့ (၁၉၉၀) ခုနှစ်လွန်နှစ်များကတည်းက အယ်လ်ကိုင်ဒါရဲ့ ပစ်မှတ်စာရင်းမှာပါနေတာပါ။ ဒီနိုင်ငံမှာ အကြမ်းဖက်မှုတွေလုပ်ဖို့ဆိုတာက သေချာတဲ့ကိစ္စပါ။ ဒါပေမယ့် အခုတော့၊ အီရတ်ကို ကျူးကျော်ဝင်ရောက်တဲ့ကိစ္စကြောင့် အမေရိကန်လိုပဲ ဗြိတိန်ဟာ အစွန်းရောက်မွတ်စလင်များနဲ့ ကြာရှည်လေးမြင့်စွာ သွေးထွက်သံယိုဖြစ်မယ့် ပဋိပက္ခတရပ်ကို ရင်ဆိုင်နေရပါပြီ။ ●



အီတလီနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး ဆာအိုက်ဗာရေဘတ်က ပြီးခဲ့တဲ့နှစ်စက်တင်ဘာလအတွင်းမှာ ''အယ်လ်ကိုင်ဒါအတွက် အကောင်းဆုံး စစ်သားစုဆောင်းရေးဆာဂျင်ကြီးကတော့၊ အမေရိကန် သမတ ဂျော့ဒဗလျူဘုရှ်ကလွဲလို့ ဘယ်သူမှ မဖြစ်နိုင်ပါဘူး''လို့ ထုတ်ဖော်ပြောကြားခဲ့တယ်။ ဒ့ါအပြင် သူက ''ဘုရှ် ပြန်လည်ရွေးကောက်ခံရတဲ့အတွက် အောင်ပွဲခံအခမ်း အနားများကျင်းပမယ့် တစုံတယောက်ရှိခဲ့မယ်ဆိုရင် အဲဒါဟာ အယ်လ်ကိုင်ဒါပဲဖြစ်မယ်လို့ ဆိုပြန်တယ်။ မှတ်တမ်းတင်မထားတဲ့ ကွန်ဖရင့်တခုမှာပြောကြားခဲ့တဲ့ သည်မှတ်ချက်ချပြောဆိုမှုများဟာ အီတလီသတင်းစာများကို ပေါက်ကြားသွားခဲ့ပြီး သည်လို ပွင့်ပွင့်လင်းလင်းပြောဆိုတဲ့ ပြစ်မှုကိုကျူးလွန်တဲ့အတွက် နိုင်ငံခြားရေးရုံးက သူ့အထက်အရာရှိများရဲ့ ပြင်းပြင်းထန်ထန်ကိုယ်ပိုင်မှုကို ရင်ဆိုင်ရတာမို့ ဆာအိုက်ဗာဟာ သူရဲ့ ဝေဖန်ပြောဆိုမှုကို တာဝန်မယူတော့ပဲ နောက်ဆုတ်သွားခဲ့ပါတယ်။ ဒါပေမယ့် ယခုလို လန်ဒန်မြေအောက်ရထားတွေမှာ ဗုံးခွဲခံရပြီးတဲ့ အချိန်မှာ သူရဲ့စကားရပ်တွေဟာ လေထုထဲမှာ ထပ်ပြီး လွင့်ပျံလို့ လာပြန်ပါတယ်။

တကယ်တန်းကတော့ တစုံတယောက်ကို လက်ညှိုးထိုးစွပ်စွဲပြောဆိုမှုဟာ မကောင်းတဲ့ အပြုအမူတရပ်ဖြစ်ပါတယ်။ ဒါပေမယ့် လန်ဒန်က လူသတ်မှုများအပေါ် တာဝန်ရှိသူများအတွက်ကတော့ သီးခြားကိစ္စတရပ်ပါ။ သူတို့ဟာ သွေးထွက်သံယိုဖြစ်အောင်လုပ်ခဲ့ကြတယ်။ ဒ့ါအတွက် သူတို့တာဝန်ယူကြရမှာဖြစ်ပါတယ်။ ဒါပေမယ့် (၁၉၉၃) ခုနှစ် ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံ ပထမဦးဆုံးအကြိမ် ဗုံးခွဲခံခဲ့ရစဉ်ကတည်းက စတင်ခဲ့တဲ့ခြေရာ လက်ရာအစအနများဟာ ဆက်လက်ပြီးရှည်ကြာနေတာမို့ ဘာကြောင့် တိုက်ခိုက်မှုတွေ ဆက်တိုက်လာနေရသလဲဆိုတာ မေးခွန်းထုတ်စရာ ဖြစ်လာခဲ့ပါတယ်။ သော့ချက်ကျတဲ့အကြောင်းအရာတခုကတော့ (၉/၁၁) ကိစ္စကိုဖြစ်ပေါ်စေပြီး အမေရိကန်ရဲ့ ကြီးကျယ်ထင်ရှားမှုတွေကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရဲတယ်ဆိုတဲ့ ဘင်လာဒင်ရဲ့ အောင်မြင်ဖြစ်ထွန်းမှုဟာ အခြားသူများကို သူရဲ့ ခေါင်းဆောင်မှုနောက်ကို လိုက်ပါလာအောင် လှုံ့ဆော်စေခဲ့တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ အခြားတချက်ကတော့ အီရတ်ကိုကျူးကျော်တိုက်ခိုက်ပြီး သိမ်းပိုက်ထားတဲ့အချက်ပါ။ သည်အချက်က မွတ်စလင်အများအပြားကို ဘင်လာဒင်ရဲ့အမြင်ဟာ မှန်ကန်တယ်လို့ ယုံကြည်လာစေခဲ့ပါတယ်။

အခြားအယူဝါဒရေးဆိုင်ရာ လှုပ်ရှားမှုများနည်းတူ အစွန်းရောက် မွတ်စလင်များနှင့် အနောက်နိုင်ငံများကြား ပဋိပက္ခဟာ ယှဉ်ပြိုင်နေရတဲ့ဇာတ်လမ်းများပဲ ဖြစ်ပါတယ်။ ပွဲကြည့်ပရိသတ်ကတော့ ကမ္ဘာလုံးဆိုင်ရာ မွတ်စလင် လူ့အဖွဲ့အစည်းပဲ ဖြစ်ပါတယ်။ အမေရိကားကတော့ သူရဲ့ အနောက်တိုင်း လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးကို ပုံဖော်နိုင်ဖို့ လုပ်ဆောင်စေတဲ့ နူးညံ့ပျော့ပြောင်းပြီး သည်းညည်းခံနိုင်တဲ့ အင်အားစုတရပ်အဖြစ် သူ့ကိုယ်သူ ပုံဖော်နေပါတယ်။ အစွန်းရောက် အစ္စလာမ်များက၊ ယနေ့စကြဝဠာကြီးဟာ ဘုရားသခင်ကို ယုံကြည်ကိုးကွယ်သူများနဲ့၊ လောကီသီးသန့်ဝါဒ၊ ဇီယွန်ဝါဒ၊ အရင်းရှင်ဝါဒနှင့် ဂလိုဗယ်လိုက်ဇေးရှင်းမျက်နှာဖုံးများစွပ်ပြီး အစ္စလာမ်နယ်ပယ်ကို ထိုးဖောက်လာကြသူ ကျူးကျော်ရေးသမား မိစ္ဆာဝါဒီကြား ဖြစ်ပွားနေတဲ့စစ်ပွဲရဲ့ လွှမ်းမိုးချယ်လှယ်မှုကို ခံနေရတယ်လို့ ထုတ်ဖော်ကြေငြာထားပါတယ်။ ဒ့ါအပြင် ဒီမိစ္ဆာဒိဋ္ဌိတွေဟာ မွတ်စလင်နယ် မြေများကိုသိမ်းယူဖို့ မွတ်စလင်တွေရဲ့ စည်းစိမ်ဥစ္စာတွေကို မတရားလုယူဖို့နဲ့ အစ္စလာမ်ဘာသာကို ဖျက်ဆီးပစ်ဖို့ ဆုံးဖြတ်ချက်ချထားကြောင်း သူတို့က ယူဆနေကြပါတယ်။

အီရတ်ကို ကျူးကျော်ခြင်းဟာ အစ္စလာမ်ဘာသာရေးစစ်ပွဲဆင်နွှဲဖို့ တောင်းဆိုနေမှုများအပေါ် အကောင်းဆုံးနဲ့ အဖြစ်နိုင်ဆုံး အတည်ပြုချက်ပေးရာရောက်ပြီး၊ ဥရောပမှာရှိနေကြတဲ့ ဥရောပသား မဟုတ်တဲ့မွတ်စလင်အများအပြားကို အစ္စလာမ်အရေးကိစ္စဟာ သူတို့ရဲ့ ကိုယ်ပိုင်ကိစ္စတွေဖြစ်တယ်လို့ လှုံ့ဆော်ပေးရာရောက်ပါတယ်။

အီရတ်ကိုသိမ်းပိုက်ခြင်းအားဖြင့် အနောက်နိုင်ငံများဟာ သူတို့ရဲ့ လုံခြုံရေးစွမ်းပကားတိုးမြှင့်တင်ရာရောက်တယ်ဆိုတဲ့ အယူအဆဟာ လုံးလုံးလျားလျားကို မရေမရာဖြစ်နေခဲ့တာပါ။ အီရတ်က ညွှန့်ပေါင်းတပ်ဖွဲ့ဟာ နေ့တိုင်းပဲ အစ္စလာမ်ဘာသာရေးစစ်ပွဲ ဆင်နွှဲတာကိုခံနေကြရပြီး ဒါဟာ ဆက်ဒမ်ဟူစိန်က သင်တန်းပေးထားတဲ့ အကြမ်းဖက်ဝါဒီ ကေဒါတွေက ဆင်နွှဲနေတာမဟုတ်ပါ။ ဘဂ္ဂဒက်နဲ့ အယ်ကိုင်ဒါအကြားမှာ ဆက်ဆံရေးမရှိခဲ့ဘူးဆိုတာ ကျနော်တို့ သိထားပြီးကြပါပြီ။ အမေရိကန်ကျူးကျော်မှုက သည်ပစ်မှတ်တွေကို လူသတ်သမားတွေရဲ့အနီးအနားကို သယ်ယူလာခဲ့ကြတာပါ။

ပြီးခဲ့တဲ့နှစ်က မက်ဒရစ်မြို့ပတ်ရထားလမ်းပေါ်မှာ ဗုံးဖောက်ခွဲသူများဟာ အီရတ်နဲ့ပတ်သက်တဲ့ စိတ္တဇအစွဲအလန်းရှိနေကြသူများဖြစ်ပါတယ်။ သူတို့ဟာ (၂၀၀၃) ခုနှစ်နိုဝင်ဘာလအတွင်း ဘဂ္ဂဒက်မြို့ပြင်မှာ အသတ်ခံခဲ့ရတဲ့ စပိန်ထောက်လှမ်းရေး (၇) ဦးတို့ရဲ့ အလောင်းဘေးမှာ အီရတ်များပျော်ရွှင်နေကြတဲ့ပုံကို ရိုက်ပြတဲ့ဗီဒီယိုခွေကို ကြိုက်နှစ်သက်ကြသူတွေပါ။ အမေရိကကို ထောက်ခံမှုအတွက် စပိန်ကိုပြစ်ဒဏ်ခတ်ရမယ်လို့ ပြောကြသူများဖြစ်ပါတယ်။ ပုန်ကန်ထကြွမှုမှာ ပါဝင်စေဖို့အတွက် အခြားသူများကို သူတို့က စုဆောင်းသိမ်းသွင်းကြတယ်။ အီရတ်မှာ ဆင်နွှဲနေတဲ့ မတရားတဲ့စစ်ပွဲမှာ ပါဝင်နေကြတဲ့ နိုင်ငံအားလုံးအထူးသဖြင့် ဗြိတိန်၊ စပိန်၊ ဩစတေးလျ၊ ပိုလန်၊ ဂျပန်နဲ့ အီတလီတို့ကို ဘင်လာဒင်က ခြိမ်းခြောက်တဲ့ဗီဒီယိုခွေကိုကြည့်ပြီး နောက်တနေ့မှာပဲ သူတို့ရဲ့အကြံအစည်တွေအတွက် အလုပ်စလုပ်နေကြပါပြီ။ ဒါဟာ အယ်လ်ကိုင်ဒါရဲ့ ပစ်မှတ်စာရင်းမှာ စပိန်ကို ထည့်သွင်းဖော်ပြခံရတာ ပထမအကြိမ်ဖြစ်ပါတယ်။

မက်ဒရစ်ကအုပ်စုလိုပဲ လန်ဒန်က ဗုံးဖောက်ခွဲသူများဟာ ကိုယ်ဟာကိုယ် အစပျိုးလုပ်ဆောင်တဲ့အဖွဲ့လေးသာဖြစ်ပြီး ဘင်လာဒင်နဲ့ အဆက်အဆံမရှိပါ။ ဒီလူသတ်သမားတွေဟာ ဘင်လာဒင်ရဲ့ အရိုက်အရာကိုဆက်ခံသူအဖြစ် ပေါ်ထွက်လာတဲ့ အီရတ် (Mousabal–Zarqaw) တည်ဆောက်ထားတဲ့ ကွန်ယက်တခုကလို့လည်း တချို့ကဆိုပါတယ်။

ဒါမှမဟုတ်ရင်လည်း ဒီဗုံးဖောက်ခွဲမှုကို အီရတ်ကပြန်လာကြသူများက စီစဉ်လုပ်ဆောင်ခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီနဲ့ အာရပ်နိုင်ငံများက၊ ထောင်ပေါင်းများစွာသော မွတ်စလင်တွေဟာ၊ ဘာသာရေးစစ်ပွဲကို ဆင်နွှဲဖို့အတွက် အီရတ်ကိုသွားရောက်ခဲ့ကြပါတယ်။ လက်တဆုပ်စာလူတစုလောက်သာ ဥရောပကိုပြန်ရောက်လာကြတယ်လို့ သိကြရတာပါ။ အနောက်နိုင်ငံ ထောက်လှမ်းရေးအဖွဲ့အစည်းများကတော့၊ ကမ္ဘာလုံးဆိုင်ရာ ဘာသာရေးတိုက်ပွဲဝင် ပထမမျိုးဆက်သစ် အကြမ်းဖက်သမားများဖြစ်တဲ့ (၁၉၈၀) ခုနှစ်နဲ့ (၁၉၉၀) ခုနှစ်များက အာဖဂန်နစ္စတန်ကပြန်လာတဲ့ မွတ်စလင်များထက်ပိုပြီး သူတို့က အန္တရာယ်ပြုနိုင်တယ်လို့ စိုးရိမ်နေကြပါတယ်။ ဒီစိုးရိမ်မှုက ကျိုးကြောင်းဆီလျော်ပါတယ်။ စီအိုင်အေက လေ့လာဆန်းစစ်ချက်များအရ အီရတ်မှာတိုက်ပွဲဝင်နေသူများဟာ အာဖဂန်နစ္စတန်က အယ်လ်ကိုင်ဒါစခန်းများမှထက်ပိုပြီး လုပ်ငန်းခွင်လက်တွေ့သင်တန်းများမှာ ပိုပြီးကောင်းတယ်လို့ဆိုပါတယ်။

ဗြိတိန်ကတော့ (၁၉၉၀) ခု နှစ်လွန်နှစ်များကတည်းက အယ်လ်ကိုင်ဒါရဲ့ ပစ်မှတ်စာရင်းမှာ ပါနေတာပါ။ ဒီနိုင်ငံမှာ အကြမ်းဖက်မှုတွေလုပ်ဖို့ဆိုတာက သေချာတဲ့ကိစ္စပါ။ ဒါပေမယ့် အခုတော့၊ အီရတ်ကို ကျူးကျော်ဝင်ရောက်တဲ့ကိစ္စကြောင့် အမေရိကန်လိုပဲ ဗြိတိန်ဟာ အစွန်းရောက်မွတ်စလင်များနဲ့ ကြာရှည်လေးမြင့်စွာ သွေးထွက်သံယိုဖြစ်မဲ့ ပဋိပက္ခတရပ်ကို ရင်ဆိုင်နေရပါပြီ။

ဇော်ဝိုး (၂၁-၇-၀၅)

July 18.2005 ထုတ် Time မဂ္ဂဇင်းမှ Daniel Benjamin ၏ Why Iraq has made us less safe ဆောင်းပါးမှ ကောက်နုတ်ပြန်ဆိုသည်။

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝိုး

**တာဝန်ခံအယ်ဒီတာ**
နေသွင်

**သတင်းအယ်ဒီတာ**
**စောမင်းထိုက်ကျော်၊ ကျော်ဦးကျော်**

စာမျက်နှာဖွဲ့စည်းမှု
စောဒီထူး၊ အောင်ထက်

မိုးကြိုး သတင်းစဉ် သို့
စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

ပြည်တွင်းလှုပ်ရှားမှု
ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအံတုမှု
ကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

# နိုင်ငံရေးအကျဉ်းသား (၃၀၀) ကျော် နအဖအကျဉ်းစခန်းများမှ ပြန်လည်လွှတ်မြောက်

ဇူလိုင် (၆) ရက်နေ့က မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးမှ နိုင်ငံရေးအကျဉ်းသား (၃၀၀) ကျော် နအဖမှ ပြန်လည်လွှတ်ပေးလိုက်ပြီး လွတ်မြောက်လာသူအများစုမှာ ကျောင်းသားခေါင်းဆောင်များနှင့် ဘုန်းတော်ကြီးများဖြစ်ကြောင်းသိရသည်။

"ပြီးခဲ့တဲ့သီတင်းပတ်က အင်းစိန်ထောင်အပါအဝင် နိုင်ငံတဝှမ်းရှိအကျဉ်းထောင်များမှ နိုင်ငံရေးအကျဉ်းသား (၄၀၀) ခန့်ကို လွှတ်ပေးခဲ့ပါတယ်"ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးဝင်းခေါင်က ပြောကြားခဲ့ကြောင်း ဇူလိုင် (၁၁) ရက်မြန်မာတိုင်းဂျာနယ် (အင်တာနက်) တွင် ဖော်ပြထားသည်။

ပြန်လည်လွတ်မြောက်သူများအနက် လွှတ်တော်အမတ်များဖြစ်သော ဦးစိန်လှဦး (အင်းစိန်)၊ ဦးစိုးမြင့် (မင်းဘူး)၊ ကိုကိုကျွန်းပြန် ဦးသိန်းထွန်း၊ ဦးစောနေဒွန်း၊ ကဗျာဆရာမောင်အောင်ပွင့်၊ (၆၂) ကျောင်းသားခေါင်းဆောင် ကိုလှရွှေ၊ (၈၈) ကျောင်းသားခေါင်းဆောင် ကိုဂျင်မီ၊ ကိုဖြိုးမင်းသိန်း၊ (၈၁) ကျောင်းသားခေါင်းဆောင်ကို ဘိုဘိုဟန်၊ (၈၈) ကျောင်းသားခေါင်းဆောင် ရဲကျော်စွာ၊ ကိုထွန်းမြင့်အောင်၊ ရန်ကုန်မြို့တော်ခန်းမရှေ့တွင်ဆန္ဒပြခဲ့သော သီလရှင်နှစ်ပါးဖြစ်သည့် ဒေါ်တေဇဝတီ၊ ဒေါ်မာလာရီ၊ သားအမိနှစ်ဦးစလုံး တပြိုင်နက်ဖမ်းဆီးခြင်းခံခဲ့ရသော ဒေါ်အေးမြင့်သန်းနှင့် သမီးနှင်းမေအောင်၊ အခြားနိုင်ငံရေးအကျဉ်းသူများဖြစ်သော မမာမာဦး၊ မနီလာသိန်း၊ မတင်တင်ညိုနှင့် ကရင်အမျိုးသားအစည်းအရုံးအဖွဲ့ဝင်များပါဝင်ကြောင်းသိရသည်။

ကုလသမဂ္ဂအတွင်းရေးမှူး ကိုဖီအာနန်မှ ယခုကဲ့သို့ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းကိုကြိုဆိုလိုက်ပြီး ကျန်ရှိသော နိုင်ငံရေး ခေါင်းဆောင်များကိုလည်း ပြန်လည် လွှတ်ပေးရန်၊ အဲန်အယ်လ်ဒီရုံးများပြန်ဖွင့်ခွင့်ပြုရန် တောင်းဆိုလိုက်သည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် မစ္စတာမက်ကောမက် (Mc Cormack) က ဗမာစစ်အစိုးရသည် နိုင်ငံရေးအကျဉ်းသားအရေးအတွက် အနည်းငယ်ကို ရံဖန်ရံခါလွှတ်ပေးသော်လည်း အများစုမှာ လွတ်ရက်စေ့နေသူများဖြစ်ပြီး ဒီမိုကရေစီရေးထောက်ခံအားပေးသူများကို ဖမ်းဆီးမှုများမှာလည်း လျော့နည်းသွားခြင်းမရှိကြောင်းပြောဆိုသည်။

နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) ၏ ထုတ်ပြန်ချက်တွင် ယခုကဲ့သို့ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ခြင်းသည် လောလောဆယ်ရင်ဆိုင်နေရသည့် နိုင်ငံတကာဖိအားနှင့် ရှေ့မတိုးနောက်မဆုတ်သာဖြစ်နေသည့် နိုင်ငံရေးအကျပ်အတည်းကို လျော့နည်းသွားစေရန်အတွက် စစ်အစိုးရ၏ နည်းဗျူဟာတစ်ခုသာဖြစ်ကြောင်း၊ နိုင်ငံရေးအကျဉ်းသားများသည် ဓားစာခံ (ပြန်ပေး) အဖြစ် အမြဲအသုံးချခံနေရကြောင်း ထုတ်ပြန်ကြေညာသည်။

လေ့လာအကဲခတ်သူများက ဗမာစစ်အစိုးရသည် (၂၀၀၆) အာဆီယံ ဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းယူခွင့်ရရန်နှင့် ၎င်း၏ဝေဖန်ပြစ်တင်ခံနေရသော လူ့အခွင့်အရေးမှတ်တမ်းကို တုံ့ပြန်ချေဖျက်ရန် ကြိုးပမ်းချက်တရပ်အဖြစ် နိုင်ငံရေးအကျဉ်းသားများကို အလွှတ်ပြခြင်းဖြစ်သည်ဟု သုံးသပ်ကြသည်။

စစ်အစိုးရသည် ယမန်နှစ်က အကျဉ်းသား (၁၉၉၀၆) ဦးကို ပြန်လွှတ်ပေးခဲ့ရာတွင် နိုင်ငံရေးအကျဉ်းသား (၄၀) ဦးသာပါဝင်ခဲ့သည်ဟု ဆို၏။ ယခုတကြိမ် လွှတ်မပေးခင်က စစ်အစိုးရအကျဉ်းစခန်းအသီးသီးတွင် နိုင်ငံရေးအကျဉ်းသားစုစုပေါင်း (၁၃၈၀) ဦး ရှိနေသဖြင့် နိုင်ငံရေးအကျဉ်းသား (၁၀၀၀) နီးပါးခန့် ဆက်လက်ထိမ်းသိမ်းခံနေရဆဲဖြစ်သည်။ အကျဉ်းသားအားလုံး ခြွင်းချက်မရှိလွတ်မြောက်ရေးနှင့် အဲန်အယ်လ်ဒီရုံးများပြန်ဖွင့်ရရေးကို တွေ့ဆုံဆွေးနွေးအဖြေရှာရေး၏ ပထမခြေလှမ်းအဖြစ် အဲန်အယ်လ်ဒီက ပြီးခဲ့သည့် လွတ်လပ်ရေးနေ့ကြေညာစာတမ်း၌ ဖော်ပြတောင်းဆိုခဲ့သည်။

❖



ဦးစောနေဒွန်း



မောင်အောင်ပွင့် (ကဗျာဆရာ)



ဦးစိန်လှဦး



ဦးစိုးမြင့်



ဦးနန္ဒိယ



ဦးနန္ဒသိရိ



ဒေါ်မာလာရီ



ဒေါ်တေဇဝတီ



ကိုရဲကျော်စွာ



ကိုကျော်မင်းယု (ခ) ဂျင်မီ



ဒေါ်အေးမြင့်သန်း



မနီလာသိန်း

## လွတ်မြောက် နိုင်ငံရေးအကျဉ်းသားစာရင်း

ဒီဗွီဘီ၊ ၇ ဇူလိုင်၊ ၂၀၀၅။

အင်းစိန်၊ သာယာဝတီ၊ သရက်၊ မော်လမြိုင်၊ မြစ်ကြီးနား၊ ရွှေဘို၊ တောင်ငူ၊ မြင်းခြံ၊ ကလေး၊ မြောင်းမြ၊ စစ်တွေ စတဲ့ထောင် တွေကနေ နိုင်ငံရေးအကျဉ်းသား (၂၀၀) ကျော်ကို နအဖက ဒီကနေ့ ပြန်လွှတ်ပေးလိုက်တဲ့ထဲက ဒီဗွီဘီက အတည်ပြုရယူနိုင်ခဲ့တဲ့စာရင်းများက အောက်ပါအတိုင်းဖြစ်ပါတယ်။

ကလေးထောင်
၁။ ကိုနေဦး
၂။ ကျော်ဇော
၃။ ပန်နေထွန်း
၄။ ဆရာတော် စန္ဒာသီရိ

မန္တလေးထောင် ( စုစုပေါင်း ၂၄ ဦး)
၅။ ကိုနေလင်းစိုး
၆။ ကိုခင်မောင်ဝင်း
၇။ ကိုရဲနိုင်

စာမျက်နှာ (၁၄) ကော်လံ (၁) သို့ ...

# နှစ် (၅၀) ကျော်ကြာ ပြည်တွင်းစစ် ပိုမိုပြင်းထန်လာ "ရှမ်းပြည်နယ်နှင့် ကရင်ပြည်တို့တွင် တိုက်ပွဲများပြန်လည်ဖြစ်ပွား"

ဇူလိုင်လ (၁၃) ရက်နေ့တွင် ရှမ်းပြည်အရှေ့ပိုင်း ကျိုင်းတုံနှင့် တာချီလိတ်အကြား မိုင်းဖြတ်ဒေသတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲတွင် နအဖဖက်မှ (၁၀) ကျော် ကျဆုံးပြီး လက်နက်ငယ် (၆) လက် သိမ်းဆည်းမိကြောင်း အက်စ်အက်စ်အေ ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) ပြောခွင့်ရပုဂ္ဂိုလ် နန်းခေးဆိုင်က ဒီဗွီဘီသို့ပြောကြားသည်။

နမ့်စန် နောက်ကျော၏ ရေိယာများနှင့် 'ပင်လုံ' လဲချား၏ မြောက်ပိုင်းရေိယာတို့တွင်လည်း ရံဖန်ရံခါ တိုက်ပွဲများဖြစ်ကြောင်း ပြောဆိုသည်။ တောင်ပိုင်းတွင်တိုက်ပွဲများ ဖြစ်ပွားနေသော်လည်း မြောက်ပိုင်းတွင်မူ အခြား ရှမ်းငြိမ်းချမ်းအဖွဲ့များကို ပြဿနာရှာမည်စိုးသောကြောင့် တိုက်ပွဲမဖြစ်အောင် တတ်နိုင်သလောက် ရှောင်ထားကြောင်း၊ ၎င်းတို့နှင့် လာရောက်ပူးပေါင်းခဲ့သည့် ဗိုလ်မှူးချုပ်စိုင်းရီတို့၏ ရှမ်းပြည်အမျိုးသားတပ်မတော်ကို နအဖဘက်က စတင်တိုက်ခိုက်လျှင် တိုက်ပွဲများ ထို့ထက်မက ပြင်းထန်လာနိုင်ကြောင်း နန်းခေးဆိုင်က ထပ်ဖြည့်ပြောကြားခဲ့သည်။

ကရင်ပြည်နယ်ဖက်တွင်လည်း ဇူလိုင် (၁၃) ရက်က ကေအဲန်ယူနှင့် နအဖကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ တပ်မဟာ (၆) နှင့် တိုက်ပွဲတွင် မိမိတို့ဖက်မှ လက်နက် (၂) လက်ဆုံးခဲ့ပြီး ကေအဲန်ယူ တပ်မဟာ(၇)နှင့် တိုက်ပွဲတွင် နအဖဖက်မှ (၃) ယောက် ကျဆုံး၍ လက်နက် (၃) လက် သိမ်းဆည်းရမိကြောင်း ကေအဲန်ယူ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာက ပြောကြားသည်။

ကေအဲန်ယူ ဥက္ကဋ္ဌမှ နအဖဥက္ကဋ္ဌထံ ဆွေးနွေးပွဲများပြန်လုပ်ရန် စာရေးသားပေးပို့ထားပြီး ကေအဲန်ယူကိုယ်စားလှယ်အဖွဲ့အား မော်လမြိုင်သို့လွှတ်ရန် ပြင်ဆင်နေချိန်တွင် ယခုကဲ့သို့ တိုက်ပွဲများဖြစ်ပွားနေသောကြောင့် ဆွေးနွေးပွဲအစီအစဉ်တိုင်း ဖြစ်မဖြစ်မေးမြန်းရာ ဖဒိုမန်းရှာက နအဖ၏အထက်မှ ညွှန်ကြားချက်များ အောက်ခြေအထိ နှံ့နှံ့စပ်စပ်မရောက်၍ အထက်ကတမျိုး အောက်ကတမျိုးဖြစ်နေခြင်းလား တမင်သက်သက် အထက်တမျိုးအောက်တမျိုး လုပ်နေခြင်းလား၊ စဉ်းစားစရာဖြစ်ကြောင်း၊ မကြာမီ ဆွေးနွေးပွဲများ ဖြစ်နိုင်မည်ဟု ယူဆကြောင်း ဒီဗွီဘီသို့ ပြောကြားသည်။

နအဖနှင့် အပြစ်အခတ်ရပ်စဲထားသော ရှမ်းပြည် လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ) နှင့် အက်စ်အက်စ်အေ (တောင်ပိုင်း) တပ်ဖွဲ့များ ၂၀၀၅ မေလမှစ၍ ယခုအချိန်ထိ တိုက်ပွဲများဖြစ်ပွားလျက်ရှိကြောင်းလည်းသိရှိရသည်။

ရလလဖအတွင်း ပြောင်းလဲမှုများ ဖြစ်ပွားပြီးချိန်မှစ၍ ယခုစစ်ဦးစီးချုပ်ဦးချစ်မောင်

စာမျက်နှာ ( ၁၁) ကော်လံ (၃) သို့ ...